# ကြေးမုံ

The Mirror Daily

Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၂ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 20 January 2021 ၁၀၂၆၃


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်ပြည်ထောင်စုသံအမတ်ကြီး သံအမတ်ခန့်အပ်လွှာ ပေးအပ်



နေပြည်တော် ဇန်နဝါရီ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်ပြည်ထောင်စုသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ သောမတ်စ် လာ့ဗ်လို ဗိုင်ဒါသည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဟန်တို့ တက်ရောက်ကြသည်။

သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်ပြည်ထောင်စု သံအမတ်ကြီး မစ္စတာ သောမတ်စ် လာ့ဗ်လို ဗိုင်ဒါ သံအမတ်ခန့်အပ်လွှာ ပေးအပ်စဉ်။

## ကြေးမုံ ယနေ့ ဖတ်စရာ


**၃၆၅ မဂ္ဂါဝပ် LNG to Power Project အတွက် ဓာတ်အားဝယ်ယူရေး စာချုပ်ချုပ်ဆိုခြင်း အခမ်းအနား ကျင်းပ**

စာမျက်နှာ » ၅

**လုပ်သားအင်အားစစ်တမ်းနှင့် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများအတွက် အတွေ့အကြုံနှင့် နည်းပညာအကူအညီပေးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေး**

စာမျက်နှာ » ၇

**ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးဆိုင်ရာ ပြင်ဆင်ဆောင်ရွက်ရာတွင် နိုင်ငံစုံဘုံအကျိုးစီးပွားဖော်ဆောင်မှု အရေးကြီးကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြောကြား**

စာမျက်နှာ » ၁၃


# ပြည်တွင်းငါးစားသုံးမှု မြှင့်တင်ရန် ရေထွက်ကုန်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးသို့ ချိတ်ဆက်ရောင်းချလျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၉

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပြည်ပငါးဝယ်လိုအားကျဆင်းနေချိန် ပြည်တွင်းငါးစားသုံးမှု မြှင့်တင်ရန် ရေထွက်ကုန်များကို ဈေးကွက်များဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးသို့ ချိတ်ဆက်ရောင်းချလျက်ရှိကြောင်း သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးအောင်က ပြောကြားသည်။

**အကျိုးအမြတ်မယူ၊ အရှုံးမပေါ်ရေးမူ**

သမဝါယမဦးစီးဌာနအနေဖြင့် ဇန်နဝါရီလဆန်းမှစ၍ ငါးလုပ်ငန်းဦးစီးဌာန၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အသင်းအဖွဲ့များနှင့် ပူးပေါင်းပြီး ရေထွက်ကုန်များကို အကျိုးအမြတ်မယူ၊ အရှုံးမပေါ်ရေးမူဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးသို့ ရောင်းချလျက်ရှိသည်။

"အခုကကတော့ ငါးမွေးမြူတဲ့ လုပ်ငန်းရှင်တွေက ငါးဖော်တဲ့အခါမှာ ပြည်ပဆိုလည်း အိမ်နီးချင်းနိုင်ငံ ထိုင်း၊ တရုတ်အပါအဝင် ၅၄ နိုင်ငံကျော်ကို ပို့တယ်၊ ကိုဗစ်ကာလဖြစ်တဲ့အတွက်ကြောင့် ပြည်ပပို့တဲ့အခါမှာလည်း ငါးလုပ်ငန်းရှင်တွေအတွက် အခက်အခဲရှိတယ်၊ အဲဒါတွေကို ကျွန်တော်တို့က ကုစားဖို့ပါ"ဟု ဦးမျိုးအောင်က ပြောသည်။

ထို့ပြင် ငါးစားသုံးသူများ ဈေးနှုန်းချိုသာစွာ စားသုံးနိုင်ရန်အတွက်လည်း ရည်ရွယ်ကြောင်း ၎င်းက ပြောကြားသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရေထွက်ကုန်များကို ဈေးကွက်များဖြင့် ရောင်းချသည့်အပြင် ဝယ်ယူလိုသည့် ကုန်သည်များအနေဖြင့် သမဝါယမဦးစီးဌာနသို့ ချိတ်ဆက်ပြီး ဝယ်ယူဖြန့်ဖြူးသည့်စနစ်ဖြင့်လည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖြန့်ဖြူးရောင်းချပြီးဖြစ်**

လက်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ မြို့နယ်များသို့ နှစ်ပတ်ကျော်အတွင်း ငါးကြင်းဖြူ၊ ငါးတန်၊ တီလားဗီးယားနှင့် ကကတစ် စသည့် ငါးပိဿာချိန် ၁၅၀၀၀ ခန့် ဖြန့်ဖြူးရောင်းချပြီးဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့်လည်း ရေထွက်ကုန်များကို ဈေးကွက်များဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးသို့ ချိတ်ဆက်ရောင်းချမည့် အစီအစဉ်နှင့် ပတ်သက်၍ လိုအပ်သည့် ရေထွက်ကုန်များကို အချိန်မရွေး ထောက်ပံ့ပေးနိုင်ကြောင်း အဆိုပါအဖွဲ့ချုပ်မှ အထွေထွေ အတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောကြားသည်။


စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆



KBZ BANK

(6) CONSECUTIVE YEARS

'BANK OF THE YEAR IN MYANMAR 2018'

Awarded by Financial Times (The Banker)

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ဘုရားစေတီများ ပြန်လည်ဖွင့်လှစ်ရန် ညွှန်ကြားထားခြင်းမရှိသေး



လေးဆူခာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ညပိုင်းအလှမြင်ကွင်းအား တွေ့ရစဉ်။

**ရန်ကုန် ဇန်နဝါရီ ၁၉**

ရွှေတိဂုံစေတီတော်မြတ်ကြီး အပါအဝင် ဘုရားစေတီများ ပြန်လည်ဖွင့်လှစ်တော့မည်ဟုဆိုသည့် ဆိုရှယ်မီဒီယာများပေါ်၌ ဖော်ပြနေကြသော သတင်းများမှာ သတင်းအမှားများသာဖြစ်ပြီး ဘုရားစေတီများ ပြန်လည်ဖွင့်လှစ်ရန် ညွှန်ကြားထားခြင်းမျိုး မရှိသေးကြောင်း သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းမြင့်ဦးက ပြောကြားသည်။

**ကုသိုလ်ပြုလျက်ရှိ**

"ဘုရားစေတီတွေဖွင့်ဖို့ ကျွန်တော်တို့ဆီညွှန်ကြားထားတာမျိုး အခုအချိန်အထိ မရှိသေးပါဘူး။ ညွှန်ကြားချက်လာမှပဲ သိရမှာပါ။ ကိုဗစ်-၁၉ ရောဂါကြောင့် ဘုရားဖူးတွေ ဘုရားဖူးခွင့်မရသော်ငြားလည်း လက်ရှိဘုရားစေတီတွေမှာတော့ ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာနဲ့အညီ ဆွမ်းကပ်ခြင်း၊ ရေချမ်းကပ်ခြင်း၊ ပန်းလှူခြင်းတွေကို သက်ဆိုင်ရာဂေါပကတွေက နေ့စဉ်ကုသိုလ်ပြုလျက်ရှိကြပါတယ်။ နောက်ပြီး အွန်လိုင်းကနေ Registration ပြုလုပ်ပြီး ဖူးမြော်ဖို့ဆိုတာကိုလည်း ဝန်ကြီးရုံးကနေ ညွှန်ကြားချက်မလာသေးပါဘူး" ဟု ညွှန်ကြားရေးမှူး ဦးထွန်းမြင့်ဦးက ရှင်းပြသည်။

ရန်ကုန်တိုင်းဒေသကြီး၌ စုစုပေါင်း ဘုရားစေတီအဆူ ၃၃၀ ကျော်ရှိရာ ယခုရက်ပိုင်းအတွင်း ကိုဗစ်-၁၉ ရောဂါစည်းကမ်းနှင့်အညီ ရွှေတိဂုံစေတီတော်မြတ်ကြီး အပါအဝင် ရန်ကုန်မြို့ရှိ ဘုရားစေတီများအား ဇန်နဝါရီ တတိယပတ်အတွင်း ပြန်လည်ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ထားရန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သက်ဆိုင်ရာဘုရားစေတီများရှိ ဂေါပကအဖွဲ့များထံ ညွှန်ကြားထားကြောင်းဖြင့် ဆိုရှယ်မီဒီယာများပေါ်၌ သတင်းအမှားများ ဖော်ပြတွေ့ရှိနေရခြင်းနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူး ဦးထွန်းဦးမြင့်ဦးက အထက်ပါအတိုင်း ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ရွှေတိဂုံစေတီတော်မြတ်ကြီး ဘုရားဖူးချိန်အား ယခင်က နေ့စဉ်နံနက် ၄ နာရီမှ ည ၁၀ နာရီအထိ ဖွင့်လှစ်ပေးခဲ့သော်လည်း ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဘုရားဖူးပြည်သူများအား မတ် ၂၅ ရက်မှ စတင်ကာ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဘုရားဖူးချိန်အဖြစ် သတ်မှတ်ခဲ့ကြောင်း၊ မတ် ၃၁ ရက်တွင် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ အချိန်အတိုးအလျှော့ပြုလုပ်ကာ ဘုရားဖူးချိန်အား ထပ်မံပြင်ဆင်သတ်မှတ်ခဲ့ရာ ဆက်လက်၍ ကပ်ရောဂါအခြေအနေအရ လူစုလူဝေး အသွားအလာကန့်သတ်မှုများ တားမြစ်ခဲ့ပြီး ဘုရားအား ယနေ့အထိ ခေတ္တပိတ်ခဲ့ခြင်းဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**စိုးမြင့်အောင်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၉-၁-၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၈၀၀ | ၉,၇၀၀ | ၄၈၄ | ၄,၆၉၅,၁၀၀ |
| MTSH | ၃,၇၀၀ | ၃,၇၅၀ | ၂,၁၈၅ | ၈,၀၈၄,၆၅၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၇ | ၅၇,၄၀၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၀ | ၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၁,၇၀၈ | ၄,၆၁၁,၆၀၀ |
| EFR | ၃,၇၀၀ | ၃,၇၀၀ | ၂၁၃ | ၇၇၉,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇန်နဝါရီ ၁၉

ရန်ကုန်(ရွှေဈေး) ၁၃၂၁၀၀၀ မန္တလေး(ရွှေဈေး) ၁၃၂၁၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၆၀/၇၁၀ ကျပ် | ၇၀၅/၇၂၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၆၅၀/၆၉၅ ကျပ် | ၆၉၀/၇၀၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၃၅/၇၇၀ ကျပ် | ၈၁၅/၈၃၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၂၅/၆၅၅ ကျပ် | ၆၉၀/၆၉၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၅၈၀/၅၉၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၉၀/၆၀၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၅၇၅/၅၈၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၃၂.၈ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၁၄.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၅.၄၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၄.၃၄၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၉.၀၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၁၉၇ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၆.၉ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၂.၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၈၁.၇ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၀.၇၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

# ကြေးမုံ

## ပညာရတနာလောက ကောင်းကျိုးပွားတိုး

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်။ အရာရာကို ပညာဖြင့် လုပ်ကိုင်နေကြသည်။ ပညာဖြင့် ဆုံးဖြတ်နေကြသည်။ ပညာသည်သာ အရာရာကို ဖန်တီးနိုင်စွမ်းရှိသည်။ ပညာသည် ပညာတတ်ဟု ပညတ်ထားသော ပုဂ္ဂိုလ်ကို ဆိုလိုခြင်းမဟုတ်။ ပညာသည် ပရမတ်အားဖြင့် ထိုးထွင်းဆင်ခြင်နိုင်သော ပုဂ္ဂိုလ်တို့ကိုသာ ဆိုလိုခြင်းဖြစ်သည်။

ပညာဆိုသည်နှင့်ပတ်သက်၍ "ပညာဆိုသည်မှာ စာအုပ်စာတမ်းဖတ်၍ စာသိမှုကို ပညာဟုမဆိုပေ။ ပညာသည် အတိုင်းအဆမထင်၊ အလွန်ကျယ်ပြော နက်နဲလှပေသည်။ လောကပင်လယ်တည်းဟူသော ကျောင်းကြီး၌ ကျွန်ုပ်တို့သည် ပုခက်တွင်းမှသည် မြေကြီးထဲသို့ ရောက်သည်အထိ ပညာသင်သားများဖြစ်ကြပေသည်။ ထို့ကြောင့် ပညာသင်ကြားမှုသည် အမှန်စင်စစ်အားဖြင့် သူ၏တစ်သက်ပန်တွင် ကုန်ဆုံးသည်ဟု မဆိုနိုင်ပေ"ဟု ဗိုလ်ချုပ်အောင်ဆန်းက ပညာနှင့်ပတ်သက်၍ ရေးသားခဲ့သည်။

ဆက်လက်၍ "ပညာတတ်ဟူသည် လောကရှိ အရာရာကို အခွင့်အလမ်းလိုက် ဆင်ခြင်သုံးသပ်နိုင်စွမ်းသော ဉာဏ်အားကိုလည်းကောင်း၊ မိမိဉာဏ် အမြင်အရ စိတ်နေစိတ်ထား စိတ်ဓာတ်ကိုလည်းကောင်း၊ ပြုပြင်စီမံထားခဲ့သူသာလျှင် ဖြစ်သည်။ ဘီအေပင်အောင်စေကာမူ၊ ပါရဂူဘွဲ့ကြီးပင်ရစေကာမူ၊ ပထမကျော်ကြီးပင် ဖြစ်စေကာမူ၊ အသက်အရွယ်မည်မျှပင် ကြီးရင့်စေကာမူ ပညာဆိုသော သဘာဝအဓိပ္ပာယ်ကို ကောင်းစွာသုံးသပ်နားလည်ခြင်းမရှိခဲ့သော် တကယ်အရာမရောက်၊ အသုံးမဝင်နိုင်ပေ။ ပညာသည် စာအုပ်ထဲ၌သာရှိသည်မဟုတ် စာအုပ်များကိုကျော်၍ မြင်နိုင်ခြင်းကို ဆောင်ရွက်နိုင်ရပေမည်။

"ပညာသည် သူ၏ဉာဏ်ကိုသာ ပြုပြင်တိုးချဲ့ရုံသာမဟုတ်၊ လူ၏စိတ်နေစိတ်ထား အယူအဆများကိုလည်း တိုးတက်စေရမည်။ လူ၏ဆန္ဒအားလုပ်အားကို နူးညွတ်စေရမည်။ ရာဇဝင်သိရုံသာမဟုတ်၊ ရာဇဝင်ကို ဖန်တီးနိုင်စေရမည်။ လောကဓာတ်ပညာကို တိုးချဲ့နိုင်စေရမည်။ ပထမပညာကိုသာ သိရုံသာမဟုတ်၊ မြေသစ်၊ ရေသစ်၊ တောတောင်တို့ကို ရှာဖွေစုံစမ်းနိုင်စွမ်းစေရမည်။ လောကအကြောင်းကို နားလည်စေရုံသာမဟုတ်၊ သည့်ထက်ကောင်းသော လောကကို ဖန်ဆင်းနိုင်စေရမည်။ ဤကား ပညာ၏သရုပ်အကျဉ်းမျှပင်တည်း"ဟု ပညာနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းက ဖွင့်ဆိုရှင်းပြခဲ့သည်။

ပညာနှင့်စပ်လျဉ်း၍ ပညာသည် လောက၏ရတနာဟု ဆိုနိုင်သည်။ သင်္ခါရလောက သဘောတရားအရ လောကတွင် မည်သည့်အရာမဆို ပျက်စီးခြင်းအဆုံးရှိပေသည်။ ရတနာတို့သည်လည်း သင်္ခါရသဘောအရ ပျက်စီးသော ရတနာ၊ ကုန်ခန်းသောရတနာတို့ရှိသော်လည်း မကုန်ခန်းသောရတနာ သို့မဟုတ် သက်တမ်းအလွန်ရှည်သော ရတနာတို့လည်း ရှိပေသည်။ ယင်းရတနာသည်ကား ပညာရတနာပင် ဖြစ်သည်။ ရုပ်ဝတ္ထု သက်ရှိသက်မဲ့တို့သည် ပျက်စီးခြင်းအဆုံးဖြစ်သော်လည်း ပညာရတနာသည် ဖျက်ဆီးခြင်း၊ ပျက်စီးခြင်းမရှိသည့် ထာဝရပရမတ်တရားဖြစ်ပေသည်။

တစ်ဖန် လောကတွင် လူနှစ်မျိုးရှိသည်။ တစ်မျိုးမှာ ပစ္စည်းဥစ္စာများကို ရှာဖွေစုဆောင်းရုံသာစုဆောင်းသည့် ဥစ္စာစောင့်ကဲ့သို့ လူနှင့် ပစ္စည်းဥစ္စာတို့ကိုလည်း ရှာလည်းရှာဖွေ မျှလည်းမျှဝေပေးသည့် ဥစ္စာပွားသူဟူ၍လည်း ရှိသည်။ ဥစ္စာပွားသူသည် သံသရာအဆက်ဆက် စီးပွားဥစ္စာများ အမြဲတက်လျက်ရှိသကဲ့သို့ လောကတွင် လူသားများနှင့် လောကကြီးအား အကျိုးပြုမည့် ပညာရပ်အမျိုးမျိုးတို့ကို စုဆောင်းရှာဖွေ တွေးခေါ်ကြံဆ မျှဝေပေးနေသော ပုဂ္ဂိုလ်များနှင့်တူပေသည်။

ယခုအခါ ပညတ်သာဖြစ်သည့် ဘွဲ့ရပညာတတ်လောကမှ ပရမတ်ပညာရှိသည့် ပညာတတ်များ ပေါ်များလာသည်ကို တွေ့ရသဖြင့် လောကအတွက် ဝမ်းမြောက်ရပေသည်။ တတ်သည့်ပညာ မနေသာ ဆိုသကဲ့သို့ အများပြည်သူအကျိုးရှိအောင်၊ တိုင်းပြည်အတွက် အကျိုးဖြစ်အောင် ပညာရပ်များကို စုဆောင်းရှာဖွေမျှဝေပေးနေကြသည်ကို တွေ့ရသည်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကို အကြောင်းပြု၍ ပညာတတ်များ စုရုံးမိကြလေပြီ။ ဘာသာရပ်အလိုက်၊ သက်ဆိုင်ရာသက်ဆိုင်ရာအလိုက်၊ အကြောင်းအရာအကြောင်းအရာအလိုက် တိုင်ပင်ဆွေးနွေး နှီးနှောဖလှယ်နေကြလေသည်။

လောကအတွက်၊ လူသားများအတွက် ဝမ်းမြောက်ဖွယ်ကောင်းလေစွ။ လောကလူသားများအတွက် အကျိုးပြုသော ထိုထိုပညာများကို ထိုထိုပညာရပ်ဝန်းကျင်နယ်ပယ်တစ်ခုအတွက်သာမက စိတ်ဝင်စားရာ အများပြည်သူများကိုပါ မျှဝေပေးနိုင်မည်ဆိုပါက မြတ်သောရတနာပွားသူများကဲ့သို့ လောကကောင်းကျိုး၊ လူသားကောင်းကျိုး တိုး၍တိုး၍ ဆောင်ကြဉ်းနိုင်မည် ဖြစ်ပါကြောင်း။ ။


## ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အငယ်တန်း** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **သတင်းထောက်များ** | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| **သတင်းထောက်မှူး** | - ဦးမြင့်စိုး | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်မေလှဲ့သင်း၊ | | ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | **ဓာတ်ပုံသတင်းထောက်** | - ဦးခင်မောင်ဝင်း |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်စာတည်းများ** | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | **စာပြင်** | - ဦးဝေမင်းသူနှင့်အဖွဲ့ |
| **အကြီးတန်း** | - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦး၊ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်ချောစုလှိုင်နှင့်အဖွဲ့ |
| **သတင်းထောက်များ** | ဒေါ်နေဇာဇာထွန်း | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦး၊ ဦးအောင်ကျော်ဖြိုးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်ပြည်ထောင်စု သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော်  ဇန်နဝါရီ ၁၉**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်ပြည်ထောင်စု သံအမတ်ကြီး မစ္စတာ သောမတ်စ် လာ့ဗ်လို ဗိုင်ဒါအား ယနေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော မြန်မာနိုင်ငံဆိုင်ရာအမေရိကန် သံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်း ခံရသည့်အတွက် ဝမ်းမြောက်ကြောင်းနှင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့အခွင့်အရေး မြှင့်တင်ရေးတို့တွင် အမေရိကန်ပြည်ထောင်စု၏ ကူညီပံ့ပိုးမှုများအတွက် ကျေးဇူးတင်ကြောင်း ပြောကြားခဲ့ပြီး မြန်မာနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုအကြား နှစ်နိုင်ငံရှိရင်းစွဲ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားရေး၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များတွင် အမေရိကန် ပြည်ထောင်စုက ဆက်လက်ထောက်ခံသွားရေး၊ အမေရိကန်စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြန်မာနိုင်ငံ၌ တိုးချဲ့သွားနိုင်ရေး၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးကိစ္စ အပါအဝင် အသွင်ကူးပြောင်းရေးကာလ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး (ယဉ်ကျေးမှု)မှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးအောင်ဆန်းဦးကို အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## မန့်ဟီးရိုးမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး နှာခေါင်းစည်းမဖြစ်မနေတပ်ဆင်နိုင်ရေး လှုပ်ရှားမှုပြုလုပ်

**မန့်ဟီးရိုး  ဇန်နဝါရီ ၁၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မန့်ဟီးရိုးမြို့၌ ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေးလှုပ်ရှားမှုကို ယနေ့နံနက် ၉ နာရီက မန့်ဟီးရိုးမြို့မဈေးအတွင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မန့်ဟီးရိုးမြို့မဈေးအတွင်း ဈေးရောင်းချသူများနှင့် ဈေးဝယ်သူများ၊ လမ်းသွားလမ်းလာပြည်သူများအား ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် နေအိမ်ပြင်ပထွက်ခွာပါက မဖြစ်မနေ နှာခေါင်းစည်း တပ်ဆင်သွားလာရန်နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အချက်များကို လိုက်နာဆောင်ရွက်ရန် အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြပြီး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြသည်။

အဆိုပါလုပ်ငန်းကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန္ဒာဝင်းနှင့် ဝန်ထမ်းများက နှာခေါင်းစည်း ၁၅၀ အား နှာခေါင်းစည်းတပ်ဆင်မလာသူများနှင့် ဈေးရောင်းချနေသူများအား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**စန္ဒာ(ပြန်/ဆက်)**

## ဒုတိယဝန်ကြီး ဦးဟောက်ဒိုဆွမ်း မြန်မာ-တရုတ်-ဘင်္ဂလားဒေ့ရှ် ဒုတိယဝန်ကြီးအဆင့် သုံးပွင့်ဆိုင် အလွတ်သဘောဆွေးနွေးပွဲအား ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၁၉**

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟောက်ဒိုဆွမ်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် မြန်မာ-တရုတ်-ဘင်္ဂလားဒေ့ရှ် ဒုတိယဝန်ကြီးအဆင့် သုံးပွင့်ဆိုင် အလွတ်သဘော ဆွေးနွေးပွဲကို နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်မှ ပါဝင်တက်ရောက်သည်။

**တက်ရောက်**

အစည်းအဝေးသို့ တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Luo Zhaohui ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် Mr. Masud Bin Momen ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများအား ပြန်လည် ပို့ဆောင်/ လက်ခံရေးလုပ်ငန်းစဉ် အောင်မြင်စေရန်အတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးထားသည့် သဘောတူညီချက်များကို ဆောလျင်စွာ အကောင်အထည်ဖော်ရန်အတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်စပ်အနီးတွင် ရောက်ရှိနေသူများအား ပြန်လည်နေရာချထားရေးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသည့် နေရပ်စွန့်ခွာသူများအနက် ဟိန္ဒူဘာသာဝင်များအပါအဝင် စိစစ်ပြီးသူများအား ပြန်လည်ပို့ဆောင် လက်ခံရေးစသည့်ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် နှစ်ဖက်အစည်းအဝေးများ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ပြန်လည်ပို့ဆောင်/လက်ခံရေးဆိုင်ရာကိစ္စရပ်များကို နှစ်နိုင်ငံသဘောတူညီချက်များနှင့်အညီ ဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြသည်။



ယင်းအစည်းအဝေးတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက နေရပ်စွန့်ခွာသွားသူများ ပြန်လည်ပို့ဆောင်/ လက်ခံရေး ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို ကျော်လွှားဖြေရှင်းနိုင်ရန် နှစ်နိုင်ငံအကြား ချုပ်ဆိုထားသည့် သဘောတူညီချက်များနှင့်အညီ ဘင်္ဂလားဒေ့ရှ်နိုင်ငံက လိုက်နာဆောင်ရွက်စေရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးအတွက် သဘောတူညီချက်များပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ပြန်လည်လက်ခံရန် အသင့်ပြင်ဆင် ထားပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၌ နေထိုင်ခဲ့ကြောင်း စိစစ်ပြီးသူများအား ပြန်လည်လက်ခံရန် ရှေ့ပြေးစမ်းသပ်စီမံကိန်းကို ဆောင်ရွက်လျက်ရှိရာ စီမံကိန်းတွင် ပါဝင်သူများဖြင့် ပြန်လည်လက်ခံရေးကို စတင်နိုင်ကြောင်း၊ ကော့စ်ဘဇားရှိ နေရပ်စွန့်ခွာသူများနေထိုင်သည့် စခန်းများ၌ ရောက်ရှိနေပြီး နေရပ်ပြန်လိုကြောင်း ထုတ်ဖော်ပြောကြားပြီးဖြစ်သည့် ဟိန္ဒူဘာသာဝင်များအား ဆောလျင်စွာ ပို့ဆောင်ပေးစေလိုကြောင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်စပ်အနီးရောက်ရှိနေသည့် နေရပ်စွန့်ခွာသူများကို ပြန်လည်နေရာချထားရာတွင် ဘင်္ဂလားဒေ့ရှ် နိုင်ငံက ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်းနှင့် ပြန်လည်ဝင်ရောက်လာသူများသည် မိမိသဘောဆန္ဒအလျောက် ပြန်လိုသူဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံ၏ ဥပဒေစည်းမျဉ်းများကို လိုက်နာမည်ဖြစ်ကြောင်း နှစ်ဖက်သဘောတူညီထားသည့် သတ်မှတ်ပုံစံတွင် လက်မှတ်ရေးထိုးရန် လိုအပ်ကြောင်းပြောကြားသည်။

ထို့အပြင် ဒုတိယဝန်ကြီးက ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် ဆန္ဒအလျောက် နေရပ်ပြန်လိုသည့် နေရပ်စွန့်ခွာသူများအား ခြိမ်းခြောက်တားဆီးလျက်ရှိသည့် အကြမ်းဖက်အဖွဲ့အစည်းများကို ဖော်ထုတ်၍ တားဆီးပေးရန် တိုက်တွန်းကြောင်းနှင့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် ချောမွေ့စေရေးအတွက် တရုတ်နိုင်ငံက ကူညီပေးမှုများအပေါ် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘုတလင်မြို့နယ်၌ ရေလိုအပ်မှုနည်းသည့် နှံစားပြောင်း စတင်စမ်းသပ်စိုက်ပျိုး

**ဘုတလင်  ဇန်နဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်၌ ရေလိုအပ်မှုနည်းပြီး မိုးနည်းဒေသများတွင် စိုက်ပျိုးသင့်သည့် နှံစားပြောင်းကို ညောင်ကန်ကျေးရွာ၊ တောင်သူ ဒေါ်ချိုချိုလွင်၏ စိုက်ခင်းတွင် စတင်စမ်းသပ်စိုက်ပျိုးထားကြောင်း သိရသည်။

“နှံစားပြောင်းက အပူဒဏ်ခံနိုင်ပြီး ရေလိုအပ်မှုနည်းတဲ့ သီးနှံဆိုတော့ တစ်ဧကကို တင်း ၅၀/၆၀ ကျော် ထွက်တယ်လို့ သိရပါတယ်”ဟု ညောင်ကန်ကျေးရွာမှ တောင်သူ ဒေါ်ချိုချိုလွင်က ပြောသည်။

နှံစားပြောင်းကို စိုက်နည်းစနစ် နှစ်မျိုးဖြင့် စိုက်ပျိုးကြပြီး အပင်သက်တမ်း ၁၀၅ ရက် ရှိကာ တစ်ဧကလျှင် အပင် ကိုးသောင်းကျော်မှ တစ်သိန်းကျော်အထိ စိုက်ပျိုးနိုင်သည့် အပူဒဏ်ခံနိုင်သော သီးနှံဖြစ်ကြောင်း သိရသည်။

ဘုတလင်မြို့နယ်သည် မိုးနည်းသည့်အတွက် ရေလိုအပ်မှု နည်းသည့် နှံစားပြောင်းကို မြို့နယ်တောင်သူလယ်သမားအစုအဖွဲ့က ပထမဆုံး စမ်းသပ်စိုက်ပျိုးခြင်းဖြစ်ကြောင်း၊ စမ်းသပ်စိုက်ပျိုးမှု အောင်မြင်ပါက တစ်မြို့နယ်လုံးတွင် နှံစားပြောင်းကို ဧက ၅၀၀ ကျော်မှ ၁၀၀၀ ကျော်အထိ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်တောင်သူလယ်သမားအစုအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်က ပြောသည်။

**ဖိုးခါး (ပြန်/ဆက်)**

❖ ကျောဖုံးမှ

နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးဆန်းနိုင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ၂၀၂၁ ခုနှစ်၊ (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား ကျင်းပရေးဗဟိုကော်မတီ၏ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၁၆ ရက်တွင် ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက် (၁၉) ချက် ချမှတ်ခဲ့ရာ ဆောင်ရွက်ပြီး (၇)ချက်နှင့် ဆောင်ရွက်ဆဲ (၁၂)ချက်တို့ဖြစ်ပါကြောင်း၊ ဆောင်ရွက်ဆဲအချက်များသည် စဉ်ဆက်မပြတ်ဆောင်ရွက်ရမည့်လုပ်ငန်းများဖြစ်သည့်အတွက် သတ်မှတ်ချိန်အတွင်း အမြန်ပြီးစီးအောင် ဆောင်ရွက်သွားကြရန် ပြောကြားလိုပါကြောင်း။

**လွတ်လပ်ရေးကို အရယူခဲ့**

မိမိတို့နိုင်ငံသည် တိုင်းတစ်ပါးနယ်ချဲ့လက်အောက်ကို နှစ်ပေါင်းတစ်ရာကျော် ကျရောက်ခဲ့ရပြီး လွတ်လပ်ရေးပြန်လည်ရရှိရန်အတွက် အသက်၊ သွေး၊ ချွေး မြောက်မြားစွာ ပေးဆပ်ပြီး နှစ်ပေါင်းများစွာ ကြိုးပမ်းခဲ့ကြရပါကြောင်း၊ ထိုသို့ ကြိုးပမ်းရာတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များက တောင်တန်းပြည်မ မခွဲခြားဘဲ တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုစွမ်းပကားကို အခိုင်အမာဖော်ကျူးပြသသည့်အနေဖြင့် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်တွင် ပင်လုံညီလာခံကို ကျင်းပခဲ့ပြီး ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးကာ လွတ်လပ်ရေးကို အရယူခဲ့ပါကြောင်း။

ထိုသို့ လွတ်လပ်ရေးကို ရယူနိုင်ခဲ့ခြင်းသည် တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုကြောင့်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် အဓိကကျသည့်အချက်မှာ ပြည်ထောင်စုစိတ်ဓာတ်ဖြစ်ပါကြောင်း၊ “ပြည်ထောင်စုစိတ်ဓာတ်” ကို “စစ်မှန်သောမျိုးချစ်စိတ်ဓာတ်”နှင့် ယှဉ်တွဲအဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်ကိုလည်း တွေ့ရပါကြောင်း၊ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ “ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးပြီး ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည်” ဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်ကို တွေ့ရပါကြောင်း။

ယနေ့ ပြောင်းလဲလာသည့် ခေတ်နှင့်အညီ ပြန်ကြားရေးဝန်ကြီးဌာနက ရေးသားထုတ်ပြန်ရာတွင် ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ “ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဥမကွဲ သိုက်မပျက် အေးအတူပူအမျှ ပူးပေါင်းနေထိုင်သည့် တစ်စည်းတစ်လုံးတည်းသော စိတ်ဓာတ်ဖြစ်သည်။” ၎င်းအပြင် “ပြည်ထောင်စု၏ မည်သည့်နေရာတွင် နေထိုင်ကြသည်ဖြစ်စေ ပြည်ထောင်စုအတွင်း တစ်မြေတည်းနေ တစ်ရေတည်းသောက်၊ မရှိအတူရှိအတူ၊ အေးအတူပူအမျှ အတူတကွ စုပေါင်းနေထိုင်ကြသည့် တစ်မိသားစုတည်းဖြစ်သည်ဟူသော ခံယူချက်သည် ပြည်ထောင်စုစိတ်ဓာတ်ဖြစ်သည်” ဟုလည်း ဖော်ပြထားသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် အနှစ်ချုပ်အားဖြင့်ပြောလျှင် “ပြည်ထောင်စုစိတ်ဓာတ်” ၏ အဓိကအချက်မှာ “ပြည်ထောင်စုအတွင်း နေထိုင်ကြသည့် တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက်၊ အေးအတူပူအမျှ၊ မရှိအတူရှိအတူ တစ်စည်းတစ်လုံးတည်း အတူတကွစုပေါင်းနေထိုင်သည့်စိတ်ဓာတ်” ဖြစ်ပါကြောင်း၊ တိုင်းရင်းသားအားလုံး၏ သွေးစည်းညီညွတ်မှုကို အခိုင်အမာဖော်ကျူးပြသနိုင်ခဲ့သည့် ပင်လုံစာချုပ် လက်မှတ်ရေးထိုးခဲ့သည့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို “ပြည်ထောင်စုနေ့” အဖြစ် သမိုင်းမော်ကွန်းတင်ပြီး ပြည်ထောင်စုနေ့အခမ်းအနားများကို နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် (၇၄)နှစ်မြောက် ရှိပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုနှစ် ပြည်ထောင်စုနေ့အခမ်းအနားများကို ကျင်းပရာတွင် “ပြည်ထောင်စုစိတ်ဓာတ်” ကို ဖော်ညွှန်းသည့် နိုင်ငံရေးအနှစ်သာရများ ပါဝင်အောင် စဉ်းစား၊ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

**လိုက်နာဆောင်ရွက်**

ပြည်ထောင်စုနေ့အခမ်းအနားများကို ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် နှစ်စဉ်ကျင်းပနေကျဖြစ်သော်လည်း ယခုကာလသည် Coronavirus Disease 2019 (COVID–19) ဖြစ်ပွားနေသောအချိန်ကာလဖြစ်သည့်အတွက် ယခုနှစ်တွင် နှစ်စဉ်ဆောင်ရွက်နေသည့် လုပ်ငန်းတာဝန်များအပြင် “Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ” နှင့် “ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန”တို့က ထုတ်ပြန်ထားသည့် “ပြည်သူသို့ပန်ကြားချက်များ၊ အမိန့်များ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များနှင့် စံလုပ်ငန်းလမ်းညွှန်ချက်များ” ကိုပါ အရေးတကြီးကိစ္စတစ်ရပ်အနေဖြင့် ထည့်သွင်းစဉ်းစား၊ လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့်လည်း ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ၂၀၂၁ ခုနှစ်၊ (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားများကို ကျင်းပရာတွင် COVID–19 ရောဂါကူးစက်ဖြစ်ပွားမှု မရှိစေရန်အတွက် “အခမ်းအနား စီစဉ်ဆောင်ရွက်မည့်သူများ လိုက်နာဆောင်ရွက်ရမည့် စံလုပ်ငန်းလမ်းညွှန်ချက်(၁၀)ချက်” နှင့် “နိုင်ငံတော်အလံတင်အခမ်းအနား၊ နိုင်ငံတော်အလံအလေးပြုခြင်းနှင့် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာ ဖတ်ကြားခြင်းအခမ်းအနားများတွင် လိုက်နာဆောင်ရွက်ရမည့် စံလုပ်ငန်းလမ်းညွှန်

COVID-19 **ရောဂါကူးစက်ဖြစ်ပွားမှု မရှိစေရန်အတွက် “အခမ်းအနား စီစဉ်ဆောင်ရွက်မည့်သူများ လိုက်နာဆောင်ရွက်ရမည့် စံလုပ်ငန်းလမ်းညွှန်ချက်(၁၀)ချက်” နှင့် “နိုင်ငံတော်အလံတင် အခမ်းအနား၊ နိုင်ငံတော်အလံ အလေးပြုခြင်းနှင့် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာ ဖတ်ကြားခြင်းအခမ်းအနားများတွင် လိုက်နာဆောင်ရွက်ရမည့် စံလုပ်ငန်းလမ်းညွှန်ချက် (၄) ချက်” စုစုပေါင်း အချက် (၁၄)ချက်ကို ရေးဆွဲပေးထားပြီးဖြစ်သည့်အတွက် စီမံခန့်ခွဲမှုကော်မတီ၊ ဆပ်ကော်မတီများနှင့် တာဝန်ရှိသူများ အနေဖြင့် အဆိုပါ စံလုပ်ငန်းလမ်းညွှန်ချက်များကို တိတိကျကျ လိုက်နာဆောင်ရွက်**

ချက် (၄)ချက်” စုစုပေါင်း အချက်(၁၄)ချက်ကို ရေးဆွဲပေးထားပြီးဖြစ်သည့်အတွက် စီမံခန့်ခွဲမှုကော်မတီ၊ ဆပ်ကော်မတီများနှင့် တာဝန်ရှိသူများအနေဖြင့် အဆိုပါ စံလုပ်ငန်းလမ်းညွှန်ချက်များကို တိတိကျကျလိုက်နာဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ပြည်ထောင်စုနေ့အခမ်းအနားများကို တက်ရောက်မည့် ဧည့်သည်တော်များနှင့် လူထုပရိသတ်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ပေးထားသည့် “စံလုပ်ငန်း လမ်းညွှန်ချက်များ”၊ “အမိန့်နှင့် ညွှန်ကြားချက်များ” နှင့်အညီ တက်ရောက်မည့်လူဦးရေကို လျှော့ချသတ်မှတ်ထားပြီးဖြစ်သည့်အတွက် လိုအပ်သည်များကိုလည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်ပါကြောင်း။

**ကြိုတင်စီစဉ်ဆောင်ရွက်**

ပြည်ထောင်စုနေ့အခမ်းအနားများ ကျင်းပမည့်နေရာတွင် ပိုးသတ်ဆေး ကြိုတင်ဖျန်းထားနိုင်ရေး၊ အဆိုပါနေရာအားလုံးတွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအနေဖြင့် အခမ်းအနားကို တက်ရောက်လာသူများနှင့် ထိတွေ့နိုင်မှုများ ရှိနိုင်သည့်အတွက် ကျန်းမာရေးစစ်ဆေးမှုများ ကြိုတင်ဆောင်ရွက်ထားနိုင်ရေး၊ အခမ်းအနားသို့ တက်ရောက်လာသူများအတွက် ပါးစပ်နှင့် နှာခေါင်းစည်း(Mask) များ၊ မျက်နှာအကာ (Face Shield) များနှင့် လက်အိတ်(Glove) များ ဖြန့်ဝေနိုင်ရန် ကြိုတင်စီစဉ်ဆောင်ရွက်ထားရေး၊ အခမ်းအနားကျင်းပပြုလုပ်မည့်နေရာကို မဝင်ရောက်ခင် ကိုယ်အပူချိန်တိုင်းတာစစ်ဆေးနိုင်ရေးနှင့် လက်ဆေးကြောသန့်စင်နိုင်ရန်အတွက် လက်သန့်စင်ဆေးရည် (Hand Sanitizer / Gel) များ ထားရှိနိုင်ရေး၊ အခမ်းအနားကို တက်ရောက်မည့်သူများအတွက် နေရာခင်းကျင်းရာတွင်လည်း အခမ်းအနားကျင်းပမည့်နေရာ အကျယ်အဝန်းပေါ်မူတည်ပြီး တစ်ဦးနှင့်တစ်ဦး အကွာအဝေးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ထားသည့် Social Distancing များအတိုင်း နေရာချထားပြီး လူအင်အားလျှော့ချသတ်မှတ်နိုင်ရေး၊ အရေးပေါ်ကျန်းမာရေးကိစ္စရပ်များအတွက် လုံလောက်သည့် ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် အထောက်အကူပြုယာဉ်များကို ကြိုတင်စီမံဆောင်ရွက်ထားနိုင်ရေးတို့ကို သက်ဆိုင်ရာဆပ်ကော်မတီများအလိုက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြရန် ပြောကြားလိုပါကြောင်း။

ပြန်ကြားရေး ဆပ်ကော်မတီအနေဖြင့်လည်း ပြည်ထောင်စုနေ့မတိုင်မီနှင့် ပြည်ထောင်စုနေ့တွင် နိုင်ငံပိုင်မီဒီယာများဖြစ်သည့် ရေဒီယို၊ ရုပ်မြင်သံကြား၊ စာနယ်ဇင်းအားလုံးက “ပြည်ထောင်စု စိတ်ဓာတ်” ဆိုသည့် နိုင်ငံရေးအနှစ်သာရကို ဖော်ညွှန်းသည့် ပြန်ကြားရေး၊ ဖျော်ဖြေရေးနှင့် ပညာပေးအစီအစဉ်အမျိုးမျိုး ထုတ်လွှင့်ဖော်ပြနိုင်ရေးနှင့် လက်ရှိကာလ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေး၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများကို ပေါ်လွင်စေမည့် နောက်ခံရုပ်ပုံများ၊ ရုပ်သံမှတ်တမ်းများကိုလည်း ထည့်သွင်းဖော်ပြရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီအနေဖြင့် နေပြည်တော်၊ မြို့တော်ခန်းမရင်ပြင်တွင် နံနက် ၇ နာရီ၌ ကျင်းပမည့် “နိုင်ငံတော်အလံအလေးပြုပွဲနှင့် နိုင်ငံတော်သမ္မတထံက ပေးပို့သည့် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနား” ကို တက်ရောက်မည့် အင်အားစာရင်းများကိုလည်း အတည်ပြုချက် ရရှိထားပြီဖြစ်သည့်အတွက် အချိန်မီဖိတ်ကြားနိုင်ရေးနှင့် ဖိတ်ကြားမည့်ဖိတ်စာတွင်လည်း ပန်ကြားလွှာနှင့်အတူ COVID–19 နှင့် ပတ်သက်သည့် အရေးကြီးသည့်အချက်များကိုလည်း ထည့်သွင်းပေးနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန် ပြောကြားလိုပါကြောင်း၊ ထို့အပြင် အခမ်းအနားကို တက်ရောက်မည့်သူများကိုလည်း COVID–19 စည်းမျဉ်း စည်းကမ်းများနှင့်အညီ တိကျစွာ လိုက်နာနိုင်ရန်အတွက် ဝင်လမ်း၊ ထွက်လမ်းများတွင် ကျန်းမာရေးဆိုင်ရာ သတိပေးဆိုင်းဘုတ်များ ထားပေးရန်နှင့် Hand Speaker များနှင့် အသိပေးပြောကြားခြင်းများကိုလည်း စီစဉ်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

မြေစိုက်ပိုစတာများ စိုက်ထူရေးဆပ်ကော်မတီအနေဖြင့်လည်း မြေစိုက်ပိုစတာများကို နေပြည်တော်၊ မြို့တော်ခန်းမရင်ပြင်နှင့် နေပြည်တော် နယ်နိမိတ်အတွင်း သတ်မှတ်ထားသည့်နေရာများတွင် အချိန်မီစိုက်ထူနိုင်ရေး ဆောင်ရွက်သွားကြရန် ပြောကြားလိုပါကြောင်း။

စီမံခန့်ခွဲမှုကော်မတီနှင့် ဆပ်ကော်မတီများအနေဖြင့် ပြည်ထောင်စုနေ့အခမ်းအနားကို နိုင်ငံရေးအနှစ်သာရရှိစွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရန်အတွက် ယခင်နှစ်များက ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအပေါ် အခြေခံပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များ၊ စံလုပ်ငန်းလမ်းညွှန်ချက်များကိုပါ တိကျစွာ လိုက်နာပြီး အကောင်းဆုံးဖြစ်အောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ ပထမအကြိမ် ကျင်းပခဲ့သည့် ဗဟိုကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆောင်ရွက်ဆဲလုပ်ငန်းများ၊ တွေ့ကြုံနေရသည့် အခက်အခဲများနှင့် လိုအပ်သည့်အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် ၂၀၂၁ ခုနှစ်၊ (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီအတွင်းရေးမှူး၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဝင်းက ပထမအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များအနက် ဗဟိုကော်မတီမှ ဆောင်ရွက်ရမည့် ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ နိုင်ငံတော်သမ္မတထံမှ ၂၀၂၁ ခုနှစ်၊ (၇၄)နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့မည့်သဝဏ်လွှာနှင့် ပို့စကတ်များကို တိုင်းဒေသကြီး/ ပြည်နယ်များသို့ အချိန်မီဖြန့်ဝေနိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ၂၀၂၁ ခုနှစ်၊ (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က ၂၀၂၁ ခုနှစ်၊ (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဗဟိုကော်မတီ၏ ပထမအကြိမ်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆောင်ရွက်ဆဲလုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ်အောင်နိုင်သူတို့က “လုံခြုံရေးဆပ်ကော်မတီ” နှင့်စပ်လျဉ်း၍ ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များအပေါ် ဆောင်ရွက်သွားမည့် လုံခြုံရေးအစီအမံများနှင့် ဗဟိုကော်မတီ၏ ပထမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက “သဝဏ်လွှာ ပြုစုရေးဆပ်ကော်မတီ” နှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက “ဘဏ္ဍာရေးဆပ်ကော်မတီ” နှင့် စပ်လျဉ်း၍ ဆပ်ကော်မတီများအနေဖြင့် အသုံးစရိတ်များအား ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းက “ဖိတ်ကြားရေးနှင့် နေရာချထားရေး ဆပ်ကော်မတီ” နှင့်စပ်လျဉ်း၍ အခမ်းအနားတက်ရောက်မည့်သူများအား အချိန်မီဖိတ်ကြားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဖိတ်ကြားမည့် ဖိတ်စာနမူနာပုံစံ၊ ပန်ကြားလွှာ၊ ရင်ထိုးတံဆိပ်၊ လုံခြုံရေးစတစ်ကာ၊ လုံခြုံရေးကတ်ပြားများနှင့် ယာဉ်ဝင်ခွင့်ကတ်ပြားများ ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၅ သို့ ❐

**ယခုနှစ် ပြည်ထောင်စုနေ့အခမ်းအနားများကို ကျင်းပရာတွင် “ပြည်ထောင်စုစိတ်ဓာတ်” ကို ဖော်ညွှန်းသည့် နိုင်ငံရေး အနှစ်သာရများ ပါဝင်အောင် စဉ်းစား၊ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရမည်**

❒ စာမျက်နှာ ၄ မှ

ထို့နောက် နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်စိုးဦးက "အလံတင်အခမ်းအနားစီစဉ်ရေးဆပ်ကော်မတီ"နှင့်စပ်လျဉ်း၍ ပြည်ထောင်စုနေ့အခမ်းအနားများတွင် စစ်ရေးပြဆောင်ရွက်မည့် ဂုဏ်ပြုတပ်ဖွဲ့အနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များ၊ စံလုပ်ငန်းလမ်းညွှန်ချက်များအတိုင်း လူဦးရေကန့်သတ်လျှော့ချကာ ဖွဲ့စည်းလေ့ကျင့်ဆောင်ရွက်နေမှုအခြေအနေများ၊ ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် ဗဟိုကော်မတီ၏ ပထမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးဆန်းနိုင်က "မြေစိုက်ပိုစတာများစိုက်ထူရေးဆပ်ကော်မတီ"နှင့်စပ်လျဉ်း၍ ၂၀၂၁ ခုနှစ်၊ (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အမျိုးသားရေးဦးတည်ချက်များကို အများပြည်သူမြင်သာအောင် မြေစိုက်ပိုစတာများ စိုက်ထူနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် "ကျန်းမာရေးဆပ်ကော်မတီ"နှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အခမ်းအနားသို့ တက်ရောက်မည့်သူများအား COVID-19 ရောဂါ ကူးစက်မှုနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် အချက်များကို တိတိကျကျ လိုက်နာဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးသွားမည့်အခြေအနေများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်းက ၂၀၂၁ ခုနှစ်၊ (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကျန်းမာရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှုအခြေအနေ၊ COVID-19 ရောဂါ ကူးစက်ဖြစ်ပွားမှုမရှိစေရေးအတွက် လိုအပ်သည့် ဆေးနှင့် အကာအကွယ်ပစ္စည်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ အခမ်းအနားကျင်းပမည့် နေရာများတွင် COVID-19 ရောဂါ ကူးစက်ဖြစ်ပွားမှု မရှိစေရေးအတွက် ကြိုတင်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ အခမ်းအနားတွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးမှု ကြိုတင်ဆောင်ရွက်ပေးမည့် အခြေအနေများ၊ အခမ်းအနား ကျင်းပရာတွင် လိုက်နာဆောင်ရွက်ရမည့် စံလုပ်ငန်းလမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းကူညီစစ်ဆေးဆောင်ရွက်သွားမည့် အခြေအနေများနှင့် ဗဟိုကော်မတီ၏ ပထမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါ်နိုင်သက်ဦးက "စာရင်းစစ်ဆေးရေးဆပ်ကော်မတီ"နှင့်စပ်လျဉ်း၍ ဆပ်ကော်မတီအသီးသီး၏ ဘဏ္ဍာငွေသုံးစွဲမှုများနှင့်စပ်လျဉ်း၍ စာရင်းစစ်ဆေးဆောင်ရွက်သွားမည့်အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က "အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ"နှင့်စပ်လျဉ်း၍ ပြည်ထောင်စုနေ့အခမ်းအနားများအတွက် လူဦးရေကန့်သတ်လျှော့ချကာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ပေးထားသည့် Social Distancing များနှင့်အညီ နေရာချထားမည့် လျာထားမှုအကွက်ချပုံစံနှင့် အခမ်းအနားကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က "ပြန်ကြားရေးဆပ်ကော်မတီ"နှင့်စပ်လျဉ်း၍ ပြည်ထောင်စုနေ့နှင့် ပြည်ထောင်စုနေ့အကြိုကာလတွင် နိုင်ငံပိုင်သတင်းစာများ၊ ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့တွင် ထုတ်လွှင့်ဖော်ပြမည့် ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်များ၊ ပြည်ထောင်စုနေ့အခမ်းအနားအား တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံက ပြည်ထောင်စုနေ့အခမ်းအနားတွင် ပါဝင်ဆောင်ရွက်မည့် တိုင်းရင်းသားတိုင်းရင်းသူများ စိစစ်ရွေးချယ်ထားရှိမှုအခြေအနေ၊ အဆိုပါ တိုင်းရင်းသား တိုင်းရင်းသူများအား COVID-19 ရောဂါ ကူးစက်ဖြစ်ပွားမှုမရှိစေရေးအတွက် စီမံဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ကျန်းမာရေးစစ်ဆေးပေးသွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတိုးသွင်က ၂၀၂၁ ခုနှစ်၊ (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့နှင့် သက်ဆိုင်သောအခမ်းအနားများ မကျင်းပမီနှင့် ကျင်းပနေစဉ်အတွင်း လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမရှိစေရေးအတွက် ကြိုတင်စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ဆပ်ကော်မတီများအလိုက် တင်ပြချက်များ၊ အကြံပြုဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ၃၉၅ မဂ္ဂါဝပ် LNG to Power Project အတွက် ဓာတ်အားဝယ်ယူရေးစာချုပ် ချုပ်ဆိုခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၉**

ရန်ကုန်တိုင်းဒေသကြီး အလုံဓာတ်အားပေးစက်ရုံဝင်းအတွင်း TTCL Power Myanmar Co.,Ltd. က အကောင်အထည်ဖော်ဆောင်ရွက်မည့် ၃၉၅ မဂ္ဂါဝပ် LNG to Power Project အတွက် ဓာတ်အားဝယ်ယူရေးစာချုပ် ချုပ်ဆိုခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းစနစ်များနှင့်အညီ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် ဒေါက်တာထွန်းနိုင်၊ အမြဲတမ်းအတွင်းဝန် ဦးသန်းဇော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး TTCL Power Myanmar Co.,Ltd. မှ President & CEO Mr. Hironobu Iriya၊ Managing Director Ms. Suratana Trinratana နှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။





ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ယခုအခါ လျှပ်စစ်ဓာတ်အား တိုးတက်လိုအပ်လာသည်နှင့်အမျှ လျှပ်စစ်ဓာတ်အားကို ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာတွင် ပြည်ပမှ LNG တင်သွင်းဓာတ်အားထုတ်လုပ်ခြင်းအပါအဝင် ပြည်တွင်းမှ ရနိုင်သမျှသော အရင်းအမြစ်များအားလုံးမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် LNG to Power စီမံကိန်းကြီး သုံးခုအတွက် ကုမ္ပဏီများသို့ Notice to Proceed (NTP) ထုတ်ပေးခဲ့ပါကြောင်း၊ ၎င်းစီမံကိန်း သုံးခုအနက်မှ TTCL Co.,Ltd မှ ရင်းနှီးမြှုပ်နှံဆောင်ရွက်ခဲ့သော အလုံ LNG to Power Combined Cycle Power Plant စီမံကိန်းသည်လည်း တစ်ခုအပါအဝင် ဖြစ်ပါကြောင်း၊ အလုံ LNG စီမံကိန်းကို ၂၀၁၈ ခုနှစ်မှ စတင်ခဲ့ပြီး Feasibility Study ၊ Environmental Impact Assessment ၊ LNG Feasibility နှင့် Gas Pipeline တို့အပါအဝင် စီမံကိန်းအတွက် မြေယာပိုင်ဆိုင်မှု အစရှိသည့် လုပ်ငန်းများကို TTCL Co.,Ltd. က ကြိုတင်ပြင်ဆင်ခြင်းကာလ နှစ်နှစ်အတွင်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

တစ်ချိန်တည်းတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် PPA စာချုပ်ချုပ်ဆိုနိုင်ရေးကုမ္ပဏီများ၊ Stakeholders များ အားလုံးနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါကြောင်း၊ စီမံကိန်းသဘောသဘာဝအရ အခြားသော သမားရိုးကျစီမံကိန်းများနှင့် ကွဲပြားနေသည့်အတွက် ဌာနအနေဖြင့် နိုင်ငံတကာ ဥပဒေရေးရာ၊ စီးပွားရေးရာ၊ အတတ်ပညာပိုင်းဆိုင်ရာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း၊ PPA စာချုပ်ပါ Schedule အရ TTCL ကုမ္ပဏီအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အလုံဓာတ်အားပေးစက်ရုံ Combined Cycle Power Plant စီမံကိန်း၏ စီးပွားဖြစ်စတင်လည်ပတ်နိုင်မှုသည် ယခုလာမည့်သုံးနှစ်အတွင်း ပြီးစီးရန် ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ Combined Cycle Technology ကို အသုံးပြုခြင်းဖြင့် လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက်ထုတ်လုပ်နိုင်ပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိသလောက်နည်းပါးခြင်းစသည့် အကျိုးကျေးဇူးများလည်း ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ TTCL ကုမ္ပဏီသည် LNG ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကဏ္ဍ၌ ဂျပန်နိုင်ငံတွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းအတွေ့အကြုံများ ရှိပြီးဖြစ်သည့်အပြင် ကုန်းတွင်းပိုင်း LNG Terminal and Regasification Unit တည်ဆောက်ခြင်း၊ လိုအပ်သောဆက်စပ်ပစ္စည်းများဖြစ်သည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းနှင့် Transmission Line အားလုံးကို ရန်ကုန်ဧရိယာအတွင်း တည်ဆောက်သွားမည်ဖြစ်သည့်အတွက် ကုမ္ပဏီအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းနှင့် Operation လုပ်ငန်းအဆင့်တိုင်းတွင် နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းများသာမက နိုင်ငံတွင်း စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကိုပါ လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း။

**အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်**

လက်ရှိအခြေအနေတွင် ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ကပ်ရောဂါ၏ သက်ရောက်မှုကြောင့် အလုပ်အကိုင် အခွင့်အလမ်းများ ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်လျက်ရှိရာ မြန်မာနိုင်ငံရှိ ပြည်သူလူထု အများစုသည်လည်း အဆိုပါ ကိုဗစ်-၁၉ ကပ်ရောဂါ၏ သက်ရောက်မှုကို များစွာခံစားနေကြရသည့်အတွက် လူမှုစီးပွားဘဝ ဆုံးရှုံးမှုများရှိနေပါကြောင်း၊ ယခုစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့်အတွက် စီမံကိန်းအနီးအနားရှိ ဒေသခံပြည်သူလူထုများအနေဖြင့် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေသည့်ကာလနှင့် ထုတ်လုပ်မောင်းနှင်နေသောကာလတို့တွင် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာပြည်သူလူထုအတွက်လည်း တန်ဖိုးရှိသော အထောက်အကူတစ်ရပ်ဖြစ်မည်ဖြစ်ပါကြောင်း။

အဆိုပါစီမံကိန်းသည် မြန်မာနိုင်ငံတွင် ကုန်းတွင်းပိုင်း LNG Terminal နှင့် Regasification Unit ကို အသုံးပြုသည့် ပထမဆုံး ရေရှည် LNG စီမံကိန်းတစ်ခုဖြစ်ပြီး LNG ထောက်ပံ့မှုသည်လည်း တည်ငြိမ်စွာ ဆောင်ရွက်နိုင်ခြင်းကြောင့် ယုံကြည်စိတ်ချရမှုမြင့်မားသည့် စီမံကိန်းတစ်ခုလည်းဖြစ်ပါကြောင်း၊ ယခုစီမံကိန်း အောင်မြင်စွာပြီးဆုံးသည့်အခါ PPA စာချုပ်အရ ရန်ကုန်တိုင်းဒေသကြီးကို လျှပ်စစ်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပြီး အထူးသဖြင့် ပိုမိုတည်ငြိမ်စိတ်ချရသည့် လျှပ်စစ်ဓာတ်အားကို ထောက်ပံ့ပေးနိုင်မည်လည်းဖြစ်ပါကြောင်း၊ ကုမ္ပဏီအနေဖြင့်လည်း PPA တွင် ဖော်ပြထားသော Time Schedule အတိုင်း အချိန်မီပြီးစီးနိုင်ရေး အကောင်းဆုံးအားထုတ်ကြိုးပမ်းဆောင်ရွက်သွားရန်လည်း လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် စီမံကိန်းအဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် TTCL Power Myanmar Co.,Ltd. အနေဖြင့် သတ်မှတ်ထားသော လျာထားချက်အတိုင်း စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် TTCL Power Myanmar Co.,Ltd. မှ Chairman of the Board of Directors, President & CEO Mr. Hironobu Iriya က စီမံကိန်းနှင့်စပ်လျဉ်း၍ မိမိတို့ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းနိုင်ဦးနှင့် TTCL Power Myanmar Co.,Ltd. မှ Managing Director Ms. Suratana Trinratana တို့က Power Purchase Agreement (PPA) စာချုပ်အား လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

☆ ရှေ့ဖုံးမှ

"ငါးကို ဆိုက်အမျိုးမျိုး အခြေခံလူတန်းတွေစားနိုင်တဲ့ ဆိုက်မျိုးလည်း သူစျေးနဲ့သူ ပေါပေါများများပေးနိုင်တယ်၊ အဲဒါတွေကို တစ်ပြည်လုံးမှာ ပိုပြီးတော့ တွင်တွင်ကျယ်ကျယ် ရောင်းရအောင် စျေးကွက်လည်း ပိုပြီးတော့ ဖွံ့ဖြိုးလာအောင် ဆိုရင်တော့ ကားနဲ့လိုက်ရောင်းမယ်ဆို အချိန်မရွေး ကျွန်တော်တို့က လက်ကားစျေးကွက်ထဲမှာ စျေးချိုချိုနဲ့ လာဝယ်လို့ရပါတယ်။ အဲဒါကို ကျွန်တော်တို့ဘက်က အချိန်မရွေး ရောင်းပေးနိုင်တယ်။ အဲဒီအစီအစဉ်တော့ ကျွန်တော်တို့ ပူးပေါင်းပါဝင်နေပါတယ်"ဟု ဦးဝင်းကြိုင်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ကြည့်မြင်တိုင် စံပြငါးစျေးနှင့် ရွှေပိတောက်ငါးစျေး နှစ်ခုရှိပြီး ယင်းငါးစျေးတွင် ရေချိုဖြစ်စေ၊ ရေငန်ဖြစ်စေ နေ့စဉ်ပေါက်စျေးဖြင့် လိုအပ်သလောက် လက်ကားဝယ်ယူနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံအောက်ပိုင်းဒေသများဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ် စသည်တို့သည် ငါးစားသုံးမှု မြင့်မားပြီး ငါးထုတ်လုပ်မှုလည်း မြင့်မားကြောင်း၊ သို့သော် ပဲခူးတိုင်းဒေသကြီး အထက်ပိုင်းမှစ၍ အထက်မြန်မာပြည် အပါအဝင် တောင်တန်းဒေသများ၌ ငါးစားသုံးမှုနည်းပါးပြီး ငါးထုတ်လုပ်မှုမှာလည်း အနည်းငယ်သာရှိကြောင်း၊ ပြည်တွင်းငါးစားသုံးမှု တိုးတက်လိုပါက မြန်မာပြည်အထက်ပိုင်း စျေးကွက်သို့ ဖြန့်ဖြူးရန်လိုကြောင်း ဦးဝင်းကြိုင်က ဆက်လက်ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းငါးစားသုံးမှုများအနက် မွေးမြူရေးငါးစားသုံးမှုသည် တစ်ရက်လျှင် ပိဿာချိန်ခြောက်သိန်းခန့်ရှိသော်လည်း လက်ရှိ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ပြည်တွင်းစားသုံးမှုမှာ ၁၀၀ ရာခိုင်နှုန်း မရှိတော့ဘဲ ၆၀ မှ ၆၅ ရာခိုင်နှုန်းအထိ ကျဆင်းလာကြောင်း သိရသည်။

ထို့ပြင် မြန်မာ-တရုတ်နယ်စပ်မှ ဒုတိယအများဆုံး တင်ပို့သည့် တရုတ်မှ ရေထွက်ကုန်ပစ္စည်းများ တင်ပို့မှု ရပ်ဆိုင်းထားခြင်း၊ မြန်မာ-ထိုင်းနယ်စပ်မှ အများဆုံးတင်ပို့သည့် ထိုင်းနိုင်ငံအနေဖြင့်လည်း ထီးခီး၊ မောတောင် စသောနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများ ပိတ်ထားခြင်း အပြင် ရေထွက်ကုန် စျေးနှုန်းများ ထက်ဝက်ခန့် ကျဆင်းနေခြင်းတို့ကြောင့် ပြည်ပတင်ပို့မှု လျော့နည်းလျက်ရှိသည်။

ယခုဘဏ္ဍာနှစ်တွင်လည်း မူလက အမေရိကန်ဒေါ်လာ သန်း ၁၀၀၀ မျှော်မှန်းထားပြီး လက်ရှိ အောက်တိုဘာ ၁ ရက်မှ ဇန်နဝါရီ ၁ ရက်အထိ ပြည်ပသို့ ရေထွက်ကုန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၂၄၂ ဒသမ ၃၅၂ သန်း ရရှိထားကာ ပြီးခဲ့သည့် ဘဏ္ဍာနှစ် ကာလတူတွင် ပြည်ပသို့ ရေထွက်ကုန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၂၆၁ ဒသမ ၉၉၄ သန်း ရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းများအရ သိရသည်။

ထို့ကြောင့် ပြည်ပသို့ ရေထွက်ကုန် တင်ပို့မှုမှာ ပြီးခဲ့သည့် ကာလတူနှင့် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၆၄၂ သန်း လျော့ကျခဲ့သည်။ **ငြိမ်းငြိမ်း**

# မီးလောင်မှုလျော့နည်းကျဆင်းရေးအတွက် မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြှိမ်းသတ်ရေး ကဏ္ဍသုံးခုနဲ့အညီ ဆက်လက်ဆောင်ရွက်သွားမှာပါ

ညွှန်ကြားရေးမှူး(ဦးစီး) ဦးသိန်းထွန်းဦး

တွေ့ဆုံမေးမြန်း
တင်ဝင်းလေး(ကြည့်မြင်တိုင်)
ဓာတ်ပုံ - MFSD

**ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနသည် ပြည်သူလူထု၏ အသက်အိုးအိမ်ပစ္စည်းများ၊ နိုင်ငံတော်အတွင်းရှိ ကုန်ထုတ်အရင်းအနှီးများအား မီးဘေးအန္တရာယ်မှ တားဆီးကာကွယ်ရေး လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယခင်နှစ် ၂၀၂၀ ပြည့်နှစ်အတွင်း နိုင်ငံတစ်ဝန်းတွင် ဖြစ်ပွားခဲ့သော မီးလောင်မှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ၂၀၂၁ ခုနှစ် နှစ်ဦးပိုင်းမှစ၍ မီးသတ်ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း သိရှိနိုင်ရန်အတွက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ညွှန်ကြားရေးမှူး (ဦးစီး) ဦးသိန်းထွန်းဦးအား တွေ့ဆုံမေးမြန်းထားပါသည်-**

မေး ။ ။ ၂၀၂၀ ပြည့်နှစ်အတွင်း နိုင်ငံတစ်ဝန်းမှာ ဖြစ်ပွားခဲ့တဲ့ မီးလောင်မှုနဲ့ ဆုံးရှုံးမှုအခြေအနေကို ပြောပြပေးစေလိုပါတယ်ခင်ဗျာ။

ဖြေ ။ ။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်နေ့ကနေ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ နိုင်ငံတစ်ဝန်း မီးလောင်မှု ၂၁၃၉ ကြိမ် ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၆၆၄၀ ဒသမ ၇၄ သန်း (ကျပ်ခြောက်ထောင်ခြောက်ရာ လေးဆယ် ဒသမ ခုနစ်ဆယ့်လေးသန်း) ခန့်ဆုံးရှုံးခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ်အတွင်း ဖြစ်ပွားခဲ့သော မီးလောင်မှု အမျိုးအစားအလိုက် ရာခိုင်နှုန်းအားဖြင့် ပြောရရင် ပေါ့ဆမီးက ၃၄ ရာခိုင်နှုန်းနဲ့ အများဆုံးဖြစ်ပြီး လျှပ်စစ်မီးက ၂၅ ရာခိုင်နှုန်းနဲ့ ဒုတိယအများဆုံး ဖြစ်ပါတယ်။ တတိယအများဆုံးကတော့ မီးဖိုမီး ၁၇ ရာခိုင်နှုန်း၊ မသမာသူရှို့မီး ၁၄ ရာခိုင်နှုန်း၊ တောမီး ရှစ်ရာခိုင်နှုန်း၊ အခြားမီးလောင်မှုများကတော့ နှစ်ရာခိုင်နှုန်းတို့ ဖြစ်ပါတယ်။

မေး ။ ။ ဘယ်တိုင်းဒေသကြီး/ ပြည်နယ်တွေမှာ မီးလောင်မှုအကြိမ်အရေအတွက်နဲ့ ဆုံးရှုံးမှုတန်ဖိုးအများဆုံး ဖြစ်ပွားခဲ့ပါသလဲ။

ဖြေ ။ ။ ၂၀၂၀ ပြည့်နှစ်အတွင်း မီးလောင်မှုတွေမှာ မန္တလေးတိုင်းဒေသကြီးက တစ်နှစ်ပတ်လုံး ၂၉၈ ကြိမ်နဲ့ အများဆုံးဖြစ်ပွားခဲ့ပြီး ဒုတိယအများဆုံးအနေနဲ့ ရန်ကုန်တိုင်းဒေသကြီးက ၂၃၃ ကြိမ် ဖြစ်ပွားခဲ့ပါတယ်။ တတိယအများဆုံးအနေနဲ့ကတော့ စစ်ကိုင်းတိုင်းဒေသကြီးမှာ ၂၂၆ ကြိမ် ဖြစ်ပွားခဲ့ပါတယ်။ ဆုံးရှုံးမှုအနေနဲ့ကတော့ ရန်ကုန်တိုင်းဒေသကြီးမှာ ကျပ်သန်းပေါင်း ၂၉၀၆ ဒသမ ၃၂၃ သန်းနဲ့ အများဆုံးဖြစ်ပွားခဲ့ပြီး မန္တလေးတိုင်းဒေသကြီးမှာ ကျပ်သန်းပေါင်း ၁၃၁၃ ဒသမ ၄၂၅ သန်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှာ ကျပ်သန်းပေါင်း ၇၅၅ ဒသမ ၄၉၈ သန်း မီးလောင်ဆုံးရှုံးခဲ့ပါတယ်။

မေး ။ ။ ရန်ကုန်တိုင်းဒေသကြီးအနေနဲ့ မီးလောင်မှုအကြိမ် အရေအတွက်နည်းပြီး ဆုံးရှုံးမှုတန်ဖိုးများရတဲ့ အကြောင်းရင်းကို သိလိုပါတယ်။

ဖြေ ။ ။ ရန်ကုန်တိုင်းဒေသကြီးဟာ လူဦးရေ ထူထပ်များပြားသလို လူနေအိမ်အဆောက်အအုံတွေ၊ အထပ်မြင့်အဆောက်အအုံတွေ၊ စက်မှုလက်မှုလုပ်ငန်းတွေ၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေနဲ့ စက်မှုဇုန်လုပ်ငန်းနဲ့ စက်ရုံအလုပ်ရုံတွေ၊ ဟိုတယ်/ မိုတယ်တွေ၊ ဈေးတွေလည်း များပြားပါတယ်။ ဒါကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း မီးလောင်မှုတွေ ဖြစ်ပွားတဲ့အခါမှာ ဆုံးရှုံးမှုတန်ဖိုး များပြားရတာ ဖြစ်ပါတယ်။

မေး ။ ။ ၂၀၂၀ ပြည့်နှစ်အတွင်း မီးလောင်မှုအကြိမ်ရေအများဆုံးဖြစ်ပွားခဲ့တဲ့ လတွေကိုလည်း သိချင်ပါတယ်။

ဖြေ ။ ။ ၂၀၂၀ ပြည့်နှစ် မတ်လကတော့ ၃၆၁ ကြိမ်နဲ့ အများဆုံးဖြစ်ပွားခဲ့ပြီး ဖေဖော်ဝါရီလမှာ ၃၀၃ ကြိမ်နဲ့ ဒုတိယအများဆုံး၊ ဧပြီလမှာ ၂၇၃ ကြိမ်နဲ့ တတိယအများဆုံး ဖြစ်ပွားခဲ့ပါတယ်။

မေး ။ ။ မြို့ပြမီးလောင်မှုနဲ့ ကျေးလက်မီးလောင်မှုအကြိမ်ရေ ဘယ်ဟာက ပိုများပါသလဲ။

ဖြေ ။ ။ ကျေးလက်မီးလောင်မှုဟာ မြို့ပြထက် နှစ်စဉ်ပိုမိုများပြားပါတယ်။ ၂၀၂၀ ပြည့်နှစ်အတွင်းမှာ ဖြစ်ပွားခဲ့တဲ့ မီးလောင်မှု အကြိမ်ရေရဲ့ ၅၂ ရာခိုင်နှုန်းဟာ ကျေးလက်ဒေသမှာ ဖြစ်ပွားခဲ့ပြီး မြို့ပြမှာတော့ ၄၈ ရာခိုင်နှုန်း ဖြစ်ပွားခဲ့ပါတယ်။

မေး ။ ။ ကျေးလက်ဒေသ မီးလောင်မှုတွေ နှစ်စဉ်များပြားရတဲ့အကြောင်းရင်းကို သိချင်ပါတယ်။

ဖြေ ။ ။ ကျေးလက်ဒေသတွေမှာ သစ်၊ ဝါးခနီ နေအိမ်နဲ့ နေထိုင်တာများပြားခြင်း၊ ထင်း/ မီးသွေး စတဲ့လောင်စာတွေကို အသုံးပြုချက်ပြုတ်ခြင်း၊ တောင်ယာနဲ့ တောမီးလောင်မှုများကနေတစ်ဆင့် ကူးစက်လောင်ကျွမ်းခြင်း၊ လမ်းပန်းနဲ့ သတင်းဆက်သွယ်ရေးခက်ခဲမှုအချို့ ရှိခြင်းတို့ကြောင့် ဖြစ်ပါတယ်။ ကျေးလက်ဒေသတွေမှာ ဖြစ်ပွားတဲ့မီးလောင်မှုတွေဟာ အကြိမ်ရေ များပြားပေမယ့် ဆုံးရှုံးမှု နည်းပါးပါတယ်။

မေး ။ ။ ကျေးလက်ဒေသတွေမှာ မီးလောင်မှုတွေ နည်းပါးစေဖို့ မီးသတ်တပ်ဖွဲ့အနေနဲ့ ဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်များကို သိရှိလိုပါတယ်။

ဖြေ ။ ။ ကျွန်တော်တို့ နိုင်ငံမှာရှိတဲ့ကျေးလက်ဒေသတွေဟာ မြို့ပြမှာရှိတဲ့ မြို့နယ်မီးသတ်စခန်းများနဲ့ အလှမ်းဝေးတဲ့ အတွက် မီးသတ်တပ်ဖွဲ့အနေနဲ့ ကျေးလက်ဒေသ မီးလောင်မှု လျော့နည်းစေဖို့ ကျေးရွာ/ အုပ်စုအဆင့်တိုင်အောင် နယ်မြေမီးသတ်စခန်းများ ဖွင့်လှစ်နိုင်ဖို့ ဆောင်ရွက်နေခြင်း၊ ကျေးရွာ/အုပ်စုအဆင့် မီးဘေးလုံခြုံရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊ ကျေးရွာ/ အုပ်စုအလိုက် အရန်မီးသတ်တပ်ဖွဲ့များ ဖွဲ့စည်းခြင်း၊ ကျေးလက်နေပြည်သူများက မီးဘေးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို သိရှိလိုက်နာဆောင်ရွက်စေရန် အသိပညာပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

မေး ။ ။ ၂၀၂၀ ပြည့်နှစ်အတွင်း မီးဘေးအန္တရာယ်ကြောင့် လူ့အသက်ဆုံးရှုံးမှု၊ ထိခိုက်ဒဏ်ရာရရှိမှုနဲ့ အိုးအိမ်ပစ္စည်းများ ဆုံးရှုံးခဲ့ရမှုအခြေအနေကို သိလိုပါတယ်။

ဖြေ ။ ။ ၂၀၂၀ ပြည့်နှစ်အတွင်း မီးဘေးအန္တရာယ်ကြောင့် လူသေဆုံးမှု ၇၅ ဦး၊ ဒဏ်ရာရရှိသူ ၂၂၀ နဲ့ မီးဘေးဒုက္ခသည် ၅၄၄၃ ဦး၊ အိမ်ခြေအဆောက်အအုံပေါင်း ၃၁၆၃ လုံးနဲ့ စက်ရုံ/ အလုပ်ရုံ၊ ဂိုဒေါင်စုစုပေါင်း ၈၃ လုံးတို့ ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။



ညွှန်ကြားရေးမှူး(ဦးစီး) ဦးသိန်းထွန်းဦး

မေး ။ ။ လွန်ခဲ့တဲ့ ၁၀ နှစ်ကာလအတွင်း မီးလောင်မှု အခြေအနေလေးကို သုံးသပ်ပေးစေလိုပါတယ်။

ဖြေ ။ ။ တစ်နိုင်ငံလုံးအတိုင်းအတာ အနေနဲ့ ၂၀၁၁ ခုနှစ်မှ ၂၀၂၀ အထိ နှစ်အလိုက် ဖြစ်ပွားခဲ့တဲ့ မီးလောင်မှုတွေကို သုံးသပ်ရာမှာ ၂၀၁၁ ခုနှစ်မှာ ၉၂၃ ကြိမ်နဲ့ အနည်းဆုံးဖြစ်ပွားခဲ့ပြီး ၂၀၁၂ ခုနှစ်မှာ ၁၂၁၉ ကြိမ်၊ ၂၀၁၃ ခုနှစ်မှာ ၁၆၇၃ ကြိမ်၊ ၂၀၁၄ ခုနှစ်မှာ ၁၆၂၉ ကြိမ် စသဖြင့် နှစ်အလိုက် များပြားလာပါတယ်။ ၂၀၁၉ ခုနှစ်မှာတော့ ၂၁၅၅ ကြိမ်နဲ့ အကြိမ်ရေအများဆုံးဖြစ်ပွားခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာ ၂၁၃၉ ကြိမ်နဲ့ မီးလောင်မှုအကြိမ်ရေ အနည်းငယ်လျော့ကျခဲ့ပြီး ဒီလိုလျော့ကျခဲ့တာကတော့ COVID-19 ရောဂါဖြစ်ပွားနေတဲ့အတွက် ပြည်သူတွေဟာ Stay Home အစီအစဉ်ကြောင့် မိမိတို့နေအိမ်များမှာ နေထိုင်နေကြတဲ့ အတွက်ကြောင့်လို့ သုံးသပ်ယူဆပါတယ်။ မီးလောင်ဆုံးရှုံးမှုအနေနဲ့ကတော့ ၂၀၁၇ ခုနှစ်မှာ ကျပ်သန်းပေါင်း ၄၇၀၀၀ ကျော်နဲ့ အများဆုံး ဖြစ်ပွားခဲ့ပြီး ၂၀၁၆ ခုနှစ်မှာ ကျပ်သန်းပေါင်း ၄၁၀၀၀ ကျော်နဲ့ ဒုတိယအများဆုံး ဖြစ်ပွားခဲ့ပါတယ်။ လူသေဆုံးမှုအနေနဲ့ကတော့ ၂၀၁၂ ခုနှစ်မှာ လူဦးရေ ၁၈၄ ယောက်နဲ့ အများဆုံးဖြစ်ပြီး ၂၀၁၇ ခုနှစ်မှာ လူဦးရေ ၁၀၄ ယောက်နဲ့ ဒုတိယအများဆုံးသေဆုံးခဲ့တာကို တွေ့ရှိရပါတယ်။

မေး ။ ။ ဒီလို နှစ်အလိုက် မီးလောင်မှုတွေ မြင့်တက်လာရတဲ့ အကြောင်းရင်းကို သိရှိလိုပါတယ်။

ဖြေ ။ ။ ကျွန်တော်တို့ နိုင်ငံမှာ နှစ်စဉ် မီးလောင်မှုကြောင့် ကျပ်သန်းပေါင်းများစွာ ဆုံးရှုံးမှုတွေ ဖြစ်ပေါ်ခဲ့သလို မီးလောင်သေဆုံးမှုဟာလည်း နှစ်စဉ်လူဦးရေ ပျမ်းမျှ ၁၀၀ ခန့် ရှိနေပါတယ်။ နှစ်အလိုက် မီးလောင်မှုတွေ များပြားတာကတော့ နိုင်ငံတော်အတွင်း လူဦးရေ/ အိမ်ခြေ တိုးတက်များပြားလာခြင်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ စက်ရုံ/ အလုပ်ရုံတွေ များပြားလာခြင်း၊ လျှပ်စစ်နဲ့ လောင်စာဆီသုံးစွဲမှုများ မြင့်တက်လာခြင်း စတဲ့အကြောင်းရင်းများကြောင့် ဖြစ်ပါတယ်။

မေး ။ ။ နှစ်အလိုက် မီးလောင်မှုတွေ မြင့်တက်လာတာနဲ့ ပတ်သက်ပြီးတော့ ၂၀၂၁ ခုနှစ်အတွင်းမှာ မီးသတ်တပ်ဖွဲ့အနေနဲ့ မီးလောင်မှုတွေ လျော့နည်းကျဆင်းစေရေး ဘယ်လိုစီမံဆောင်ရွက်သွားမယ်ဆိုတာကို သိရှိလိုပါတယ်။

ဖြေ ။ ။ မီးသတ်တပ်ဖွဲ့အနေနဲ့ မီးလောင်မှုတွေ လျော့နည်းကျဆင်းစေရေးအတွက် မီးသတိမူရေး နှိုးဆော်အသိပညာပေးရေးကဏ္ဍ၊ မီးဘေးကြိုတင်ကာကွယ်တားဆီးရေးကဏ္ဍ၊ မီးငြှိမ်းသတ်ရေးကဏ္ဍဆိုတဲ့ ကဏ္ဍသုံးခုနဲ့ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မီးသတိမူရေး နှိုးဆော်အသိပညာပေးရေးကဏ္ဍအနေနဲ့ကတော့ ပြည်သူလူထုအတွင်း မီးသတိမူရေးလုပ်ငန်းများ စိမ့်ဝင်ပျံ့နှံ့စေရေးနဲ့ မီးဘေးအန္တရာယ်ရဲ့ အနိဋ္ဌာရုံဆိုးကျိုးများ သိရှိနိုင်ရေးအတွက် ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတို့ကနေ လှုံ့ဆော်ပညာပေးမှု အစီအစဉ်များ ထုတ်လွှင့်ခြင်း၊ ကျောင်းတွေ၊ ဈေးတွေ၊ ကျေးရွာ/ ရပ်ကွက်၊ မြို့နယ်တွေ၊ စက်ရုံ/ အလုပ်ရုံတွေမှာ Community Based Fire Safety Education Programme အစီအစဉ်နဲ့ မီးဘေးသတိမူရေးအတွက် အသိပညာပေးဟောပြောခြင်း စတာတွေကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မီးဘေး ကြိုတင်ကာကွယ်တားဆီးရေးကဏ္ဍအနေနဲ့ကတော့ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုတွေမှာ မီးဘေးလုံခြုံရေးအတွက် သက်ဆိုင်ရာဒေသမှာရှိတဲ့ စီမံခန့်ခွဲမှုကော်မတီရဲ့ကြီးကြပ်မှု၊ အထောက်အကူပြုကော်မတီနဲ့ စည်ပင်သာယာရေးကော်မတီတွေရဲ့ ပေါင်းစပ်ညှိနှိုင်းမှုနဲ့ အထပ်မြင့် အဆောက်အအုံတွေ၊ ဆေးရုံ၊ ဈေး၊ ကျောင်း၊ ဓာတ်ရုံ၊ ရုပ်ရှင်ရုံ၊ ဟိုတယ်၊ မိုတယ်၊ စက်ရုံ/အလုပ်ရုံတွေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွေ၊ ဆီသိုလှောင်ကန်နဲ့ မီးလောင်လွယ်တဲ့ပစ္စည်းတွေ၊ သိုလှောင်ရုံတွေရဲ့ မီးဘေးလုံခြုံရေး ကိစ္စရပ်တွေကို စစ်ဆေးအကြံပြု ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒါ့အပြင် နိုင်ငံအတွင်း တိုးတက်တည်ဆောက်လာမယ့် လူမှု/ စီးပွား အဆောက်အအုံတွေရဲ့ မီးဘေးလုံခြုံရေးအတွက် စစ်ဆေးအကြံပြုခြင်းလုပ်ငန်းတွေကို ၃၀-၁၂-၂၀၂၀ ရက်နေ့မှာ ထုတ်ပြန်ခဲ့တဲ့ **မြန်မာနိုင်ငံ မီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ချက်များ (Myanmar Fire Safety Code-2020)** နဲ့အညီ ၁-၁-၂၀၂၁ ရက်နေ့ ကစပြီး ပြည်သူလူထုက စနစ်တကျ လိုက်နာ ဆောင်ရွက်စေရေး ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် မြို့ပြနဲ့ ကျေးလက်ဒေသတွေမှာရှိတဲ့ လူနေအိမ်တွေ၊ စက်ရုံ/ အလုပ်ရုံ၊ ဈေးနဲ့ စက်သုံးဆီဆိုင်တွေမှာ မီးလောင်မှု မဖြစ်ပွားစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေးခြင်း၊ အကြံပြုဟောပြောခြင်းနဲ့ ဓာတ်တိုက် လေ့ကျင့်ခြင်းတွေကို ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာတွေနဲ့ ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မီးငြှိမ်းသတ်ရေး ကဏ္ဍအနေနဲ့ကတော့ တိုင်းဒေသကြီး/ ပြည်နယ် အလိုက် တပ်ဖွဲ့ဝင်၊ ယာဉ်/ စက်အင်အားတို့အပေါ် မူတည်ပြီး မီးငြှိမ်းသတ်ရေးအစီအမံတွေကို Level အလိုက် သတ်မှတ်စီမံရေးဆွဲခြင်း၊ မီးလောင်မှုများ ဖြစ်ပွားပါက ဖြစ်ပွားလျှင်ဖြစ်ပွားချင်း သိရှိနိုင်ရေး မီးသတ်တပ်ဖွဲ့ရဲ့ အရေးပေါ်ဖုန်း နံပါတ် - ၁၉၁ (Hot Line Number-191) ကို ပြည်သူလူထု အလွယ်တကူသိရှိနိုင်ရေး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မေး ။ ။ ဆရာ့အနေနဲ့ အခြားဖြည့်စွက်ပြောကြားလိုတာရှိရင် ပြောပြပေးပါခင်ဗျာ။

ဖြေ ။ ။ မီးသတ်လုပ်ငန်းဆိုတာ မီးသတ်တပ်ဖွဲ့တစ်ခုတည်း သီးခြားဆောင်ရွက်လို့ မရပါဘူး။ နိုင်ငံအတွင်းမှာရှိတဲ့ ပြည်သူလူထုအပါအဝင် ပရဟိတစိတ်ထားရှိတဲ့ အဖွဲ့အစည်းတွေ အားလုံးက ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်စွာ ဆောင်ရွက်နိုင်မယ့်လုပ်ငန်း ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၂၁ ခုနှစ်အတွင်းမှာ ကျွန်တော်တို့ နိုင်ငံအတွင်း မီးလောင်မှု မဖြစ်ပွားစေဖို့နဲ့ ဖြစ်ပွားခဲ့ရင်လည်း ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်တွေ မီးဘေးကြောင့် ဆုံးရှုံးမှုမဖြစ်ပေါ်စေဖို့ သက်ဆိုင်ရာအဖွဲ့အစည်းတွေ၊ ပြည်သူတွေအနေနဲ့ မီးဘေးလုံခြုံရေး သတိ၊ မီးဘေးလုံခြုံရေးအသိများဖြင့် ဆက်လက်ပြီးတော့ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါလို့ လေးစားစွာ တိုက်တွန်းအပ်ပါတယ်။ ။



၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၀ ရက်က လသာမြို့နယ်ရှိ သံဈေး(၁၂)ထပ်ခွဲဈေးအဆောက်အအုံ မီးလောင်မှုဖြစ်စဉ်အား မီးငြှိမ်းသတ်နေစဉ်။

# ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၃၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၉**

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၃၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

အစည်းအဝေးသို့ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးလှကျော်နှင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက လယ်ယာမြေဥပဒေ၊ နည်းဥပဒေများအရ လယ်ယာမြေအခြားနည်း အသုံးပြုခွင့် လျှောက်ထားလာမှုများနှင့်ပတ်သက်၍ တိုင်းဒေသကြီး/ ပြည်နယ်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်များ၏ စိစစ်ဆောင်ရွက်ပေးမှုလုပ်ငန်းစဉ်များတွင် အချို့သောကိစ္စရပ်များ၌ ဥပဒေ၊ နည်းဥပဒေပါ ကာလအပိုင်းအခြားကို ကျော်လွန်၍ ကြာမြင့်နေခြင်းများဖြစ်ပေါ်နေသည်ကို တွေ့ရှိရပါသဖြင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းရှင်များ၊ ပုဂ္ဂလိကများ၊ အဖွဲ့အစည်းများအတွက် အခက်အခဲ အဟန့်အတားမဖြစ်စေရေးအတွက် သတ်မှတ်ကာလအတွင်း ပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ပေးရန်လိုကြောင်း၊ အခြားတစ်ဖက်တွင်လည်း သဘောထားမှတ်ချက် ပြန်ကြားပေးကြရမည့် ဌာနဆိုင်ရာအဖွဲ့အစည်းများအနေဖြင့်လည်း အချိန်မီပြန်ကြားပေးရန် လိုအပ်ပါကြောင်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး /ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့အသီးသီးမှ ပြည့်စုံစွာဖြင့် တင်ပြလာသော အခြားနည်း သုံးစွဲခွင့်ကိစ္စရပ်များကိုလည်း မူဝါဒသတ်မှတ်ချက်များနှင့် ညီညွတ်ပါက ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် ခွင့်ပြုမိန့်များ ဆောင်ရွက်ပေးလျက်ရှိရာ အဆိုပါ ခွင့်ပြုထားရှိမှုအပေါ် လယ်ယာမြေဥပဒေပါ သတ်မှတ်ချက်ကာလဖြစ်သည့် ခြောက်လအတွင်း စတင်အကောင်အထည်ဖော် ဆောင်ရွက်စေရန်နှင့် သတ်မှတ် ကာလအတွင်း လုပ်ငန်းပြီးမြောက်စေရေးအတွက် ဆောင်ရွက်ကြရန်လိုကြောင်း။

ထိုသို့ ဥပဒေပါသတ်မှတ်ချက် ခြောက်လတာကာလအတွင်း စတင်အကောင်အထည်ဖော် ဆောင်ရွက်မှုမရှိခြင်းနှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးမြောက်မှုမရှိသည့် လုပ်ငန်းများကိုလည်း စိစစ်ဖော်ထုတ်၍ ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ အရေးယူဆောင်ရွက်သွားနိုင်ရေးအတွက် သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များမှ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ဆောလျင်စွာ တင်ပြသွားကြရန်လိုအပ်ပါကြောင်း၊ လယ်ယာမြေနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားသော ဥပဒေပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေခြင်းသည် တရားဥပဒေစိုးမိုးရေး လုပ်ငန်းရပ်တစ်ခုလည်းဖြစ်ကြောင်း၊ ပြဋ္ဌာန်းထားသော ဥပဒေပါ စည်းကမ်းချက်များကို ဖောက်ဖျက်ကျူးလွန်သူသည် ဥပဒေအား ဖောက်ဖျက်ကျူးလွန်သူသာဖြစ်ပါကြောင်း၊ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေအား ပြင်ဆင်သည့်ဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပြီးဖြစ်သဖြင့် အဆိုပါဥပဒေနှင့် လိုက်လျောညီထွေသည့် နည်းဥပဒေအား ပြင်ဆင်ရေးဆွဲလျက်ရှိကြောင်း၊ အဆိုပါ နည်းဥပဒေ ပြဋ္ဌာန်းနိုင်မည်ဖြစ်ပါက တည်ဆဲလယ်ယာမြေဥပဒေ၊ နည်းဥပဒေနှင့်အညီ လယ်ယာမြေအပေါ် ခွင့်ပြုမိန့်မရရှိမီ အခြားနည်းသုံးစွဲခွင့်လုပ်ငန်းများ တားဆီးအရေးယူခြင်းကိစ္စရပ်ကို ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မကြာမီကာလအတွင်း ပြည်ထောင်စုအစိုးရအဖွဲ့အသစ်တာဝန်ယူကြတော့မည်ဖြစ်သည့်အတွက် အဆိုပါ အစိုးရအဖွဲ့အသစ်အတွက် လုပ်ငန်းဆိုင်ရာများ ပံ့ပိုးဆောင်ရွက်ပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားကြရန်လိုကြောင်း ပြောကြားသည်။



ယင်းနောက် အတွင်းရေးမှူး ဦးသက်နိုင်ဦးက ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၃၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့် လုပ်ငန်းများကို ဖတ်ကြားတင်ပြရာ အဖွဲ့ဥက္ကဋ္ဌနှင့် အစည်းအဝေးတက်ရောက်လာကြသူများက အကြောင်းအရာ တစ်ခုချင်းအလိုက် ဆွေးနွေးဆောင်ရွက်ကြသည်။

ယနေ့အစည်းအဝေးတွင် နစ်နာကြေး၊ လျော်ကြေးပေးချေရန်ကိစ္စ၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များအရ ပြန်လည်တင်ပြလာသည့် လုပ်ငန်းစာတွဲ အခြေအနေများနှင့် လယ်ယာမြေအခြားနည်း အသုံးပြုခွင့် ခွင့်ပြုချက်မရရှိမီ ကြိုတင်အသုံးပြုထားသည့်အတွက် လယ်ယာမြေဥပဒေ ပုဒ်မ-၁၉ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဒဏ်ကြေးငွေ အဆိုပြုချက် တင်ပြလာသော လုပ်ငန်းစာတွဲများကိစ္စ၊ ဌာနဆိုင်ရာမြေအဖြစ် လျှောက်ထားသောအမှုတွဲကိစ္စ၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် မသက်ဆိုင်သည့် အမှုတွဲကိစ္စ၊ ယခင်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုအဖွဲ့မှ ခွင့်ပြုထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကို လယ်ယာမြေအဖြစ် သတ်မှတ်ပေးရန် လယ်ယာမြေ ဥပဒေ ပုဒ်မ ၃၄ နှင့် လယ်ယာမြေ နည်းဥပဒေ ၃၅၊ ၃၆ တို့အရ လျှောက်ထားလာသည့် အမှုတွဲကိစ္စ၊ တိုင်းဒေသကြီး/ ပြည်နယ်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များမှ ဖြေရှင်းဆောင်ရွက်လျက်ရှိသော လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုကိစ္စရပ်များအား ဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လုပ်သားအင်အားစစ်တမ်းနှင့် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများအတွက် အတွေ့အကြုံနှင့် နည်းပညာအကူအညီပေးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၉**

လုပ်သားအင်အားစစ်တမ်းနှင့် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများအတွက် အတွေ့အကြုံနှင့် နည်းပညာအကူအညီပေးရေးလုပ်ငန်းများနှင့်ပတ်သက်သည့် ဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးဖက်ဒရယ် သမ္မတနိုင်ငံသံအမတ်ကြီး Mr. Carlos Paranhos၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အဆိုပါဆွေးနွေးပွဲတွင် ဝန်ကြီးဌာန၏ အလုပ်သမားရေးရာဆောင်ရွက်နေမှုအခြေအနေများနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ လုပ်ငန်းအခြေအနေများနှင့် ပတ်သက်၍ လည်းကောင်း၊ ဘရာဇီးနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ စစ်တမ်းနှင့် သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းများတွင် နည်းပညာအကူအညီပေးရေးကို ဝန်ကြီးဌာနမှ ကိုယ်စားလှယ်များနှင့် ညှိနှိုင်းမှုများပြုလုပ်ခဲ့မှု အခြေအနေများနှင့်ပတ်သက်၍လည်းကောင်း။

လက်ရှိတွင် မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးသံရုံးမှ ကိုယ်စားလှယ်နှင့် ဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် လိုအပ်သော ဆွေးနွေးမှုပြုလုပ်ခဲ့ပြီး နည်းပညာအကူအညီပေးရေးအတွက် Working Plan ရေးဆွဲ၍ ဦးစားပေးလုပ်ငန်းများ သတ်မှတ်ကာ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေ၊ မြန်မာနိုင်ငံမှ ၂၀၁၄ ခုနှစ်တွင် UNFPA အကူအညီဖြင့် တစ်နိုင်ငံလုံးသန်းခေါင်စာရင်း ကောက်ယူခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ငါးနှစ်ပြည့် နှစ်ဝက်ဆန်းစစ်ခြင်း ကြားဖြတ်သန်းခေါင်စာရင်း ကောက်ယူခဲ့မှု အခြေအနေ၊ ၂၀၂၄ ခုနှစ် ၁၀ နှစ်ပြည့် သန်းခေါင်စာရင်းကောက်ယူရာတွင် နည်းပညာဆိုင်ရာ ပံ့ပိုးပေးနိုင်ရေး ကောင်းမွန်သည့်အတွေ့အကြုံများ ဖလှယ်ရေးအခြေအနေများနှင့် ပတ်သက်၍လည်းကောင်း။

ဝန်ကြီးဌာနအနေဖြင့် လုပ်သားဆိုင်ရာစာရင်းအင်းများ စဉ်ဆက်မပြတ်ရရှိနိုင်ရေးနှင့် မူဝါဒချမှတ်သူများအား ပံ့ပိုးပေးနိုင်ရေးအတွက် တစ်နှစ်လျှင် နှစ်ကြိမ် လုပ်သားအင်အားစစ်တမ်းကို စက်မှုဇုန်များရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနနှင့် အလုပ်သမားဦးရေစာရင်းနှင့် ပိုင်ဆိုင်မှုကဏ္ဍအလိုက် အလုပ်ဌာနနှင့် အလုပ်သမားဦးရေစာရင်းတို့ကို ပုံမှန်ကောက်ယူပြုစုလျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍လည်းကောင်း၊ ကောက်ယူစုဆောင်းထားသည့် အချက်အလက်များ သိမ်းဆည်းခြင်းနှင့် အချက်အလက် အသုံးပြုသူများ အလွယ်တကူရယူနိုင်ရေး Online Database System တစ်ရပ် ထူထောင်နိုင်ရန်အတွက် နည်းပညာဆိုင်ရာ အကူအညီလိုအပ်မှုများ စစ်တမ်းကောက်ယူရေးလုပ်ငန်းများ ပိုမိုတိုးတက်လုပ်ဆောင်နိုင်ရေးအတွက် နည်းပညာသင်တန်းအကူအညီများကိုလည်း ပံ့ပိုးကူညီပေးရေးကိစ္စရပ်များအား နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး ဆက်လက်ညှိနှိုင်း ဆောင်ရွက်မည့်အစီအစဉ်တို့နှင့် ပတ်သက်၍လည်းကောင်း နှစ်ဖက်အမြင်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မဲခေါင်-လန်ချန်း ပူးပေါင်းညှိနှိုင်းရေးအဖွဲ့(မြန်မာ)နှင့် မန္တလေးတက္ကသိုလ်တို့အကြား “မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နှီးနှောဖလှယ်ပွဲ” ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁၉**

နိုင်ငံခြားရေးဝန်ကြီးဌာနက ကြီးမှူး၍ မဲခေါင်-လန်ချန်း ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ (မြန်မာ) နှင့် မန္တလေးတက္ကသိုလ်တို့အကြား “မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နှီးနှောဖလှယ်ပွဲ” ကို ယနေ့ နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။

နှီးနှောဖလှယ်ပွဲတွင် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟောက်ဒိုဆွမ်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းက မိတ်ဆက်စကားပြောကြားသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန၊ ဒေသခွဲဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် မဲခေါင်-လန်ချန်း ပူးပေါင်းညှိနှိုင်းရေးအဖွဲ့(မြန်မာ) ဒုတိယဥက္ကဋ္ဌ ဦးဝင်းဇေယျာထွန်းက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်နှင့် လက်ရှိ ဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာသူများက ပူးပေါင်းဆောင်ရွက်မှု လက်ရှိနှင့်အနာဂတ်လုပ်ငန်းစဉ်များအပေါ် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

နှီးနှောဖလှယ်ပွဲကို မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်အပေါ် ပိုမိုနားလည်သဘောပေါက်ပြီး ဖွံ့ဖြိုးတိုးတက်မှုအတွက် ထိရောက်စွာ အသုံးချနိုင်စေရန်နှင့် အနာဂတ်လုပ်ငန်းစဉ်များအတွက် ကြိုတင်ပြင်ဆင်နိုင်ရန် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်သည်။ အဆိုပါနှီးနှောဖလှယ်ပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် မန္တလေးတက္ကသိုလ်တို့မှ အရာရှိများ၊ ဆရာ ဆရာမများ ပါဝင်တက်ရောက်ခဲ့ကြသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများက ဒေသတွင်းငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးတို့ကို ဖော်ဆောင်သွားရန်၊ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်များကို လျှော့ချရန်နှင့် နိုင်ငံများ၏ အလုံးစုံပါဝင်သော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေး ကြိုးပမ်းမှုများအား အထောက်အကူပြုရန် ရည်ရွယ်၍ ၂၀၁၆ ခုနှစ်တွင် တရားဝင် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာအား အထောက်အကူပြုနိုင်စေရန်အတွက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေမှ စီမံကိန်း ၅၁ ခုအတွက် စုစုပေါင်း ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၃ သန်းအား မြန်မာနိုင်ငံသို့ ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပုဂ္ဂလိကပညာရေးကဏ္ဍ အားကောင်းရန် အားပေးခဲ့သလို အစိုးရကျောင်းများကိုလည်း အရည်အသွေးမြင့်မားရေးအတွက် တိုင်းရင်းသားဒေသများကို ဦးစားပေး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ



**နေပြည်တော် ဇန်နဝါရီ ၁၉**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ပညာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း(ရန်ကုန်)မှ ကိုယ်ပိုင်ကျောင်းတည်ထောင်အုပ်ချုပ်သူများအတွက် ကျောင်းစီမံအုပ်ချုပ်မှုစွမ်းရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၂၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကကျောင်းများ၏ အခန်းကဏ္ဍကို အားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၈ခုနှစ်မှစတင်၍ ကိုယ်ပိုင်ကျောင်းများနှင့် သင်ကြားသင်ယူမှုနည်းလမ်းများ၊ ကွန်ပျူတာနှင့် Learning Management System သင်တန်းများ ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ပုဂ္ဂလိက ပညာရေးကဏ္ဍ အားကောင်းရန် အားပေးခဲ့သလို အစိုးရကျောင်းများကိုလည်း အရည်အသွေးမြင့်မားရေးအတွက် တိုင်းရင်းသားဒေသများကိုဦးစားပေးဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကလည်း ၂၀၁၉ခုနှစ် မေ ၁၁ ရက်က အထက(၂) ပျဉ်းမနားတွင် သင်ရိုးသစ် ဆဋ္ဌမတန်းသင်တန်း၌ "ဆရာ ဆရာမတွေ၊ ကျောင်းအုပ်တွေ၊ ကျောင်းတည်ထောင်သူတွေဆိုတာ သင်ယူရာမှာ တော်ကြတယ်၊ တော်လို့လည်း ဆရာ ဆရာမ၊ ကျောင်းအုပ်၊ ကျောင်းတည်ထောင်သူတွေ ဖြစ်နေတာဖြစ်ပါတယ်။ ကိုယ်သင်ယူရာမှာတော်သလို သင်ကြားသင်ယူရာမှာ လေ့ကျင့်ပေးတဲ့ အခါမှာလည်း တော်စေချင်ပါတယ်၊ ဆရာ ဆရာမတွေ၊ ကျောင်းအုပ်တွေအနေနဲ့ ကျောင်းသားကျောင်းသူတွေ စာသင်ချိန်နဲ့ ကျောင်းမှာ ပျော်ရွှင်စေလိုပါကြောင်း၊ ကလေးများ ကျောင်းသွားတာကို ပျော်မှသာ ပညာတတ်များဖြစ်အောင် ကြိုးစားမည်ဖြစ်ပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကသည် ပညာရေးစနစ် ဖြစ်ပါကြောင်း၊ အချိန်တိုအတွင်း နိုင်ငံတကာနှင့် ရင်ပေါင်တန်းလိုက်နိုင်ရေး အရေးကြီးပါကြောင်း၊ အခြားနိုင်ငံများကို အချိန်တိုအတွင်း အမီလိုက်နိုင်ရေးအတွက် ကျောင်းသား ကျောင်းသူများသည် တစ်မူဆန်းသစ်တီထွင်ပြီး တော်နေရန် အရေးကြီးပါကြောင်း၊ ကျောင်းစာတွင် တော်ရုံသာမက စာရိတ္တနှင့် ပူးပေါင်းဆောင်ရွက်မှုများတွင်လည်း တော်ရန်အရေးကြီးပါကြောင်း၊ ဆရာ ဆရာမများသည် တစ်သက်လုံး သင်ယူနေသူများဖြစ်သည့်အတွက် အသင်းအဖွဲ့စိတ်ဓာတ်နှင့် သင်ယူတတ်သကဲ့သို့ ကျောင်းသားကျောင်းသူများအား အစုအဖွဲ့လိုက် ပူးပေါင်းသင်ယူတတ်ရေး၊ အလုပ်အတူတကွ လုပ်ဆောင်တတ်ရေး သင်ကြားသင်ယူပေးရန်အရေးကြီးပါကြောင်း၊ လူမှုအသိုင်းအဝိုင်းကို ပျော်ရွှင်အောင်၊ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးနိုင်မည့် ကလေးငယ်များကို ပြုစုပျိုးထောင် မွေးထုတ်ပေးကြစေလိုပါတယ်"ဟု ပြောကြားခဲ့ပါကြောင်း။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ နှစ်သစ်ကူးမိန့်ခွန်းတွင် "နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုမှာ အလွန်အရေးပါတဲ့ ကဏ္ဍတစ်ခုကတော့ ပညာရေးကဏ္ဍ ဖြစ်ပါတယ်။ ပညာရေးကဏ္ဍ တိုးတက်မှုဟာ ရေရှည်လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့လည်း ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေဖို့ နိုင်ငံတော်ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆောင်ရွက်သွားမှာဖြစ်တဲ့အပြင် ပုဂ္ဂလိကပညာရေးကဏ္ဍကိုလည်း အားပေးသွားမှာဖြစ်ပါတယ်။ ခေတ်ရဲ့လိုအပ်ချက်များနဲ့ကိုက်ညီတဲ့ ပညာရေးစနစ်အပြောင်းအလဲတွေကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အသက်မွေးဝမ်းကျောင်းပညာရေးကို ချဲ့ထွင်အားပေးခြင်းဖြင့် ကျွန်မတို့ လူငယ်များ အလုပ်အကိုင်ရရှိပြီး ဘဝလုံခြုံမှုခိုင်မာရေးကို အာမခံနိုင်သွားမှာဖြစ်ပါတယ်။ ပညာရေးရဲ့ အဓိက စွမ်းအားကတော့ ရင်ဆိုင်ရမယ့် ပြဿနာများကို အကောင်းဆုံးဖြေရှင်းနိုင်မယ့်လမ်း ရှာဖွေလျှောက်လှမ်းနိုင်တဲ့ အရည်အချင်းတွေ ဖြည့်ဆည်းပေးခြင်းပဲဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ်ရဲ့ နောင်လာမယ့်နှစ်များမှာ ကျွန်မတို့နိုင်ငံရင်ဆိုင်ရမယ့် ပြည်တွင်း၊ ပြည်ပ စိန်ခေါ်မှုများကို စဉ်ဆက်မပြတ် ကျော်လွှားနိုင်စွမ်းရှိတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်၊ ထိန်းသိမ်းရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်မယ့်၊ ပြည်သူ ပြည်သားများ ပြုစုပျိုးထောင်ပေးမယ့် ပညာရေးစနစ်ကို အကောင်အထည်ဖော်ဖို့ ဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်ကို တင်ပြအပ်ပါကြောင်း။

ပုဂ္ဂလိကကဏ္ဍကို အားပေးသည့်အနေဖြင့် ပုဂ္ဂလိကကျောင်းများ ဖွင့်လှစ်ခြင်းကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ ဆရာ ဆရာမများ၊ ကျောင်းတည်ထောင်သူများ၊ ကျောင်းအုပ်ကြီးများ၊ စွမ်းဆောင်ရည်မြင့်မားလာအောင် ပူးပေါင်းပြီး ဆောင်ရွက်နေပါကြောင်း၊ High-tech learning ၊ High-touch learning၊ Blended learning များကိုလည်း ခေတ်အခြေအနေနှင့် လိုက်လျောညီထွေဖြစ်သည့် ပညာရေးစနစ်အပြောင်းအလဲများကို ၂၁ ရာစု ကျွမ်းကျင်မှုရအောင် လုပ်ဆောင်ပေးဖို့လိုပါကြောင်း၊ (၂၁) ရာစု ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်များကို ကျောင်းသား ကျောင်းသူများ သင်ယူတတ်မြောက်ရေးအတွက် ဆောင်ရွက်ပေးရန် အခြေခံလိုအပ်ချက်သည် အရေးအဖတ်အတွက်သာမက ယနေ့ ICT Skill၊ Financing Skill၊ ယဉ်ကျေးမှုနှင့် ပြည်သူ့နီတိ စသည်တို့လည်း တန်းတူအရေးကြီးလာပါကြောင်း၊ ပုံမှန် Traditional Education System မှ ဖောက်ထွက်၍ တစ်မူထူးခြားစွာ လုပ်ဆောင်ပေးရန် လိုအပ်လာပါကြောင်း။

လက်ရှိ COVID – 19 အခြေအနေအရ နည်းပညာကို အသုံးပြု၍ အွန်လိုင်းသင်တန်းများ ဆောင်ရွက်နိုင်ရန်အတွက် အဆင်သင့်မဖြစ်သေးသော်လည်း ကျောင်းများတွင်ရှိသည့် ကျောင်းအုပ်များ၊ ဆရာဆရာမများ၊ ဝန်ထမ်းများ၏ ICT Skill၊ Learning Management System၊ စီမံခန့်ခွဲမှုစွမ်းရည်တို့ကို မြှင့်တင်ကာ အွန်လိုင်းသင်တန်းများဖွင့်နိုင်အောင် ပူးပေါင်းပံ့ပိုးဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အားလုံးက မိသားစုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

ထို့နောက် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက လမ်းညွှန်အမှာစကား ပြောကြား၍ မြန်မာနိုင်ငံလုံးဆိုင်ရာ ကိုယ်ပိုင်ကျောင်းများအသင်းဥက္ကဋ္ဌ ဦးနေအုပ်(စိန်ပေါလ်)က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ယခုဖွင့်လှစ်သောသင်တန်းတွင် သင်တန်းသား ၄၄၃ ဦး၊ သင်တန်းသူ ၃၉၄ ဦး စုစုပေါင်း ၈၃၇ ဦး တက်ရောက်ကြပြီး စွမ်းရည်မြှင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၂)ကို ဇန်နဝါရီ ၁၉ ရက် မှ ၃၁ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# သစ်တောထိန်းသိမ်းခြင်းနှင့် ဒေသခံပြည်သူအခြေပြု စီးပွားရေးလုပ်ငန်းများ ဖော်ဆောင်မှုဆိုင်ရာ စံပြသစ်တောများ တည်ထောင်ခြင်းစီမံကိန်း ပထမအကြိမ် စီမံကိန်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၉**

သစ်တောဦးစီးဌာနနှင့် အာရှဒေသသစ်တောကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ "သစ်တောမှီခိုနေထိုင်သူများ၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သစ်တောထိန်းသိမ်းခြင်းနှင့် ဒေသခံပြည်သူအခြေပြု စီးပွားရေးလုပ်ငန်းများ ဖော်ဆောင်မှုဆိုင်ရာ စံပြသစ်တောများတည်ထောင်ခြင်းစီမံကိန်း (FD-AFoCO Model Forest Project)" ၏ ပထမအကြိမ် စီမံကိန်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် virtual နည်းလမ်းဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် စီမံကိန်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ ဥက္ကဋ္ဌ၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး ကော်မတီ၏ စည်းမျဉ်းစည်းကမ်းများ၊ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့်အညီ စီမံကိန်းအကောင်အထည်ဖော်မည့်လုပ်ငန်းစဉ်များနှင့် ကိုဗစ်ကာလအတွင်း စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ချက်များကို ဆွေးနွေးကြသည်။

ဆက်လက်၍ ၂၀၂၀ ပြည့်နှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှုများနှင့် ဘဏ္ဍာငွေအသုံးစရိတ်၊ ၂၀၂၂ ခုနှစ်အတွင်း အကောင်အထည်ဖော်မည့်လုပ်ငန်းလျာထားချက်များ၊ ဘဏ္ဍာငွေလျာထားချက်များနှင့် ကိုဗစ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးမှု မရှိစေရန် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသူများက ဆွေးနွေးချက်များနှင့်ပတ်သက်၍ အတည်ပြုခြင်းနှင့် အကြံပြုခြင်းများ ဆောင်ရွက်ကြသည်။




အစည်းအဝေးသို့ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ စီမံကိန်းမန်နေဂျာနှင့် ကိုရီးယားသမ္မတနိုင်ငံမှ AFoCO Secretariat မှ တာဝန်ရှိသူများ၊ စီမံကိန်းဒေသဖြစ်သော ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# ကွတ်ခိုင်မြို့နယ်အတွင်း တောင်ပေါ်ဒေသ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်

**ကွတ်ခိုင် ဇန်နဝါရီ ၁၉**

နယ်စပ်ရေးရာဝန်ကြီးဌာနသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်အတွင်း တောင်ပေါ်ဒေသ ကျေးရွာများရှိ နယ်စပ်ဒေသနေပြည်သူများ ဒေသတစ်ခုနှင့်တစ်ခု သွားလာရာတွင် လွယ်ကူမြန်ဆန်စေရေးအတွက် ကျေးရွာချင်းဆက်လမ်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကွတ်ခိုင်မြို့နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည့် တောင်ပေါ်ဒေသ ကျေးရွာချင်းဆက်လမ်းများ အနက် မုံးစီး-မုံးပေါ်လေး မြေသားလမ်း (၁၇/၀)မိုင်လမ်းပေါ်တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ခွင့်ပြုရန်ပုံငွေကျပ် ၁၄၅ ဒသမ ၉၄၀ သန်းဖြင့် ငါးမိုင် ဖြန့်းကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ အဆိုပါ လုပ်ငန်းခွင်သို့ ရှမ်းပြည်နယ် (မြောက်ပိုင်း)ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်စွာဝင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့ပြီး သတ်မှတ်ချိန်အတွင်း သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ပြီးစီးရေး ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ငွေကြယ်**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်

**ဒိုက်ဦး ဇန်နဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် သိန်း ၁၀၀ ဖြင့် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဒိုးတန်းကျေးရွာအုပ်စု ဒိုးတန်းကျေးရွာတွင် အရှည်ပေ ၁၉၈၀ ရှိသည့် ရွာတွင်းလမ်းမ ဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဦးသူရဇော်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချိုချိုအေးနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာ ဒေါ်တင်စုစုသိန်းတို့က ယနေ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ကျော်ကျော်**

# ကမ္ဘာ့ဘဏ်ပံ့ပိုးငွေဖြင့် သွင်းအားစုပံ့ပိုးခြင်းလုပ်ငန်း ဆောင်ရွက်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန၏ ကမ္ဘာ့ဘဏ်ပံ့ပိုးငွေဖြင့် သွင်းအားစုပံ့ပိုးခြင်းလုပ်ငန်းဆောင်ရွက်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဗဟိုသမဝါယမအသင်းလီမိတက်မှ တာဝန်ရှိသူများ၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းစုချုပ်များမှ တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမဦးစီးဌာန ၅၆ မြို့နယ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

ညွှန်ကြားရေးမှူးချုပ်က ကမ္ဘာ့ဘဏ်ပံ့ပိုးငွေဖြင့် သွင်းအားစုပံ့ပိုးခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန် ရှုထောင့်နယ်ပယ်စုံချို့တဲ့မှု အညွှန်းကိန်း Multi–dimensional disadvantage Index (MDI–10) အထက်ရှိသော လယ်ယာမြေ ၅ ဧကနှင့်အောက် မြို့နယ် ၅၆ မြို့နယ်ရှိ ခန့်မှန်းတောင်သူ ၅၇၇၇၁၀ အား ပံ့ပိုးထောက်ပံ့သွားမည်ဖြစ်ကြောင်း၊ တောင်သူဦးရေစာရင်း ကောက်ခံရာတွင်လည်း မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် ဦးစီးမှူးများ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦးတို့ဖြင့် ကွင်းဆင်းအဖွဲ့များ ဖွဲ့စည်းပြီး စနစ်တကျ စာရင်းပြုစု၍ ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲတွင် မြို့နယ်ဦးစီးအရာရှိများကလည်း လုပ်ငန်းများဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အခက်အခဲများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေတို့ကို တင်ပြခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဂွမြို့နယ် လယ်ယာနှင့် အထွေထွေသမဝါယမအသင်း(လီမိတက်) လေးသင်းတို့က ရေထွက်ကုန်ပစ္စည်းများ ရောင်းချဖြန့်ဖြူး

**နေပြည်တော် ဇန်နဝါရီ ၁၉**

ရခိုင်ပြည်နယ် ဂွမြို့နယ်သမဝါယမဦးစီးဌာန မြို့နယ်သမဝါယမအသင်းစုနှင့် ငါးလုပ်ငန်း ဦးစီးဌာနတို့၏ ကြီးကြပ်မှုဖြင့် လယ်ယာနှင့်အထွေထွေသမဝါယမအသင်း(လီမိတက်) လေးသင်းက ကိုဗစ်–၁၉ ကာလအတွင်း ရေထွက်ကုန်ပစ္စည်းများရောင်းချရာတွင် ဈေးကွက်ရရှိရေး၊ ဖြန့်ဖြူးရောင်းချမှု အခက်အခဲမဖြစ်ပေါ်စေရေးနှင့် စားသုံးသူပြည်သူများ ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် ရေထွက်ကုန်ပစ္စည်းများဖြစ်သည့် ကျောက်ငါး၊ ငါးရောင်၊ ငါးမိုးသီး၊ ငါးအုန်း၊ ငါးရွှေစသော ငါးမျိုးစုံ စုစုပေါင်းပိဿာချိန် ၂၆၀ ကို အသင်းနှစ်သင်းစီမှ တာဝန်ယူ၍ စားသုံးသူပြည်သူများသို့ "အမြတ်မယူ အရှုံးမရှိ" ဟူသော သမဝါယမမူအတိုင်း ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**○ မြန်မာနေရှင်နယ်လိဂ်မှ**

အမျိုးသမီးလိဂ်ပြိုင်ပွဲကို ယခင်က မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က တာဝန်ယူကျင်းပခဲ့သော်လည်း လာမည့်ရာသီမှစတင်ကာ မြန်မာနေရှင်နယ်လိဂ်က တာဝန်ယူကျင်းပမည်ဖြစ်သည်။

၂၀၂၀ ရာသီတွင် မြန်မာနေရှင်နယ်လိဂ်က ကျင်းပသည့်ပြိုင်ပွဲများအနက် MNL အမှတ်ပေးပြိုင်ပွဲကိုသာ ပြီးဆုံးအောင်ကျင်းပနိုင်ခဲ့ပြီး ကျန်ပြိုင်ပွဲများကို ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် ဖျက်သိမ်းခဲ့ရသည်။ ပြီးခဲ့သည့်ရာသီတွင် ဇန်နဝါရီလမှ မတ် ၂၃ ရက်အထိသာ ပြည်တွင်းပြိုင်ပွဲများ ကျင်းပနိုင်ခဲ့ပြီးနောက်ပိုင်းတွင် ကပ်ရောဂါကြောင့် ရပ်နားခဲ့ရကာ MNL အမှတ်ပေးပြိုင်ပွဲ လက်ကျန်ပွဲများကိုမူ ဩဂုတ် ၂၂ ရက်မှ အောက်တိုဘာ ၁ ရက်အထိ ကိုဗစ်–၁၉ ကာကွယ်ရေး လမ်းညွှန်ချက်များအတိုင်း ပြုလုပ်ခဲ့သည်။

**သတင်း – ရှိုင်းထက်ဇော်**

**ဓာတ်ပုံ – ဘုန်းသော်**

# ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ရွေးချယ်မှု စံလုပ်ငန်းလမ်းညွှန် (Standard Operating Procedure – SOP)

| စဉ် | လုပ်ငန်းစဉ် | | ဆောင်ရွက်ရန်အချက်များ | ဆောင်ရွက်ရမည့်ပုဂ္ဂိုလ်/အဖွဲ့အစည်း |
|---|---|---|---|---|
| ၁။ | ရွေးချယ်မှုလုပ်ငန်းစဉ်များ စတင်ဆောင်ရွက်ရန် ညွှန်ကြားခြင်း | ၁.၁ | တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့/နေပြည်တော်ကောင်စီတို့မှ မြို့နယ်အုပ်ချုပ်ရေးမှူးများအား ညွှန်ကြားခြင်း | တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ /နေပြည်တော် ကောင်စီ |
| ၂။ | မြို့နယ်အုပ်ချုပ်ရေးမှူးမှ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း | ၂.၁ | ကြီးကြပ်ရေးအဖွဲ့ဝင်များရွေးချယ်ရန် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့ ဖွဲ့စည်းခြင်း | မြို့နယ်အုပ်ချုပ်ရေးမှူး |
| | | ၂.၂ | ကြီးကြပ်ရေးအဖွဲ့ဝင်များ ရွေးချယ်တာဝန်ပေးအပ်ရန် လက်ရှိတာဝန်ထမ်းဆောင်ဆဲ ရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအား ညွှန်ကြားခြင်း | |
| ၃။ | ကြီးကြပ်ရေးအဖွဲ့ ရွေးချယ်တာဝန်ပေးအပ်ခြင်း | ၃.၁ | ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်ရေး အစည်းအဝေးကို တစ်ပတ်ကြိုတင်ဖိတ်ကြားခြင်းနှင့် ဖိတ်ကြားထားရှိမှုအား မှတ်တမ်းထားခြင်း | မြို့နယ်အုပ်ချုပ်ရေးမှူး ၊ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့၊ လက်ရှိ တာဝန်ထမ်းဆောင်ဆဲ ရပ်ကွက်/ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး |
| | | ၃.၂ | ရပ်ကွက်/ကျေးရွာအုပ်စု ရွေးချယ်ခြင်းပြီးဆုံးသည်အထိ အိမ်ထောင်စုတစ်စုလျှင် အိမ်ထောင်စုကိုယ်စားလှယ်အဖြစ် တစ်ဦးတည်းကိုသာ အမည်စာရင်းပေးသွင်းစေခြင်း | |
| | | ၃.၃ | ပျက်ကွက်ပါက ကန့်ကွက်ပိုင်ခွင့်မရှိကြောင်း ကြိုတင်အသိပေးခြင်း | |
| | | ၃.၄ | ရွေးချယ်မှုလုပ်ငန်းစဉ်တွင် ပါဝင်မည့် အိမ်ထောင်စုကိုယ်စားလှယ် အမည်စာရင်းပြုစုခြင်း | |
| | | ၃.၅ | ရပ်ကွက်/ကျေးရွာအုပ်စုအတွင်းနေထိုင်သူများက တာဝန်ထမ်းဆောင်လိုသော ရပ်မိရပ်ဖ(၅)ဦးကို ကြီးကြပ်ရေးအဖွဲ့အဖြစ် ရွေးချယ်ခြင်း | |
| | | ၃.၆ | ကြီးကြပ်ရေးအဖွဲ့ဝင်အချင်းချင်းအဖွဲ့ခေါင်းဆောင်ကို ညှိနှိုင်းရွေးချယ်ခြင်း | |
| | | ၃.၇ | ကြီးကြပ်ရေးအဖွဲ့ဝင်များအဖြစ် မြို့နယ်အုပ်ချုပ်ရေးမှူးက တာဝန်ပေးအပ်ခြင်း | |
| ၄။ | ဆယ်အိမ်မှူး/ရာအိမ်မှူး/ ကျေးရွာတာဝန်ခံရွေးချယ်ခြင်း | ၄.၁ | ဆယ်အိမ်မှူး/ရာအိမ်မှူး/ကျေးရွာတာဝန်ခံ ရွေးချယ်မည့်ရက်မတိုင်ခင် တစ်ပတ်ကြိုတင်၍ ဥပဒေပုဒ်မ ၅ ပါ သတ်မှတ်အရည်အချင်းများနှင့် ညီညွတ်သူကို ရွေးချယ်ရန်နှင့် ရွေးချယ်ပုံလုပ်ငန်းစဉ်အဆင့်ဆင့်ကို အိမ်ထောင်စုကိုယ်စားလှယ်များအား ရှင်းလင်းပြောကြားခြင်း | ကြီးကြပ်ရေးအဖွဲ့ |
| | | ၄.၂ | ဆယ်အိမ်စု/ရာအိမ်စုများစုဖွဲ့ခြင်းနှင့် ဆယ်အိမ်စု၊ ရာအိမ်စုများစုဖွဲ့မှုကို တစ်ပတ်အတွင်း အများပြည်သူ သိရှိအောင်ကြေညာခြင်း | |
| | | ၄.၃ | ဆယ်အိမ်စုရှိ အိမ်ထောင်စုကိုယ်စားလှယ်များက ဆယ်အိမ်မှူးကို ဆန္ဒမဲပေးရွေးချယ်စေခြင်း | |
| | | ၄.၄ | ရာအိမ်စုရှိ အိမ်ထောင်စုကိုယ်စားလှယ်များက ရာအိမ်မှူးကို ဆန္ဒမဲပေးရွေးချယ်စေခြင်း | |
| | | ၄.၅ | ကျေးရွာတစ်ရွာထက်ပိုမိုဖွဲ့စည်းထားသော ကျေးရွာအုပ်စုများတွင် ကျေးရွာမှရွေးချယ်ခံရသည့် ဆယ်အိမ်မှူး၊ ရာအိမ်မှူးများက ယင်းတို့အနက် တစ်ဦးကို ကျေးရွာတာဝန်ခံအဖြစ် ဆန္ဒမဲပေးရွေးချယ်စေခြင်း | |
| | | ၄.၆ | ရွေးချယ်ခံရသူများကို တက်ရောက်သူများ၏ ရှေ့မှောက်တွင် ကြေညာခြင်းနှင့် မှတ်တမ်းထားရှိခြင်း | |
| ၅။ | ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ခြင်း | ၅.၁ | ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်မည့် နေ့ရက်၊ အချိန်၊ နေရာကိုသတ်မှတ်၍ ရပ်ရွာအတွင်းနေထိုင်သူများအား တစ်ပတ်ကြိုတင် အသိပေးကြေညာခြင်း | ကြီးကြပ်ရေးအဖွဲ့ |
| | | ၅.၂ | ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးလောင်းများအနက် တစ်ဦးကို အိမ်ထောင်စုကိုယ်စားလှယ်များက လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်ခြင်း | |
| | | ၅.၃ | ဆယ်အိမ်မှူး/ရာအိမ်မှူး/ကျေးရွာတာဝန်ခံနှင့် ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးလောင်း၏ အမည်စာရင်းနှင့် ကိုယ်ရေးအချက်လက်ဖြည့်သွင်းထားသည့်ပုံစံများကို မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြခြင်း | |
| ၆။ | ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ခန့်အပ်တာဝန်ပေးခြင်း | ၆.၁ | ကြီးကြပ်ရေးအဖွဲ့မှ တင်ပြလာသော ဆယ်အိမ်မှူး/ရာအိမ်မှူး/ကျေးရွာတာဝန်ခံများကို စိစစ်၍ တာဝန်ပေးခြင်းနှင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးလောင်းများကို စိစစ်၍ခန့်အပ်ခြင်း | မြို့နယ်အုပ်ချုပ်ရေးမှူး |
| ၇။ | သတ်မှတ်လုပ်ငန်းစဉ်များ အတိုင်း ဆောင်ရွက်၍ မရခြင်း/ ဥပဒေနှင့် ညီညွတ်မှုမရှိခြင်းတို့ ကြုံတွေ့ပါက ဖြေရှင်းခြင်း | ၇.၁ | သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ လမ်းညွှန်မှု ခံယူဆောင်ရွက်ခြင်း | မြို့နယ်အုပ်ချုပ်ရေးမှူး |
| | | ၇.၂ | နည်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ပြန်လည်ရွေးချယ်စေခြင်း | ကြီးကြပ်ရေးအဖွဲ့ |



# ညောင်ဦးမြို့နယ် သမဝါယမအသင်းစု နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**မန္တလေး ဇန်နဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် သမဝါယမအသင်းစု၏ ၂၀၁၉ မီနီဘတ်ဂျက်နှင့် ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ခဲ့သော လုပ်ငန်းများအား နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်က ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ မြို့နယ်သမဝါယမအသင်းစုရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ညောင်ဦးမြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးဌေးက အသင်း၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ရှေ့လုပ်ဆောင်မည့် လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးအောင်ဖြိုးဝေက မြို့နယ်အတွင်းရှိ ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေးအတွက် ဌာနမှ ဆောင်ရွက်နေသည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ မြို့နယ်သမဝါယမအသင်းစု၏ ၂၀၁၉ မီနီဘတ်ဂျက်နှင့် ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ခဲ့သောလုပ်ငန်းများအား စာရင်းစစ်အဖွဲ့ဝင်တစ်ဦးက ဖတ်ကြားရှင်းလင်းပြီး ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများနှင့် အမြတ်ခွဲဝေစာရင်းများအား မြို့နယ်အသင်းစု ဒုတိယဥက္ကဋ္ဌက ဖတ်ကြားတင်သွင်းရာ အသင်းဝင်ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးခဲ့ပြီး အစည်းအဝေးတက်ရောက်သူများ၏ တင်ပြသည့် အကြံပြုချက်များကို အတည်ပြုခဲ့သည်။ အဆိုပါ ဘဏ္ဍာနှစ်၏ လုပ်ငန်းအစီရင်ခံစာ၊ ရှေ့လုပ်ငန်းစဉ်များနှင့် ဆွေးနွေးတင်ပြမှုများကို သဘာပတိက အတည်ပြုပေးခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# အသေးစား စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာဖွံ့ဖြိုးတိုးတက်ရေး အွန်လိုင်းသင်တန်းဆွေးနွေးပွဲ ပဉ္စမအကြိမ် ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၉**

စားသောက်ကုန်လုပ်ငန်းရှင်များကို အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာနည်းပညာများ အကူအညီပေးခြင်းဖြင့် အရည်အသွေးကောင်းမွန်သော တန်ဖိုးမြင့် စားသောက်ကုန်များ ထုတ်လုပ်မှုဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ အသေးစားစက်မှုလက်မှုလုပ်ငန်း နည်းပညာပြန့်ပွားရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန် ဝန်ထမ်းမွမ်းမံသင်တန်း ဆွေးနွေးပွဲများကို အွန်လိုင်းစနစ်ဖြင့် ကျင်းပပေးလျက်ရှိရာ ယနေ့နံနက် ၁၀ နာရီက "အသေးစား စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာဖွံ့ဖြိုးတိုးတက်ရေး" အွန်လိုင်းသင်တန်းဆွေးနွေးပွဲကို Zoom Application ဖြင့် ကျင်းပသည်။

အဆိုပါ အွန်လိုင်းသင်တန်းဆွေးနွေးပွဲတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခွန်အေးနိုင်က အဖွင့်အမှာစကားပြောကြားပြီး ဘာသာရပ်ဆိုင်ရာ ပြင်ပကျွမ်းကျင်ပညာရှင် သုံးဦးတို့က သီးနှံတာရှည်ခံ စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ အသင့်စားစားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် သစ်သီးဝိုင်အမျိုးမျိုး ထုတ်လုပ်ခြင်း ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို အပြန်အလှန်မေးခွန်းများ မေးမြန်းဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

အခမ်းအနားသို့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဌာနတာဝန်ရှိသူများ၊ ယွန်းပညာကောလိပ်၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတို့မှ ကျောင်းအုပ်ကြီးနှင့် ဝန်ထမ်းများ၊ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းများမှ ကျောင်းအုပ်များနှင့် ဝန်ထမ်းများ၊ စားသောက်ကုန်လုပ်ငန်းရှင်များနှင့် ပြင်ပမှစိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ညီညီသန်း(နေပြည်တော်)



# ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်



**နေပြည်တော် ဇန်နဝါရီ ၁၉**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ဆိုးလ်မြို့ရှိ မြန်မာသံရုံးမှ စီစဉ်သည့် အကြိမ်(၄၀)မြောက် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း(MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ည ၇ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

အဆိုပါကယ်ဆယ်ရေးလေယာဉ်တွင် ဘရာဇီးမှ တစ်ဦး၊ ဥရုဂွေးမှ နှစ်ဦး၊ အီဂျစ်မှ သုံးဦး၊ ဆွစ်ဇာလန်မှ တစ်ဦး၊ အမေရိကန်ပြည်ထောင်စုမှ ခုနစ်ဦး၊ ကိုရီးယားသမ္မတနိုင်ငံမှ ၇၃ ဦး မြန်မာနိုင်ငံသား စုစုပေါင်း ၈၇ ဦး လိုက်ပါခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေး၊ သီးသန့်စီစဉ်ပေးသည့် နေရာ / သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် သင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်

**မန္တလေး ဇန်နဝါရီ ၁၉**

ကိုဗစ်–၁၉ အလွန်ကာလတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရီးသွားလုပ်ငန်းအား New Normal (နေထိုင်မှုပုံစံအသစ်)နှင့် ကိုက်ညီစေရန် ခရီးစဉ်ဒေသ အစီအစဉ်သစ်များကို ရေးဆွဲပြင်ဆင်ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်)ဥက္ကဋ္ဌ ဦးမျိုးရီက ပြောသည်။

ယခင်က မန္တလေးတိုင်းဒေသကြီးအတွင်းသို့ လာရောက်လေ့လာကြသည့် နိုင်ငံတကာခရီးသွားများအား ပုံမှန်ခရီးစဉ်အဖြစ် မန္တလေး၊ မင်းကွန်း၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ ပခုက္ကူ၊ ပုဂံဒေသများနှင့် ရှမ်းပြည်နယ် နောင်ချို၊ သီပေါမြို့နယ်များသို့ ပို့ဆောင်ပေးခဲ့သော်လည်း ကိုဗစ်–၁၉ အလွန်ကာလတွင် ခရီးသွားလုပ်ငန်းများ ပြန်လည်လည်ပတ်လာပါက ခရီးစဉ်ဒေသတစ်ခုတည်း၌ ခရီးသွားများ စုဝေးရောက်ရှိမှု မဖြစ်ပေါ်စေရန်နှင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ လည်ပတ်ရာတွင် ရွေးချယ်စရာများများရှိစေရန် ခရီးစဉ်ဒေသသစ်များအား ဖော်ထုတ်ရေးဆွဲသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကိုဗစ်ပြီးသွားရင် ခရီးသွားလုပ်ငန်းကို ကိုဗစ်နဲ့အတူ ယှဉ်တွဲပြီး နေထိုင်မှုပုံစံအသစ်နဲ့ လုပ်ကိုင်သွားရမှာ ဖြစ်တဲ့အတွက် ဒီပုံစံနဲ့ ကိုက်ညီတဲ့ ခရီးစဉ်အသစ်တွေကို ရေးဆွဲသွားမယ့် အစီအစဉ်တွေ ဆောင်ရွက်နေပါတယ်။ မန္တလေးမြို့နဲ့ ၁၆ မိုင်လောက်ဝေးတဲ့ တံတားဦးမြို့နယ်ထဲက ပြူကန်ကျေးရွာ မှာရှိတဲ့ မြကန်သာဆိုတဲ့ ဆည်မြောင်းကန်ကို ဆောင်းတွင်းမှာ ဆောင်းခိုငှက်တွေ အများကြီး လာရောက်ကြတယ်။ ဒါကြောင့် အခုလောလောဆယ် အဲဒီနေရာကို ငှက်ကြည့်ခရီးစဉ် နေရာသစ်အဖြစ် ဖော်ဆောင်သွားဖို့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြသွားမယ်။ တိုင်းဒေသကြီးက ခွင့်ပြုမယ်ဆိုရင် ကန်ပေါင်ဘေးမှာ ငှက်ကြည့်မယ့်သူတွေရယ်၊ ပါလာတဲ့ မိသားစုတွေလည်း အဆင်ပြေစွာ နားနေနိုင်ဖို့ နေထိုင်မှုပုံစံအသစ်နဲ့ ကိုက်ညီအောင် ဆောင်ရွက်ဖို့ရှိပါတယ်။ လင်းပိုင်ကြည့် ခရီးစဉ်တွေကိုလည်း အသစ်တစ်ဖန်ဖြစ်အောင် ဆောင်ရွက်သွားဖို့ ရှိပါတယ်။ လုပ်ဆောင်မယ့် အစီအစဉ်တွေကို ရေးဆွဲပြင်ဆင်ဆောင်ရွက်နေပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။



ထို့ပြင် မန္တလေးတိုင်းဒေသကြီးနှင့် ဆက်စပ်နေသည့် နောင်ချိုမြို့နှင့် ဒုဋ္ဌဝတီမြစ်ရိုးတစ်လျှောက် ဒေသများရှိ သဘာဝတောတောင်ရှုခင်းအလှများအား သွားရောက်လေ့လာအပန်းဖြေနိုင်စေရေးအတွက် ခရီးစဉ်ဒေသသစ်များအဖြစ် ဖော်ဆောင်နိုင်ရန်အတွက်လည်း စီစဉ်ဆောင်ရွက်နေကြောင်း၊ ကိုဗစ်–၁၉ ရောဂါအခြေအနေ ကောင်းမွန်လာမှုနှင့်အတူ နိုင်ငံတကာခရီးသွားများ ဝင်ရောက်ခွင့်ပြုမှုအပေါ်မူတည်၍ ခရီးသွားဈေးကွက် ပြန်လည်ဦးမော့လာစေရန် Digital Marketing စနစ်ဖြင့် ဆွဲဆောင်ကာ ကမ်းလှမ်းမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# ဘိုင်ဒင်အစိုးရသစ်ရင်ဆိုင်ရမယ့် စိန်ခေါ်မှုများနှင့် ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်း

**နေစိုးဦး**



**ရွေးကောက်ပွဲမှာ အနိုင်ရရှိခဲ့တဲ့ ဂျိုးဘိုင်ဒင်ဟာ ဇန်နဝါရီလ ၂၀ ရက်နေ့မှာ သမ္မတရာထူးကို လက်ခံရယူသွားမှာ ဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ ၄၆ ဦးမြောက် သမ္မတဖြစ်လာမယ့် ဘိုင်ဒင်အနေနဲ့ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးလှုံ့ဆော်ပွဲကာလက အမေရိကန်ပြည်ထောင်စုကို အကောင်းဆုံး ပြန်လည်တည်ဆောက်သွားမယ်ဆိုတဲ့ သူ့ရဲ့ကြွေးကြော်သံအတိုင်း အမှန်တကယ် အကောင်အထည်ဖော်နိုင်မလား ဆိုတာကတော့ စောင့်ကြည့်ရမှာပဲ ဖြစ်ပါတယ်။**

တကယ်တော့ ဂျိုးဘိုင်ဒင်အနေနဲ့ သမ္မတပူပူနွေးနွေးဘဝမှာတင် ပြည်တွင်းရေး ပြည်ပမှာပါ စိန်ခေါ်မှုတွေ တစ်လှေကြီး ရင်ဆိုင်သွားရဖို့ရှိနေတာ ဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ်အစောပိုင်းမှာ တစ်ကမ္ဘာလုံးကို ရိုက်ခတ်ခဲ့တဲ့ ကိုရိုနာဗိုင်းရပ်စ် ဂယက်လှိုင်းဟာ အခုအချိန်အထိ အမေရိကန်ပြည်ထောင်စုမှာ အရှိန်မသေနိုင်သေးပါဘူး။ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ဘိုင်ဒင် အစိုးရအနေနဲ့ အကောင်းဆုံး ကိုင်တွယ်ဖြေရှင်းနိုင်ဖို့ လိုအပ်နေတာ ဖြစ်ပါတယ်။ ကပ်ရောဂါလိုစိန်ခေါ်မှုသာမက ကပ်ရောဂါကြောင့် ဆုတ်ယုတ်ကျဆင်းနေတဲ့ နိုင်ငံ့စီးပွားရေးကို ပြန်လည်နာလန်ထူအောင် လုပ်ဆောင်ဖို့ကလည်း အရေးပါနေပါတယ်။

ဒါတင်မကသေးဘဲ ထရမ့်အစိုးရလက်ထက်မှာ လူမျိုးရေးခွဲခြားဆက်ဆံခံရမှုကနေ ပေါ်ပေါက်လာတဲ့ အဓိကရုဏ်းလို အရေးကိစ္စကြောင့်ပဲ လူမျိုးရေးခွဲခြားမှု ပြဿနာကို ဘိုင်ဒင်အနေနဲ့ အလေးထား ကိုင်တွယ်ရဖို့ရှိနေပါသေးတယ်။ နောက်တစ်ခုက ထရမ့်နဲ့ ခရိုနီအသိုင်းအဝိုင်းတို့ရဲ့ စီးပွားရေးလုပ်ပိုင်ခွင့်ချိန်ခွင်လျှာ မညီမျှမှုလို အရေးကိစ္စဟာလည်း ဘိုင်ဒင်အစိုးရအတွက် သတိထားဖြေရှင်းရမယ့် အရေးကိစ္စအဖြစ် ရှိနေမှာဖြစ်ပါတယ်။

ဒီလို ပြည်တွင်းရေးပြဿနာတွေအပြင် သမ္မတသစ် ဘိုင်ဒင်အတွက် နောက်ထပ်ကြီးမားတဲ့ စိန်ခေါ်မှုအဖြစ် ရှိနေမှာကတော့ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်မှာ ဘယ်လိုနိုင်ငံခြားရေးမူဝါဒနဲ့ စခန်းသွားမလဲဆိုတဲ့အချက်ပဲ ဖြစ်ပါတယ်။ ထရမ့်အစိုးရလက်ထက်မှာ အမေရိကန်သာ ပထမဆိုတဲ့မူကို စွဲကိုင်ခဲ့တယ်။ ဒီမူဝါဒကြောင့်ပဲ စီးပွားရေးအရှိန်အဝါ တောက်ပလာတဲ့ တရုတ်နိုင်ငံနဲ့ အကြီးအကျယ် အားပြိုင်ရတဲ့ အနေအထားကို ရောက်လာခဲ့ရသလို မဟာမိတ်နိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်နိုင်မှု အနေအထားတွေ ယုတ်လျော့မှေးမှိန်ခဲ့ရပါတယ်။

ထရမ့် အစိုးရလက်ထက်မှာ ကုန်သွယ်ရေးစစ်ပွဲဆင်နွှဲပြီး တရုတ်နိုင်ငံကို အားပြိုင်ခဲ့ရသလို ဘိုင်ဒင်အစိုးရလက်ထက်မှာလည်း အဓိကပြိုင်ဘက်အဖြစ် ဆက်လက်ရှိနေဦးမယ်လို့ ယူဆရပါတယ်။ ထရမ့်အစိုးရလက်ထက်မှာ ဂျပန်၊ စင်ကာပူ၊ ဩစတြေးလျအပါအဝင် အဓိကကုန်သွယ်မှုပြုနေတဲ့ နိုင်ငံတွေနဲ့ သဘောတူညီမှုပြုမယ့် ပစိဖိတ်ဖြတ်ကျော် လုပ်ဖော်ကိုင်ဖက်နိုင်ငံများအဖွဲ့ (TPP) အစီအစဉ်ပျက်ပြားခဲ့တယ်။ ဒါပေမယ့် အခုဆိုရင် အဲဒီပစိဖိတ်အဝန်းအဝိုင်း နိုင်ငံတွေဟာ တရုတ်နိုင်ငံနဲ့အတူ အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံတွေအဖြစ် သဘောတူညီမှုပြုနိုင်ခဲ့တာဟာ "အမေရိကန်ပြည်ထောင်စုအတွက် ထိုးနှက်ချက်" လို ဖြစ်လာခဲ့တယ်။

**ဘိုင်ဒင်သမ္မတဖြစ်လာချိန်မှာ ရင်ဆိုင်ရမယ့် စိန်ခေါ်မှုတွေ တစ်သီတစ်တန်းကြီး ရှိနေမှာဖြစ်ပြီး အဲဒီစိန်ခေါ်မှုတွေထဲမှာ အကြမ်းဖက်ဝါဒ ခြိမ်းခြောက်မှုအရေးကိစ္စ၊ မဟာမိတ်နိုင်ငံတွေနဲ့ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မယ့် အရေးကိစ္စနဲ့ မဟာအင်အားကြီးပြိုင်ဘက်တွေနဲ့ ရင်ဆိုင်ရမယ့် အရေးကိစ္စတွေဟာ ကြီးမားတဲ့ စိန်ခေါ်မှုတွေအဖြစ် ဆက်လက်မြင်တွေ့ရမှာဖြစ် . . .**

ဒါ့အပြင် တရုတ် (ထိုင်ပေ)၊ ဟောင်ကောင်နဲ့ တောင်တရုတ်ပင်လယ်အငြင်းပွားမှု ပြဿနာတွေအပြင် နည်းပညာယှဉ်ပြိုင်မှု အရေးကိစ္စတွေဆိုရင်လည်း တရုတ်နိုင်ငံနဲ့ ဆက်ဆံရေးမှာ ဘိုင်ဒင်အတွက် အလေးထား ကိုင်တွယ်ဖြေရှင်းရမယ့် စိန်ခေါ်မှုတွေအဖြစ် ရှိနေမှာဖြစ်တယ်။ ဘာပဲဖြစ်ဖြစ် ဘိုင်ဒင်အစိုးရအနေနဲ့ ထရမ့်ရဲ့ ပို့ကုန်အခွန်စည်းကြပ်မှုနဲ့ ပတ်သက်ရင် အချို့စည်းမျဉ်းဥပဒေတွေကို ဆက်လက်ထားရှိသွားမယ့် အနေအထားမှာ ရှိနေသလို လူ့အခွင့်အရေးဆိုင်ရာ အရေးယူပိတ်ဆို့မှုလို အရေးယူပြစ်ဒဏ်ခတ်မှုတွေကို ဆက်လက်ကျင့်သုံးသွားမယ့် သဘောရှိနေပါတယ်။ ဒါပေမယ့် ထရမ့်ရဲ့ အမေရိကန်သာ ပထမဆိုတဲ့ မဟာဗျူဟာနဲ့မတူတဲ့ နည်းဗျူဟာကို ကျင့်သုံးသွားမယ်လို့တော့ မျှော်လင့်ရပါတယ်။ နောက်တစ်ခုက ထရမ့်အစိုးရလက်ထက်အထိ မလိုအပ်ဘဲ ဂျပန်နဲ့ တောင်ကိုရီးယားနိုင်ငံတွေမှာ အမေရိကန်စစ်သားတွေ အများအပြားပို့ထားတဲ့ လုပ်ဆောင်မှုအပြင် မဟာမိတ်နိုင်ငံတွေနဲ့ ထိရောက်တဲ့ ပူးပေါင်းဆောင်ရွက်မှုပြုနိုင်မယ့် အခြေအနေမျိုး ပြန်လည်ပြုပြင်ဖော်ဆောင်ရေးဟာ ဘိုင်ဒင်အစိုးရအတွက် ကြီးမားတဲ့ စိန်ခေါ်မှုအဖြစ်ရှိနေမှာ ဖြစ်ပါတယ်။

ဘိုင်ဒင်ဟာ သူ့အစိုးရအဖွဲ့မှာ နိုင်ငံခြားရေးဝန်ကြီးအဖြစ် အန်သိုနီဘလင့်ကင်ကို ရွေးချယ်ထားပါတယ်။ ဘလင့်ကင်ကလည်း ရာသီဥတုပြောင်းလဲခြင်း ပြဿနာ၊ ကပ်ရောဂါအကျပ်အတည်းနဲ့ ကမ္ဘာ့အဆိုးရွားဆုံးလက်နက်တွေ ပျံ့နှံ့နေမှုလို အရေးကိစ္စတွေဟာ သူတို့အစိုးရအတွက် အကြီးမားဆုံးဖြေရှင်းရမယ့် ပြဿနာတွေဖြစ်တယ်။ ဒီပြဿနာတွေကို ဖြေရှင်းရာမှာ မဟာမိတ်တွေရဲ့ ပူးပေါင်းပါဝင်မှုက အခရာကျနေတယ်။ အလားတူဆိုသလို တရုတ်နိုင်ငံရဲ့ ဩဇာအရှိန်အဝါ ကြီးထွားလာမှုကို ဟန့်တားထိန်းချုပ်ရာမှာ မဟာမိတ်တွေနဲ့ ဆက်ဆံရေးကလည်း အရေးပါနေတယ်လို့ ဖွင့်ဟပြောကြားခဲ့တယ်။

နောက်တစ်ခုက အမေရိကန်ပြည်ထောင်စုရဲ့ အကြီးမားဆုံး နျူကလီးယားလက်နက် ပြိုင်ဘက်ကြီးဖြစ်တဲ့ ရုရှားနိုင်ငံနဲ့ လက်နက်ထိန်းချုပ်ကန့်သတ်ရေးပြဿနာ စိန်ခေါ်မှုကိုလည်း ဘိုင်ဒင်အစိုးရအနေနဲ့ ရင်ဆိုင်ရဖို့ရှိနေပါတယ်။ ရုရှားနိုင်ငံဟာ ဆီးရီးယားကနေ လစ်ဗျားနိုင်ငံတို့ရဲ့ ပဋိပက္ခတွေမှာ ဝင်ရောက်စွက်ဖက်နေသလို အာဖရိက အလယ်ပိုင်းကနေ ဗင်နီဇွဲလားနိုင်ငံတို့အထိ ဝင်ရောက်ခြေရှုပ်နေတာ ဖြစ်တယ်။ ဆိုရရင် ထရမ့်အစိုးရလက်ထက်က လျော့ပေါ့ဆက်ဆံခဲ့တဲ့ ရုရှားနိုင်ငံကို ဘိုင်ဒင်အနေနဲ့ ထရမ့်ထက်ပိုပြီး ခပ်မာမာခပ်ထန်ထန် ဆက်ဆံသွားမယ်လို့ ယူဆရပါတယ်။

ထရမ့်ဟာ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နဲ့ တွေ့ဆုံဆွေးနွေးပြီးတဲ့နောက် မြောက်ကိုရီးယားရဲ့ နျူကလီးယား ခြိမ်းခြောက်မှုမျိုးရှိတော့မှာ မဟုတ်ဘူးဆိုပြီး သူ့ရဲ့တွစ်တာကနေ ပြောကြားခဲ့တယ်။ ဒါပေမယ့် အောက်တိုဘာလက မြောက်ကိုရီးယားအစိုးရရဲ့ စစ်ရေးပြအခမ်းအနားမှာ အမေရိကန်ပြည်ထောင်စုအထိ ပစ်ခတ်နိုင်စွမ်းရှိတဲ့ တာဝေးပစ်ဒုံးကျည်ကြီးကို ထုတ်ဖော်ပြသသွားတာကိုကြည့်ရင် မြောက်ကိုရီးယားအရေးကိစ္စဟာ ဘိုင်ဒင်အစိုးရလက်ထက်မှာ ဆက်လက်ရင်ဆိုင်ရဦးမယ့် စိန်ခေါ်မှုအဖြစ်ရှိနေမှာ ဖြစ်တယ်။

ဒါ့အပြင် ထရမ့်အစိုးရလက်ထက်မှာ အီရန်နိုင်ငံနဲ့ ရန်စွယ်ငေါငေါဖြစ်နေတဲ့ အရေးကိစ္စဟာလည်း ဘိုင်ဒင်အတွက် ကြီးမားတဲ့ စိန်ခေါ်မှုဖြစ်နေမှာဖြစ်တယ်။ အီရန်နိုင်ငံဟာ နျူကလီးယားလက်နက် ထုတ်လုပ်နိုင်တဲ့ ယူရေနီယမ်သတ္တု အမြောက်အမြားရှိနေတဲ့နိုင်ငံ၊ ထရမ့်အစိုးရရဲ့ စီးပွားရေး အရေးယူပိတ်ဆို့မှုကြောင့် အထိနာနေသလို သူ့ရဲ့ထိပ်တန်းဗိုလ်ချုပ်ကြီး လုပ်ကြံသတ်ဖြတ်ခံရမှုအတွက် အမေရိကန်ပြည်ထောင်စုအပေါ် အကျိတ်အခဲရှိနေတဲ့နိုင်ငံ ဖြစ်တယ်။ ဆိုရရင် အီရန်ပြဿနာကလည်း ဘိုင်ဒင်အစိုးရအတွက် အလွန်ခေါင်းစားရမယ့် ပြဿနာအဖြစ် ရှိနေမှာဖြစ်တယ်။

မဲဆွယ်စည်းရုံးလှုံ့ဆော်စဉ်ကတည်းက ရာသီဥတုပြောင်းလဲခြင်း အရေးကိစ္စဟာ ပြည်တွင်းနဲ့ နိုင်ငံခြားရေးမူဝါဒအတွက် ထိပ်တန်းဦးစားပေးအရေးကိစ္စအဖြစ် ဘိုင်ဒင်က ထုတ်ဖော်ပြောကြားခဲ့တယ်။ ထရမ့်အစိုးရလက်ထက်မှာ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ပါရီသဘောတူညီမှုကနေ နုတ်ထွက်ခဲ့တယ်။ ဒါကြောင့်လည်း ၂၀၁၅ ခုနှစ်က ပါရီ သဘော တူညီမှုကို အမေရိကန်နိုင်ငံကိုယ်စား လက်မှတ်ရေးထိုးခဲ့တဲ့ သူ့ရဲ့ အရင်းနှီးဆုံးမိတ်ဆွေ ဂျွန်ကယ်ရီကို ဘိုင်ဒင်က ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အထူးသံတမန်အဖြစ် ယုံယုံကြည်ကြည် ခန့်အပ်တာဝန်ပေးလိုက်တာ ဖြစ်တယ်။

ဘိုင်ဒင်အစိုးရအတွက် ပထမဦးစားပေး အရေးကိစ္စတွေထဲမှာ အကြမ်းဖက်ချေမှုန်းရေး စစ်ပွဲအဆုံးသတ်ဖို့ အရေးကိစ္စကလည်း ထိပ်ဆုံးတန်းက ပါဝင်နေပါတယ်။ အာဖဂန်နစ္စတန်နဲ့ အီရတ်တို့မှာ တပ်စွဲထားတဲ့ အမေရိကန်စစ်တပ် ပြန်လည်ရုပ်သိမ်းရေးဟာ ဘိုင်ဒင်အစိုးရအတွက် ဦးစားပေးဖြစ်လာပါလိမ့်မယ်။ ထရမ့်အစိုးရလက်ထက်က အာဖဂန်နဲ့ အီရတ်နိုင်ငံတို့က စစ်သည် ၂၅၀၀ စီကို ပြန်လည်ရုပ်သိမ်းခဲ့ပါတယ်။ ဘိုင်ဒင်အစိုးရလက်ထက်မှာလည်း စစ်တပ်ပြန်လည်ရုပ်သိမ်းရေးကို တဖြည်းဖြည်း ဆောင်ရွက်သွားမယ်လို့ ယူဆရပါတယ်။ ဒါပေမယ့် ဒီလိုတပ်ပြန်လည်ရုပ်သိမ်းရာမှာ အာဖဂန်နဲ့ အီရတ်တို့မှာ အကြမ်းဖက်ဝါဒီတွေအတွက် နောက်တစ်ကြိမ် ခိုလှုံရာနေရာမဖြစ်ရလေအောင် ဘယ်လိုစီမံဆောင်ရွက်သွားမလဲ ဆိုတာကလည်း အရေးပါနေပါတယ်။

ဆိုရရင် ဘိုင်ဒင်သမ္မတဖြစ်လာချိန်မှာ ရင်ဆိုင်ရမယ့် စိန်ခေါ်မှုတွေ တစ်သီတစ်တန်းကြီး ရှိနေမှာဖြစ်ပြီး အဲဒီစိန်ခေါ်မှုတွေထဲမှာ အကြမ်းဖက်ဝါဒခြိမ်းခြောက်မှု အရေးကိစ္စ၊ မဟာမိတ်နိုင်ငံတွေနဲ့ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မယ့် အရေးကိစ္စနဲ့ မဟာအင်အားကြီးပြိုင်ဘက်တွေနဲ့ ရင်ဆိုင်ရမယ့် အရေးကိစ္စတွေဟာ ကြီးမားတဲ့ စိန်ခေါ်မှုတွေအဖြစ် ဆက်လက်မြင်တွေ့ရမှာ ဖြစ်ကြောင်း သုံးသပ်လိုက်ရပါတယ်။

**Ref: abcnews**

## ထရမ့်အစိုးရချမှတ်ထားသည့် ကိုဗစ်-၁၉ ဆိုင်ရာ ခရီးသွားလာမှုကန့်သတ်ချက်ကို ဘိုင်ဒင်အစိုးရ ရုပ်သိမ်းရန် အစီအစဉ်မရှိ

**ဝါရှင်တန် ဇန်နဝါရီ ၁၉**

ဇန်နဝါရီ ၂၀ ရက်တွင် တက်လာမည့် ဘိုင်ဒင်အစိုးရအနေဖြင့် ထရမ့်အစိုးရချမှတ်ထားသည့် ဥရောပနှင့် ဘရာဇီးနိုင်ငံတို့မှ ခရီးသွားများဝင်ရောက်မှုကန့်သတ်ချက်ကို ဇန်နဝါရီ ၂၆ ရက်တွင် ရုပ်သိမ်းလိမ့်မည်ဖြစ်ကြောင်း ထရမ့်အစိုးရ၏ ပြောကြားချက်ကို ဘိုင်ဒင်၏ ပြောရေးဆိုခွင့်ရှိသူက ယနေ့ ပယ်ချခဲ့သည်။

"ကျွန်တော်တို့ဆေးအဖွဲ့ရဲ့ အကြံပေးချက်အရ ခရီးသွားလာရေးကန့်သတ်ချက်တွေကို ဇန်နဝါရီ ၂၆ ရက်မှာ ရုပ်သိမ်းသွားဖို့ အစီအစဉ်မရှိပါဘူး" ဟု ဘိုင်ဒင်၏ သတင်းထုတ်ပြန်ရေးတာဝန်ခံ ဂျန်ပက်စ်ကီက ပြောကြားခဲ့သည်။ ကန့်သတ်ချက်များကို ရုပ်သိမ်းရန် အစီအစဉ်မရှိသည့်အပြင် ဗိုင်းရပ်စ်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရန်အတွက် ပိုမိုတင်းကျပ်သည့် စည်းမျဉ်းများကို ထပ်တိုးချမှတ်ရန်ပင် စီစဉ်ထားသည်ဟု ပက်စ်ကီက ဆက်လက်ပြောသည်။

ထရမ့်ကမူ ၎င်းအနေဖြင့် ဥရောပနှင့် ဘရာဇီးနိုင်ငံတို့မှ ခရီးသွားများ ဝင်ရောက်မှုကန့်သတ်ချက်ကို ပြန်လည်ဖယ်ရှားမည်ဖြစ်ပြီး တရုတ်နှင့် အီရန်နိုင်ငံတို့မှ ခရီးသည်များ ဝင်ရောက်မှုကို ဆက်လက်တားမြစ်ထားဦးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထရမ့်က "ဒီနည်းလမ်းက အမေရိကန်နိုင်ငံသားတွေ ကိုယ့်နိုင်ငံကို ပြန်ဝင်လာဖို့ အကောင်းဆုံးနည်းလမ်းပါ" ဟု ပြောသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က အမေရိကန်ရောဂါထိန်းချုပ်ရေးနဲ့ ကာကွယ်ရေးစင်တာက အမေရိကန်နိုင်ငံသို့ ပြန်လည်ဝင်ရောက်လိုသည့် ခရီးသွားများအနေဖြင့် ခရီးစဉ်မတိုင်မီ သုံးရက်အလိုတွင် ကိုဗစ်-၁၉ ရောဂါမရှိကြောင်း စစ်ဆေးထားသည့် ဆေးလက်မှတ်ပြသနိုင်ပါက နိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ အဆိုပါကြေညာချက်သည် ဇန်နဝါရီ ၂၆ ရက်တွင် စတင်အာဏာသက်ရောက်မည်ဖြစ်ရာ ထရမ့်အစိုးရက ဘိုင်ဒင်အစိုးရ တက်လာချိန်တွင် ခရီးသွားလာမှုကန့်သတ်ချက်များကို ရုပ်သိမ်းတော့မည်ဖြစ်သည်ဟု ထရမ့်အစိုးရက ကြေညာခဲ့ခြင်းဖြစ်သည်။

**ကိုးကား - စီအင်န်အေ၊ ဘာသာပြန် - မေလွဲ့သင်း**

# ဘိုင်ဒင် ကျမ်းသစ္စာကျိန်ဆိုမှုအခမ်းအနားကျင်းပမည့်ရက် နံနက်အစောပိုင်းတွင် ထွက်ခွာခြင်းအခမ်းအနားကျင်းပရန် ထရမ့် ပြင်ဆင်

**ဝါရှင်တန် ဇန်နဝါရီ ၁၉**

အမေရိကန်၏ ၄၆ ဦးမြောက် သမ္မတအဖြစ် ဘိုင်ဒင် ကျမ်းသစ္စာကျိန်ဆိုမည့် အခမ်းအနားမတိုင်မီ ဇန်နဝါရီ ၂၀ ရက် နံနက်အစောပိုင်းတွင် သမ္မတထရမ့်က ၎င်း၏ ထွက်ခွာခြင်းအခမ်းအနားကို မေရီလန်းရှိ လေတပ်စခန်း၌ ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။



ထရမ့်က ကာကွယ်ရေးဦးစီးချုပ်တစ်ဦးအနေဖြင့် တပ်မတော်၏ အလေးပြုမှုကို ခံယူ၍ ထောက်ခံသူများ၊ အစိုးရအဖွဲ့ဝင်များအားလုံးခြံရံကာ ကော်ဇောနီခင်းသည့် ထွက်ခွာခြင်းအခမ်းအနားကျင်းပရန် ဆန္ဒရှိနေခြင်းဖြစ်သည်။ သို့ရာတွင် စွပ်စွဲပြစ်တင်မှုအတွက် အထက်လွှတ်တော်တွင် စစ်ဆေးခံရန်ရှိနေသည့် သမ္မတထရမ့်ကို စစ်သည်အင်အားများစွာပါဝင်သည့် ထွက်ခွာခြင်းအခမ်းအနားကို ခွင့်ပြုပေးမည်မဟုတ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်မှ ပြောကြားချက်အရ သိရသည်။

အခမ်းအနားအစီအစဉ်ကို အသေးစိတ်ထုတ်ဖော်ပြောကြားခြင်း မရှိသော်လည်း မူလစီစဉ်ထားချိန်ထက် ၄၅ မိနစ်စော၍ ကျင်းပရန်ရှိနေကြောင်း သိရသည်။ အခမ်းအနားအပြီးတွင် ထရမ့်က မေရီလန်းမှ ဖလော်ရီဒါရှိ ၎င်း၏ မာရာလာဂို အပန်းဖြေစခန်းသို့ Air Force One လေယာဉ်ဖြင့် သွားရောက်မည်ဖြစ်သည်။ ဖလော်ရီဒါသည် ကျမ်းသစ္စာကျိန်ဆိုမည့် လွှတ်တော်နှင့် အိမ်ဖြူတော်တို့ရှိရာ ဝါရှင်တန်မြို့တော်မှာ မိုင်ပေါင်း ၁၀၀၀ နီးပါး ကွာဝေးသည်။ ဘိုင်ဒင် ကျမ်းသစ္စာ ကျိန်ဆိုမည့်နေရာနှင့် ထရမ့် ထွက်ခွာခြင်းအခမ်းအနား ကျင်းပမည့်နေရာ မတူညီမှုသည် အခမ်းအနားနှစ်ရပ်စလုံးတွင် အမေရိကန်သမ္မတ၏ အဆောင်အယောင်အဖြစ် Air Force One လေယာဉ်အသုံးပြုရမည်ဖြစ်သည့်အတွက် အခက်အခဲရှိနိုင်သည်ဟူသော သုံးသပ်မှုများလည်း ရှိနေသည်။

ကိုးကား– ဂါးဒီးယန်း
ဘာသာပြန်–မေလှဲ့သင်း

# ပါရီသဘောတူညီချက်သို့ ပြန်လည်ဝင်ရောက်မည့် အမေရိကန်၏ မျှော်လင့်ချက်ကို တရုတ်ကြိုဆို

**ပေကျင်း ဇန်နဝါရီ ၁၉**

ဂျိုးဘိုင်ဒင်၏ လာမည့်အမေရိကန်အစိုးရသစ်လက်ထက်တွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပါရီသဘောတူညီချက်သို့ ပြန်လည်ဝင်ရောက်မည့် အမေရိကန်နိုင်ငံ၏ မျှော်လင့်ချက်ကို တရုတ်နိုင်ငံက ကြိုဆိုပါကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟွာချွန်ယင်းက ဇန်နဝါရီ ၁၉ ရက်တွင် ပြောကြားခဲ့သည်။

ရာသီဥတုပြောင်းလဲမှုသည် ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး နိုင်ငံတကာအသိုက်အဝန်း၏ ပူးပေါင်းကြိုးပမ်းမှုများလည်း လိုအပ်လျက်ရှိကြောင်း ဟွာချွန်ယင်းက ပြောကြားခဲ့သည်။ ထို့ကြောင့် တရုတ်နိုင်ငံအနေဖြင့် ရာသီဥတုပြောင်းလဲမှုနှင့် စပ်လျဉ်း၍ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကို အထောက်အကူဖြစ်စေမည့် ကြိုးပမ်းမှုများအားလုံးကို အားပေးပါကြောင်း ၎င်းက ပြောကြားခဲ့သည်။

ထို့ပြင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပါရီသဘောတူညီချက်ကို တက်ကြွစွာ အကောင်အထည်ဖော်ဆောင်ရွက်မည့် နိုင်ငံတကာအသိုက်အဝန်းများနှင့်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ရာသီဥတု ပြောင်းလဲမှုအပေါ် ကမ္ဘာလုံးဆိုင်ရာတုံ့ပြန်မှုကို ပံ့ပိုးဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းလည်း ၎င်းက ပြောကြားခဲ့သည်။

ကိုးကား–ဆင်ဟွာ
ဘာသာပြန်–အလင်းသစ်

# အစ္စရေး၌ ကိုဗစ်-၁၉ရောဂါကြောင့် အလုပ်လက်မဲ့ဦးရေ ၆၅၇၀၀၀ ကျော်ရှိလာ

**ဂျေရုဆလင် ဇန်နဝါရီ ၁၉**

အစ္စရေးနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် အသွားအလာကန့်သတ်မှု ချမှတ်ခဲ့ပြီးနောက် အလုပ်လက်မဲ့ဦးရေ ၆၅၇၀၀၀ ကျော် ရှိလာကြောင်း အစ္စရေး နိုင်ငံ၏ စာရင်းအင်းဗျူရိုနှင့် အလုပ်အကိုင်ဝန်ဆောင်မှု စင်တာမှ ထုတ်ပြန်သည့် နောက်ဆုံး အချက်အလက်များအရ သိရသည်။

အဆိုပါ အလုပ်လက်မဲ့ဦးရေ အရေအတွက်သည် အစ္စရေးနိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်မှု ထိန်းချုပ်ရန် အသွားအလာကန့်သတ်မှု အပြည့်အဝချမှတ်ခဲ့သည့် ယမန်နှစ် ဒီဇင်ဘာလအတွင်းက အလုပ်လက်မဲ့ဦးရေ ၅၂၃၀၀၀ ခန့်နှင့် နှိုင်းယှဉ်ပါက အလုပ်လက်မဲ့ဦးရေ မြင့်တက်လာသည်ကို တွေ့ရှိရသည်။

ထို့အတူ အစ္စရေးနိုင်ငံအတွင်း လက်ရှိ အလုပ်လက်မဲ့ ၁၅ ဒသမ ၉ ရာခိုင်နှုန်းခန့်ရှိပြီး ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် နိုင်ငံအတွင်း အသွားအလာကန့်သတ်မှု စတင်ချမှတ်ချိန်က အလုပ်လက်မဲ့ ၁၂ ဒသမ ၇ ရာခိုင်နှုန်းခန့်နှင့်နှိုင်းယှဉ်ပါက ပိုမိုမြင့်တက်လာကြောင်း သိရသည်။

အစ္စရေးတွင် ယမန်နှစ် ဧပြီလကုန်ပိုင်းက အလုပ်လက်မဲ့ဦးရေ တစ်သန်းကျော်ရှိပြီး ရာခိုင်နှုန်းအားဖြင့် ၂၇ ဒသမ ၅ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။ အစ္စရေးနိုင်ငံတွင် ယမန်နှစ် ဖေဖော်ဝါရီလက ကိုဗစ်–၁၉ ရောဂါ စတင်တွေ့ရှိခဲ့ပြီး ကိုဗစ်–၁၉ ရောဂါ မတိုင်မီက နိုင်ငံအတွင်း အလုပ်လက်မဲ့နှုန်းမှာ ၃ ဒသမ ၉ ရာခိုင်နှုန်းသာရှိကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – ဂျေတီ

# ဘိုင်ဒင်လက်ထက် လူဝင်မှုကြီးကြပ်ရေးမူဝါဒကို ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရန် အမေရိကန်အား မက္ကဆီကို တိုက်တွန်း

**မက္ကဆီကိုစီးတီး ဇန်နဝါရီ ၁၉**

ဂွါတီမာလာတွင် ပိတ်မိနေသည့် ဒုက္ခသည်များနှင့်စပ်လျဉ်း၍ အမေရိကန်နိုင်ငံအနေဖြင့် ၎င်း၏ လူဝင်မှုကြီးကြပ်ရေးမူဝါဒကို အကြီးအကျယ် ပြုပြင်ဆောင်ရွက်ရေးဖော်ဆောင်ရန် မက္ကဆီကိုသမ္မတ အန်ဒရီယက်ဇ်လိုပက်ဇ်အိုဘရာဒိုက ယနေ့ တိုက်တွန်းခဲ့သည်။



ဂွါတီမာလာတွင် ပိတ်မိနေသည့် အမျိုးသမီးနှင့် ကလေးငယ်များကို တွေ့ရစဉ်။

အမေရိကန်သမ္မတသစ်ဖြစ်လာမည့် ဂျိုးဘိုင်ဒင်နှင့် အခြားမြောက်အမေရိက ခေါင်းဆောင်များ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ဒုက္ခသည်အရေးကို ဖြေရှင်းနိုင်ရန် မျှော်လင့်မိပါကြောင်း မက္ကဆီကိုသမ္မတက ပြောသည်။ ဟွန်ဒူးရပ်စ်နိုင်ငံမှ အများဆုံးလာရောက်သည့် ဒုက္ခသည် အရေအတွက် ၇၀၀၀ ကျော်တို့သည် ဂွါတီမာလာနိုင်ငံမှာပင် ပိတ်မိလျက်ရှိသည်။ မျက်မြင်သက်သေတစ်ဦး၏ အဆိုအရ ရဲများက ဒုက္ခသည်များအား တုတ်များဖြင့် ရိုက်နှက်ကာ အတင်းအဓမ္မ ဟွန်ဒူးရပ်စ်နယ်စပ်အထိ ပြန်လည်ပို့ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။ နှစ်တိုင်းပင် "ကာရာဗန်" ဟု အလွယ်ခေါ်သည့် ဗဟိုအမေရိကရှိ ရွှေ့ပြောင်းအခြေချသူ ထောင်နှင့်ချီ၍ ဂွါတီမာလာမှတစ်ဆင့် မက္ကဆီကို၊ မက္ကဆီကိုမှတစ်ဆင့် အမေရိကန်ပြည်ထောင်စုသို့ ဝင်ရောက်ရန် ကြိုးပမ်းလေ့ရှိသည်။

၎င်းတို့သည် ဒေသရင်းနိုင်ငံများတွင် ညှဉ်းပန်းနှိပ်စက်ခံရခြင်း၊ ဆင်းရဲမှုနှင့် အကြမ်းဖက်မှုတို့ကြောင့် ထွက်ပြေးကာ နိုင်ငံသစ်တွင် အခြေချရန် ကြိုးပမ်းရခြင်းဖြစ်ကြောင်း ပြောကြားသည်။

မစ္စတာလိုပက်ဇ်အိုဘရာဒိုက " ကျွန်တော့်စိတ်ထင် ခုချိန်က မျှော်လင့်ချက်တွေကို ဖြည့်စွမ်းပေးနိုင်မယ့် သဘောတူညီချက်တစ်ရပ်ကို အမေရိကန်နိုင်ငံဘက်က ပေးနိုင်မယ့်အချိန်လို့ ထင်ပါတယ်။ အမေရိကန်နိုင်ငံအနေနဲ့ လူဝင်မှုကြီးကြပ်ရေးမူဝါဒကို ပြန်လည်ပြင်ဆင်ဖို့ တိုက်တွန်းချင်ပါတယ်" ဟု ပြောကြားခဲ့သည်။

ဘိုင်ဒင်က ၎င်းအစိုးရလက်ထက်တွင် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ မူဝါဒကို ပြုပြင်ပြောင်းလဲမည်ဖြစ်ကြောင်း ပြောကြားခဲ့သော်လည်း အမေရိကန်နိုင်ငံတွင် ရောက်ရှိပြီးသား အထောက်အထားမဲ့ ရွှေ့ပြောင်းအခြေချနေထိုင်သူများကိုသာ ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကိုးကား– ဘီဘီစီ၊ ဘာသာပြန်–မေလှဲ့သင်း



# အင်ဒိုနီးရှားနိုင်ငံ၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် လူထောင်ပေါင်းများစွာကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရ

**ဂျကာတာ ဇန်နဝါရီ ၁၉**

အင်ဒိုနီးရှားနိုင်ငံ၌ မိုးအဆက်မပြတ်ရွာသွန်းမှုများမှတစ်ဆင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် လူထောင်ပေါင်းများစွာကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရပြီး အနည်းဆုံးလူ ၁၅ ဦးသေဆုံးခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ တောင်ကာလီမန်တန်ပြည်နယ်၌ ၁၀ ရက်ဆက်တိုက် မိုးသည်းထန်စွာရွာသွန်းမှုဖြစ်ပေါ်ခဲ့ပြီး ပြည်နယ်၏ ဒေသတချို့၌ ရေအမြင့် သုံးမီတာအထိ မြင့်တက်မှုရှိခဲ့ကြောင်း သဘာဝဘေးတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ထို့ကြောင့် အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုသည် ဇန်နဝါရီ ၁၈ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှု ဆိုးရွားစွာဖြစ်ပေါ်ခဲ့သည့် ဒေသတစ်ခုသို့ သွားရောက်စစ်ဆေးခဲ့ပြီး အရေးပေါ်အထောက်အပံ့ပစ္စည်းများ ထောက်ပံ့ပေးနိုင်ရေးအတွက် ပျက်စီးသွားခဲ့သည့် တံတားများကို ပြန်လည်တည်ဆောက်ရန် တာဝန်ရှိသူများအား ညွှန်ကြားခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံသည် မိုးရာသီကာလဖြစ်သည့် အောက်တိုဘာလမှ ဖေဖော်ဝါရီလအတွင်း ရေကြီးရေလျှံမှုများ မကြာခဏ ကြုံတွေ့ရလျက်ရှိပြီး မိုးလေဝသတာဝန်ရှိသူများကလည်း လာမည့်သီတင်းပတ်များအတွင်း ရေကြီးမှုများထပ်မံဖြစ်ပွားလာနိုင်ဖွယ်ရှိကြောင်း သတိပေးထားကြောင်း သိရသည်။

ကိုးကား–အင်န်အိတ်ချ်ကေ
ဘာသာပြန်–အလင်းသစ်



## ဂျပန်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို လျင်မြန်စွာ စတင်မည်ဟု ဝန်ကြီးချုပ် ဆူဂါ ကတိပြုပြောကြား

**တိုကျို ဇန်နဝါရီ ၁၉**

ဂျပန်နိုင်ငံအစိုးရအနေဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို လျင်မြန်စွာ စတင်မည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ဆူဂါက ကတိပြုပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါနှင့် စပ်လျဉ်း၍ တာဝန်ယူဆောင်ရွက်နေသည့် လက်ရှိအာဏာရလစ်ဘရယ် ဒီမိုကရက်တစ်ပါတီ၏ လုပ်ငန်းအဖွဲ့မှ ထိပ်တန်းတာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့သည့် ဇန်နဝါရီ ၁၉ ရက်တွင် ဝန်ကြီးချုပ် ဆူဂါက အထက်ပါအတိုင်းမှတ်ချက်ပြု ပြောကြားခဲ့ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဖေဖော်ဝါရီလ နောက်ပိုင်းတွင် ကျန်းမာရေးဝန်ထမ်းများအား ထိုးနှံပေးခြင်းဖြင့် စတင်ရန် စီစဉ်လျက်ရှိသည်။ မတ်လနောက်ပိုင်းတွင် အသက်အရွယ်ကြီးရင့်သူများကိုလည်းကောင်း၊ ၎င်းနောက်တွင် ကျန်းမာရေးအခြေအနေဆိုးရွားနေသူများကိုလည်းကောင်း ထိုးနှံပေးရန် စီစဉ်လျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းစဉ်တွင် ဝန်ကြီးဌာနများနှင့် အေဂျင်စီများလည်း ပါဝင်ပတ်သက်မှုရှိနေခြင်းကြောင့် ကာကွယ်ဆေးထိုးနှံမှုနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ကြောင်းလည်း ဂျပန်နိုင်ငံ ဝန်ကြီးချုပ် ဆူဂါက စည်းမျဉ်းဆိုင်ရာပြုပြင်ပြောင်းလဲရေးဝန်ကြီး ကိုနိုတာရိုအား ပြောကြားခဲ့သည်။ ကိုနိုတာရိုကလည်း ဖေဖော်ဝါရီလ နောက်ပိုင်းတွင် စတင်မည့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားခဲ့သည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-အလင်းသစ်

## Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးမှုကို ရပ်ပစ်မည်မဟုတ်ဟု ဖိလစ်ပိုင် သမ္မတ ဒူတာတေး အတည်ပြု

**မနီလာ ဇန်နဝါရီ ၁၉**

Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီး နောက် နော်ဝေနိုင်ငံတွင် သက်ကြီးရွယ်အိုအချို့ သေဆုံးမှုရှိခဲ့သော်လည်း ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ကာကွယ်ဆေးထိုးနှံပေးမှုတွင် Pfizer ကာကွယ်ဆေးအသုံးပြုခြင်းကို ရပ်တန့်မည်မဟုတ်ကြောင်း သမ္မတဒူတာတေးက ယမန်နေ့ ရုပ်သံမိန့်ခွန်းတွင် ပြောကြားသည်။

နော်ဝေနိုင်ငံ၌ Pfizer ကာကွယ်ဆေး ထိုးနှံပြီးနောက် သက်ကြီးရွယ်အိုအချို့ သေဆုံးမှုရှိခဲ့ကြောင်း ယမန်နေ့ ကြေညာချက်ထွက်လာခဲ့သော်လည်း သမ္မတ ဒူတာတေးက ဖိလစ်ပိုင်၏ ကာကွယ်ဆေးထိုးနှံမှုတွင် Pfizer ကာကွယ်ဆေးကို ဆက်လက်အသုံးပြုမည်ဖြစ်ကြောင်း အတည်ပြုခဲ့ခြင်းဖြစ်သည်။

ဖိလစ်ပိုင်အနေဖြင့် ရွေးချယ်ဝယ်ယူသည့် ဆေးများတွင် တရုတ်ဆေးကုမ္ပဏီ Sinovac Biotech မှ ထုတ်လုပ်သည့် CoronaVac ဆေးလည်းပါဝင်ရာ ယင်းဆေးကို ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ တူရကီ၊ အီဂျစ်၊ ယူအေအီးနှင့် ဘရာဇီးနိုင်ငံတို့တွင် ထိုးနှံပေးလျက်ရှိပြီး ယင်းဆေးကြောင့် ယခုထိ သေဆုံးမှုမရှိသေးကြောင်း ဒူတာတေးက ဆက်လက်ပြောကြားခဲ့သည်။ ဖိလစ်ပိုင်အနေဖြင့် Novavax၊ Moderna၊ AstraZeneca နှင့် Johnson& Johnson ကုမ္ပဏီများနှင့်လည်း ဆွေးနွေးလျက်ရှိကြောင်း အစိုးရ၏ ကာကွယ်ဆေးဝယ်ယူရေး တာဝန်ခံ ကာလီတို ဂဲလ်ဗက်စ်က အတည်ပြုခဲ့သည်။

ကိုးကား- သည်စထရိတ်တိုင်းမ်
ဘာသာပြန်-မေလွဲ့သင်း



## ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဗိုင်းရပ်စ်ကာကွယ်ဆေး အလုံးရေနှစ်သန်း အိန္ဒိယနိုင်ငံ လက်ဆောင်ပေးမည်

**ဒါကာ ဇန်နဝါရီ ၁၉**

အိန္ဒိယနိုင်ငံမှ လက်ဆောင်အဖြစ်ပေးအပ်မည့် ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးအလုံးရေ နှစ်သန်း ဇန်နဝါရီ ၂၀ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိဖွယ်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ အတွင်းဝန် အဗ္ဗဒူမန်နန်းက ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ် ကျန်းမာရေးဝန်ကြီး ဇာဟက်မာလီကွေးက ကာကွယ်ဆေးကို အိန္ဒိယနိုင်ငံ၏ လက်ဆောင်အဖြစ် အစောပိုင်းတွင် ပြောကြားခဲ့သော်လည်း အသေးစိတ်မဖော်ပြခဲ့ပေ။ “Serum Institute of India ကနေ ကျွန်တော်တို့ ဗိုင်းရပ်စ်ကာကွယ်ဆေး အလုံးရေနှစ်သန်း ရရှိမှာဖြစ်ပါတယ်။ ဒီကာကွယ်ဆေးတွေက အိန္ဒိယနိုင်ငံနဲ့ ချုပ်ဆိုထားတဲ့ သဘောတူညီချက်နဲ့ သက်ဆိုင်ခြင်းမရှိပါဘူး” ဟု ၎င်းက ဆိုသည်။

Serum Institute of India က အောက်စဖို့တက္ကသိုလ်နှင့် Astra Zeneca ဆေးဝါးကုမ္ပဏီတို့၏ ဗိုင်းရပ်စ်ကာကွယ်ဆေးများ ထုတ်လုပ်လျက်ရှိသည်။ အိန္ဒိယနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများ ပထမဦးစားပေးမူဝါဒအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဗိုင်းရပ်စ်ကာကွယ်ဆေးများ မြန်ဆန်စွာရရှိမည်ဟု ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ အိန္ဒိယမဟာမင်းကြီး ဗီကရမ်ဒိုရှိုင်းဆွာမိက ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံက ကိုဗစ်ကာကွယ်ဆေး အလုံးရေ သန်း ၃၀ ဝယ်ယူမည့် သဘောတူညီချက်တစ်ရပ်ကို အိန္ဒိယနိုင်ငံနှင့် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၁၃ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်။

ကိုးကား-အိန္ဒိယတူဒေး
ဘာသာပြန်-ကျော်ထိုက်စိုး

## နိုင်ဂျီးရီးယားနိုင်ငံက ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးအတွက် ပြည်တွင်းထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထုတ်လုပ်မည်

**လာဂို့စ် ဇန်နဝါရီ ၁၉**

နိုင်ဂျီးရီးယားအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးအတွက် ပြည်တွင်းထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ယမန်နေ့တွင် ကြေညာခဲ့သည်။

နိုင်ဂျီးရီးယားနိုင်ငံသည် ပြည်တွင်းထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်မျိုးကို ထုတ်လုပ်ရန် ဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ဂျီးရီးယားဘဏ္ဍာရေးဝန်ကြီးဌာနကလည်း ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၃ သန်းကို ခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး အီဟာနီရီက ဇန်နဝါရီ ၁၈ ရက်တွင် အဘူဂျာ၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

ကိုယ်ပိုင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးရရှိရေး ဆောင်ရွက်နေစဉ်အချိန်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထုတ်လုပ်ရေး အသိအမှတ်ပြုခံထားရသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ထုတ်လုပ်ခွင့်လိုင်စင်ရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီး အီဟာနီရီက ပြောကြားခဲ့သည်။

သို့ရာတွင် ကျန်းမာရေးဝန်ကြီး အီဟာနီရီသည် ပြည်တွင်းထုတ်ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထုတ်လုပ်မှု သို့မဟုတ် ထုတ်လုပ်မှုလိုင်စင်တို့နှင့် စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များကိုမူ ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၉၆၀၉၄၆၃၃ | ဦး |
| သေဆုံးသူ | ၂၀၅၁၇၃၃ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၆၈၇၆၆၀၁၀ | ဦး |

## ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးဆိုင်ရာ ပြင်ဆင်ဆောင်ရွက်ရာတွင် နိုင်ငံစုံ ဘုံအကျိုးစီးပွားဖော်ဆောင်မှုအရေးကြီးကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပြောကြား

**ဂျီနီဗာ ဇန်နဝါရီ ၁၉**

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးဆိုင်ရာပြင်ဆင်ဆောင်ရွက်ရာတွင် နိုင်ငံစုံ ဘုံအကျိုးစီးပွားကို ဖော်ဆောင်ခြင်းသည် အရေးကြီးပြီး ယခုဖြစ်ပွားနေသော ကပ်ရောဂါ၏ ဆိုးကျိုးသက်ရောက်မှုကလည်း ထိုအချက်ကို သတိပေးလျက်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကိုဗစ်-၁၉ ကပ်ရောဂါပြင်ဆင်ဆောင်ရွက်ရေးဆိုင်ရာ လွတ်လပ်သောစုံစမ်းရေးအဖွဲ့က ဇန်နဝါရီ ၁၈ရက်တွင်ထုတ်ပြန်သော ကြားဖြတ်အစီရင်ခံစာ၌ ဖော်ပြထားသည်။

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုများမှာ သက်ဆိုင်ရာနိုင်ငံများအကြား ပထဝီနိုင်ငံရေးတင်းမာမှုများကြောင့် နှောင့်နှေးလျက်ရှိပြီး ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါအတွက် အပြည်ပြည်ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေးအစီအမံတစ်ရပ်ချမှတ်နိုင်ရန် ပြန်လည်သုံးသပ်ရမည့်အခြေအနေသို့ ဦးတည်နေကြောင်း အဆိုပါစုံစမ်းရေးအဖွဲ့၏ ပူးတွဲသဘာပတိ အယ်လန် ဂျွန်ဆင်ဆာလိတ်က ပြောကြားသည်။

### တုံ့ပြန်မှုများကို ပြန်လည်သုံးသပ်ရန်

အဆိုပါအစီရင်ခံစာတွင် ပါဝင်သည့် အကြောင်းအရာများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အစည်းအဝေးတွင် ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ ပြင်ဆင်ဆောင်ရွက်ရေးဆိုင်ရာ လွတ်လပ်သော စုံစမ်းရေးအဖွဲ့ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ကိုဗစ်-၁၉ ကပ်ရောဂါ ကမ္ဘာတစ်ဝန်းဖြစ်ပွားမှုများမှတစ်ဆင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကရရှိခဲ့သော အတွေ့အကြုံများနှင့် ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ကပ်ရောဂါ တုံ့ပြန်ဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်ရန်အတွက် ဖွဲ့စည်းထားခြင်းဖြစ်သည်။ မေလတွင် ကျင်းပမည့် ကမ္ဘာ့ကျန်းမာရေးဆိုင်ရာညီလာခံတွင် ၎င်းစုံစမ်းရေးအဖွဲ့၏ နောက်ဆုံးအစီရင်ခံစာကို တင်သွင်းသွားမည်ဖြစ်သည်။

### အဖွဲ့ဝင်နိုင်ငံများကမျှော်လင့်ချက်ထားရှိ

အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အဆိုပါရောဂါ တိုက်ဖျက်ရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အပေါ် မျှော်လင့်ချက်များထားရှိသည်ကို တွေ့ရှိရကြောင်း အဆိုပါ ကြားဖြတ်အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးအတွက် အဆိုပါရောဂါဖြစ်ပွားမှုအခြေအနေဆိုင်ရာ ပြည့်စုံသော အစီရင်ခံစာတစ်ရပ်ကို လိုအပ်ကြောင်းနှင့် အဆိုပါရောဂါတိုက်ဖျက်ရေးအတွက် လိုအပ်သော အရင်းအမြစ်များကို ပံ့ပိုးပေးနိုင်ရန်ဆောင်ရွက်နေကြောင်း ဆာလိတ်က ပြောကြားသည်။ သို့သော် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အတွက် အဆိုပါရောဂါတိုက်ဖျက်ရေးဆောင်ရွက်ရာတွင် လုပ်ပိုင်ခွင့်နှင့် ငွေကြေးဆိုင်ရာကန့်သတ်မှုများရှိနေကြောင်း ၎င်းကပြောကြားသည်။

ကိုဗစ်-၁၉ ကပ်ရောဂါ ပြင်ဆင်ဆောင်ရွက်ရေးဆိုင်ရာ လွတ်လပ်သော စုံစမ်းရေးအဖွဲ့ကပြောကြားရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် ထုတ်ပြန်ခဲ့ပြီး ထိုအချိန်က ကမ္ဘာ့နိုင်ငံအများစုမှာ ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှုတားဆီးရေးအတွက် လုပ်ငန်းများကို အနည်းငယ်သာ ဆောင်ရွက်သည်ကိုတွေ့ရှိရကြောင်း ဆိုသည်။ ယခုလက်ရှိနိုင်ငံတကာတွင်ကျင့်သုံးလျက်ရှိသည့် ကိုဗစ်-၁၉ ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုစနစ်သည် ခေတ်မမီတော့သည်ကို တွေ့ရှိရသောကြောင့် အဆင့်မြှင့်တင်ရန်လိုအပ်ကြောင်း အဆိုပါလွတ်လပ်သော စုံစမ်းရေးအဖွဲ့က ပြောကြားသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

## ပြည်ကြီးတံခွန်မြို့နယ်၌ ရေခဲသေတ္တာမီးဖြတ်စက် အပူလွန်ကဲရာမှ နေအိမ်ငါးလုံး မီးလောင်မှုဖြစ်ပွား

**ပြည်ကြီးတံခွန် ဇန်နဝါရီ ၁၉**
မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်(င) ရပ်ကွက် မင်းကြီးရန်နောင်လမ်းနှင့် ၅၉(အေ)လမ်းထောင့်ရှိ ခေါင်ရည်ဆိုင်၌ ရေခဲသေတ္တာမီးဖြတ်စက် အပူလွန်ကဲ၍ ယနေ့ နံနက် ၃ နာရီ ၅ မိနစ်တွင် မီးလောင်ကျွမ်းရာ နေအိမ်ငါးလုံး မီးလောင်ခဲ့ကြောင်း သိရသည်။



မီးလောင်ရာသို့ အုပ်ချုပ်မှုယာဉ် တစ်စီး၊ မီးငြိမ်းသတ်ယာဉ် ခုနစ်စီး၊ သနင်္ဘမီးသတ် ၂၅ ဦး၊ အရန်မီးသတ် ၃၅ ဦးနှင့် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ရာ နံနက် ၃ နာရီ ၂၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် ခေါင်ရည်ဆိုင် မြေစိုက်တစ်ထပ် ထရံကာ၊ သွပ်မိုးတစ်လုံးနှင့် ကပ်လျက်ရှိသော မြေစိုက်ထရံကာ၊ သွပ်မိုး နေအိမ်လေးလုံး စုစုပေါင်း နေအိမ်ငါးလုံး မီးလောင်ဆုံးရှုံးခဲ့ပြီး မီးစတင်လောင်ကျွမ်းသော ခေါင်ရည်ဆိုင်တာဝန်ခံအား ပြည်ကြီးတံခွန်မြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## ၂၀၂၀ ပြည့်နှစ်အတွင်း မန္တလေးခရိုင်၌ မီးလောင်မှု ၁၀၆ ကြိမ်ဖြစ်ပွား သေဆုံးသူ ကိုးဦးရှိပြီး ကျပ်သန်းတစ်ထောင်ကျော် ဆုံးရှုံး

**ရန်ကုန် ဇန်နဝါရီ ၁၉**
မန္တလေးခရိုင်တွင် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှဒီဇင်ဘာလအထိ မီးလောင်မှု ၁၀၆ ကြိမ် ဖြစ်ပွားခဲ့ပြီး လူကိုးဦး သေဆုံး၍ မီးလောင်မှုကြောင့် ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၁၁၃၉ ဒသမ ၆၉၂ သန်းရှိကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာတွင် ပေါ့ဆမှုကြောင့် မီးလောင်မှု အများဆုံးဖြစ်ပွားပြီး မီးလောင်မှု ၅၇ ကြိမ် ရှိသည်။ ထို့ပြင် လျှပ်စစ်ကြောင့် ၃၃ ကြိမ်၊ မီးဖိုမီးကြောင့် နှစ်ကြိမ်၊ အလိုအလျောက်မီး ခြောက်ကြိမ်၊ ရှို့မီး ရှစ်ကြိမ် ဖြစ်ပွားခဲ့သည်။ မီးလောင်မှုဖြစ်ပွားရာတွင် အထပ်မြင့်အဆောက်အအုံဟောင်းများတွင် မီးငြိမ်းသတ်ရေးစနစ်များ မပါရှိခြင်း၊ အရေးပေါ်လှေကား ထည့်သွင်းတည်ဆောက်ထားခြင်းမရှိသည်ကို တွေ့ရှိရသည်ဟု မန္တလေးခရိုင် မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကိုကို၏ ပြောကြားချက်အရ သိရသည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ Sky walk ရတနာပုံဈေး မီးလောင်မှုတွင် Level အများဆုံးဖြင့် မီးငြိမ်းသတ်ခဲ့ရသည်။ ထို့အပြင် အောက်တိုဘာလအတွင်း ချမ်းအေးသာစံမြို့နယ်ရှိ အလှပြင်ဆိုင်တစ်ခုတွင် မီးလောင်မှုဖြစ်ပွားရာ မီးခိုးမွန်၍ သေဆုံးသူ ငါးဦး ရှိခဲ့သည်။

မန္တလေးခရိုင်အတွင်း အထပ်မြင့်အဆောက်အအုံ တည်ဆောက်မှု များပြားလာပြီး အဆိုပါအဆောက်အအုံများ တည်ဆောက်ရာတွင် မီးသတ်ဦးစီးဌာန၏ စစ်ဆေးအကြံပြုချက်များကို ရယူလိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း သိရသည်။

လူနေအိမ် မီးလောင်၍ ငြိမ်းသတ်ရာတွင် မီးသတ်ယာဉ် အလွယ်တကူ ဝင်ထွက်သွားလာနိုင်ပါက လျင်မြန်စွာ မီးငြိမ်းသတ်နိုင်သော်လည်း ဈေးမီးလောင်မှုဖြစ်ပွားရာတွင် အချိန်ကြာမြင့်စွာ မီးငြိမ်းသတ်ရပြီး အခက်အခဲရှိကြောင်း ဦးကျော်ကိုကိုက ဆက်လက်ပြောသည်။

မန္တလေးခရိုင်အတွင်း မီးငြိမ်းသတ်ရေးယာဉ် ၁၁၆ စီး၊ မီးသတ်ရေသယ်ယာဉ် ၆၃ စီး၊ မီးသတ်အထောက်အကူပြုယာဉ် ၁၇ စီးနှင့် စက်ယာဉ် ၁၃ စီး ထားရှိသည်။ ထို့ပြင် မန္တလေးမြို့ရှိ ရပ်ကွက်တိုင်းတွင် မီးသတ်ယာဉ်၊ မီးသတ်တပ်ဖွဲ့နှင့် စေတနာ့ဝန်ထမ်း အရန်မီးသတ်အင်အားများ ရှိကြောင်း သိရသည်။

**အောင်သူရ**






## ကေတီဗွီဆိုင်ဖွင့်လှစ်လုပ်ကိုင်သူ ၄၆ ဦးအား ဖမ်းဆီးအရေးယူ

**ရန်ကုန် ဇန်နဝါရီ ၁၉**
ရန်ကုန်မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစုမှူး ရဲအုပ်ဘိုဌေး ဦးဆောင်သည့်တပ်ဖွဲ့ဝင်များနှင့် ထောက်ကြန့်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် အပိုင်ရှိ ဧကရာဇ်ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့နှင့်အတူ ယမန်နေ့ ညနေ ၅ နာရီ ၄၅ မိနစ်တွင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် ဧကရာဇ်ရပ်ကွက် သဲကုန်းလမ်းရှိ တော်ဝန်နန်း ကေတီဗွီဆိုင်သည် ကိုဗစ်-၁၉ ကူးစက်ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း ဖွင့်လှစ်လုပ်ကိုင်ခြင်း မပြုလုပ်ရန် တားမြစ်ချက်အား လိုက်နာခြင်းမရှိဘဲ ဖောက်ဖျက်ကျူးလွန် ၍ ဆိုင်ဖွင့်လှစ်လုပ်ကိုင်နေကြောင်း သတင်းရရှိသဖြင့် ဝင်ရောက်ရှာဖွေခဲ့ရာ ဆိုင်မန်နေဂျာ သန့်ဇင်ကို(ခ)သန့်ဇင် ပါ အမျိုးသား ၂၃ ဦး၊ အမျိုးသမီး ၂၃ ဦး စုစုပေါင်း ၄၆ ဦး တို့အား သီချင်းသီဆိုရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့ကို ထောက်ကြန့်နယ်မြေရဲစခန်းက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်မြောက်ပိုင်း ခရိုင်ရဲတပ်ဖွဲ့မှူးရုံးရှိ မှုခင်းနှိမ်နင်းရေးဌာနစုမှူးထံမှ သိရသည်။ **ဉာဏ်ဟိန်း**



## ဝန်းသိုမြို့နယ်၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ဝန်းသို ဇန်နဝါရီ ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်၌ ယမန်နေ့က မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့ ည ၇ နာရီ ၄၅ မိနစ်ခန့်က ကသာခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်သောင်း၏လမ်းညွှန်ချက်အရ ဝန်းသိုရဲကင်းစခန်းမှူး ရဲအုပ်ကျော်ညိုလင်းနှင့်အဖွဲ့သည် ဝန်းသိုမြို့နယ် မကျည်းပင်အုပ်စု ကျွန်းပင်-နမ်းခမ်းသွားလမ်း ကျွန်းပင်ကျေးရွာအနီး စောင့်ဆိုင်းနေစဉ် ကျွန်းပင်ကျေးရွာမှ နမ်းခမ်းကျေးရွာသို့ စန်းအေး မောင်းနှင်လာသော ဆိုင်ကယ်အား စစ်ဆေးရာ ဆိုင်ကယ်ခွကြားတွင် ဆပ်ပြာခွက်များအတွင်း ထည့်ထားသည့် ဘိန်းဖြူဟု ယူဆရသော ဖြူ/ ဝါရောင်အမှုန့် အလေးချိန် ၁၃၇ ဒသမ ၅ ဂရမ်ခန့် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စန်းအေးအား ဝန်းသိုရဲစခန်းက အရေးယူထားကြောင်း သိရသည်။ **အေးမြသက်ထား**

## မဟာဗန္ဓုလတံတားအဆင်း Ocean Super Center ရှေ့၌ ယာဉ်ကိုးစီးဆင့်တိုက်မှုဖြစ်ပွား

**ရန်ကုန် ဇန်နဝါရီ ၁၉**
ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် မဟာဗန္ဓုလတံတားအဆင်း Ocean Super Center ရှေ့၌ ယနေ့နံနက်ပိုင်းက ယာဉ်ကိုးစီး ဆင့်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၁၀ နာရီ မိနစ် ၅၀ ခန့်က လှိုင်သာယာမြို့နယ် အဆင့်မြင့်(၅)ရပ်ကွက်နေ ယာဉ်မောင်း ကျော်ကျော်အောင်သည် သံဖြူဇရပ်မှ အလုံမြို့နယ်ရှိ အေးရှားဝေါလ်ဆိပ်ကမ်းတွင် ကွန်တိန်နာပုံးခွန်ချရန် ကွန်တိန်နာယာဉ်အား မဟာဗန္ဓုလလမ်းအတိုင်း မောင်းနှင်လာစဉ် ပုဇွန်တောင်မြို့နယ် အမှတ်(၃)ရပ်ကွက် မဟာဗန္ဓုလလမ်း မဟာဗန္ဓုလတံတားအဆင်း Ocean Super Center ရှေ့အရောက် ဘရိတ်ပေါက်၍ ယင်းရှေ့ရှိ ယာဉ်ရှစ်စီးအား ဆင့်တိုက်မိခဲ့ခြင်းဖြစ်ပြီး ယာဉ်တိုက်မှုကြောင့် တိုရိုတာကိုရိုလာ(ဗင်)(အငှား) ယာဉ်၏ ယာဉ်မောင်း ဦးမြင့်သောင်းမှာ ဒဏ်ရာများရရှိခဲ့သောကြောင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစေခဲ့ပြီး ကျန်ယာဉ်မောင်းများမှာ ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့ကြောင်းနှင့် ယာဉ်တိုက်မှုကျူးလွန်သည့် ယာဉ်မောင်း ကျော်ကျော်အောင်အား စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပွင့်သစ္စာ**



## တန့်ယန်း၊ ကမာဝက်နှင့် ဟိုပန်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၉**
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၁၂ နာရီ ခွဲတွင် တန့်ယန်းမြို့ အမှတ်(၂)ရပ်ကွက် ဝေဠုဝန်ကျောင်း ခင်းရှန်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မုဒုံမြို့နယ် ကမာဝက်မြို့ စိန်တောင်ရပ်ကွက်ရှိ ဇရပ်ပေါ်၌ မသင်္ကာဖွယ်တွေ့ရှိသူ အောင်ကိုသက်၊ ဖိုးချစ်၊ ကျော်ရီတို့ သုံးဦးအား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၇၀၀ နှင့် ဆိုင်ကယ်နှစ်စီးတို့ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ ညနေ ၅ နာရီ မိနစ် ၄၀ တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပန်မြို့နယ် မဝမ်ကျေးရွာနေ တယ်ချန်(ခ)လောက်တား၏ တောင်ယာတဲသို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ကိုဗစ် – ၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဇန်နဝါရီ ၁၉ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် – ၁၉ အကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်ကို ပြည်သူများ သိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**

**အစီအစဉ်မှူး။** ။ ယခုလက်ရှိအချိန်အထိ ကိုဗစ် – ၁၉ ရောဂါက မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအများအပြားမှာ ကူးစက်ဖြစ်ပွားနေဆဲဖြစ်ပါတယ်။ ကိုဗစ် – ၁၉ ရောဂါ ကူးစက်ခံရမယ်ဆိုရင် နောက်ဆက်တွဲ ကျန်းမာရေးဆိုးကျိုးတွေ ဖြစ်နိုင်တဲ့အတွက် ပြည်သူတွေအနေနဲ့ ရောဂါကူးစက်မခံရအောင် ကြိုတင်ကာကွယ်ထားဖို့အတွက် တိုက်တွန်းလိုက်ပါတယ်။

အပတ်စဉ် တင်ဆက်ပေးနေတဲ့ ကိုဗစ် – ၁၉ အကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်က ပြည်သူတွေ သိရှိလိုတဲ့အကြောင်းအရာတွေကို ပါမောက္ခကြီးတွေ၊ သမားတော်ကြီးတွေနဲ့ ပညာရှင်တွေက ဆွေးနွေးတင်ပြလျက်ရှိပါတယ်။

အခုတစ်ပတ်မှာ **ဒေါက်တာသန္တာလွင် [ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရောဂါနှိမ်နင်းရေး]၊ ဒေါက်တာတင်မောင်ညွန့် [ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး] နဲ့ ဒေါက်တာထွန်းအောင်ကြည် [ညွှန်ကြားရေးမှူး၊ မွန်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး]** တို့က ပါဝင်ဆွေးနွေးကြမှာ ဖြစ်ပါတယ်။ ပထမဦးဆုံး ဒေါက်တာသန္တာလွင်က ဦးဆောင်ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာသန္တာလွင်။** ။ ကိုဗစ် – ၁၉ ဆေးစစ်ပြီး ဘယ်နှရက်အထိ အာမခံရနိုင်မလဲ မေးခွန်းနဲ့စပ်လျဉ်းလို့ ကိုဗစ် – ၁၉ ဆေးစစ်ပြီး ဘယ်နှရက်အာမခံရမလဲဆိုတာက မည်သည့်အကြောင်းအရာကို အခြေခံပြီး ခရီးသွားတယ်ဆိုတဲ့အပေါ်မှာ မူတည်ပါတယ်။

ပြည်တွင်းလေကြောင်းခရီးစဉ်တွေနဲ့ လိုက်ပါစီးနင်းမယ့်သူတွေအနေနဲ့ လေကြောင်းခရီးစဉ် မလိုက်ပါခင် လွန်ခဲ့တဲ့ ၃၆ နာရီအတွင်းမှာ စစ်ဆေးထားတဲ့ RDT Negative အဖြေကို လိုအပ်ပါတယ်။ မြန်မာနိုင်ငံကို ပြည်ပကနေ လာရောက်မယ့်သူတွေအနေနဲ့ ခရီးစဉ်လိုက်ပါခြင်း မပြုခင်မှာ လွန်ခဲ့တဲ့ ၇၂ နာရီအတွင်း RTPCR Negative အဖြေလိုအပ်ပါတယ်။ ပြည်ပကနေ လေယာဉ်ခရီးစဉ်လိုက်ပါမယ့်သူတွေအတွက် မိမိတို့ သွားရောက်မယ့်နေရာကို မူတည်ပြီး မိမိနိုင်ငံအတွင်းကို ဝင်လာမယ်၊ ပြန်လည်ထွက်ခွာမယ်ဆိုရင် သက်ဆိုင်ရာနိုင်ငံရဲ့ သံရုံးတွေ၊ လေကြောင်းလိုင်းတွေကို ဆက်သွယ်ပြီး လိုအပ်ချက်တွေ မေးမြန်းကာ လိုက်နာဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

နိုင်ငံခြားက ပြန်လာပြီး ကွာရန်တင်းဝင်ပြီးရင် နေရပ်ကိုပြန်တဲ့အခါ ဘာတွေလိုအပ်ပါသလဲ မေးခွန်းနဲ့ စပ်လျဉ်းပြီး လေကြောင်းခရီးစဉ်တွေနဲ့ ပြန်လည်ဝင်ရောက်လာတဲ့သူတွေက မြန်မာနိုင်ငံကို ပြည်ပကနေ ပြန်လည်ရောက်ရှိပြီး ကွာရန်တင်းဝင်ရမှာ ဖြစ်ပါတယ်။ အကယ်၍ ပြန်လာတဲ့သူက ကုန်းကြောင်း၊ လေကြောင်းကနေပြန်လည်ဝင်ရောက်လာပြီး Stay at Home မြို့နယ်တွေကို ပြန်လည်သွားရောက်ခဲ့သူဖြစ်ခဲ့ရင် မြန်မာနိုင်ငံကို ရောက်ရှိပြီးတဲ့နောက်မှာ နှစ်ပတ် ကွာရန်တင်း ဝင်ရမှာဖြစ်ပါတယ်။ ကွာရန်တင်းဝင်ရောက်ပြီး ၃ ရက်မြောက်နေ့နဲ့ ၁၁ ရက်မြောက်နေ့တွေမှာ RDT နဲ့ စစ်ဆေးရမှာ ဖြစ်ပါတယ်။

ရောဂါပိုးမတွေ့ရှိဘူးဆိုရင် ကွာရန်တင်းကနေထွက်ပြီး မိမိရဲ့နေအိမ်မှာ Home Quarantine အနေနဲ့ တစ်ပတ် ဆက်နေရမှာဖြစ်ပါတယ်။ လေကြောင်း၊ ကုန်းကြောင်းကနေ ပြန်လာပြီး သတ်မှတ်ထားတဲ့ Stay at Home မြို့ကို ပြန်လည်ဝင်ရောက်လာတဲ့သူတွေဖြစ်ခဲ့ရင် မြန်မာနိုင်ငံသို့ ရောက်ရှိပြီး နောက်တစ်ပတ်အကြာ ၇ ရက် ကွာရန်တင်းဝင်ရမှာ ဖြစ်ပါတယ်။ ၇ ရက်မြောက်နေ့မှာ RDT နဲ့ စစ်ဆေးရမှာ ဖြစ်ပါတယ်။ ရောဂါပိုးမတွေ့ရှိဘူးဆိုရင် ထပ်မံပြီး မိမိရဲ့ နေအိမ်မှာ Home Quarantine အနေနဲ့ တစ်ပတ် ဆက်လက်နေထိုင်ရမှာ ဖြစ်ပါတယ်။

ကွာရန်တင်း ဝင်နေတဲ့အချိန်မှာ တကယ်လို့ ပြည်ပကနေ ပြန်လာတဲ့သူက Test လုပ်ရမယ့်ရက် မတိုင်ခင် ကိုဗစ် – ၁၉ သံသယလက္ခဏာတွေ ပေါ်ပေါက်လာမယ်ဆိုရင် RDT နဲ့ ချက်ချင်းစစ်ဆေးဖို့အတွက် အကြောင်းကြားတင်ပြရမှာ ဖြစ်ပါတယ်။ RDT နဲ့စစ်ဆေးပြီးလို့ Negative ဖြစ်နေစေကာမူ သံသယလက္ခဏာတွေ ရှိခဲ့ရင် RTPCR နဲ့ ထပ်မံစစ်ဆေးဖို့အတွက် လမ်းညွှန်တွေကို ကျွန်မတို့ ပြုစုထားပါတယ်။

ဒ့ါအပြင် အထူးမှာကြားလိုတဲ့အချက်က ကွာရန်တင်းကာလပြီးဆုံးလို့ အိမ်ပြန်သွားတယ်ဆိုရင် လူတစ်ဦးနဲ့ တစ်ဦး ခပ်ခွာခွာနေခြင်း၊ Social Distancing နဲ့နေခြင်း၊ လက်ကို စနစ်တကျ မကြာခဏဆေးခြင်း၊ လူစုလူဝေးရှိတဲ့နေရာတွေကို အတတ်နိုင်ဆုံးရှောင်ကြဉ်ခြင်းနဲ့ Mask ကို အမြဲတမ်း တပ်ဆင်ထားခြင်းတွေကို ဆောင်ရွက်ဖို့ အထူးမှာကြားချင်ပါတယ်။

ကမ္ဘာမှာ တတိယလှိုင်းဖြစ်ပေါ်နေတယ်ဆိုပြီး သိရှိထားရပါတယ်။ ပထမနဲ့ ဒုတိယလှိုင်းတွေထက် တတိယလှိုင်းက ရောဂါကူးစက်နှုန်း ပိုမိုမြန်ဆန်တယ်လို့ဆိုတဲ့အတွက် တတိယလှိုင်း ရောက်လာနိုင်တဲ့ အခြေအနေမျိုးမှာ ဘယ်လိုပြင်ဆင်မှုတွေ ဆောင်ရွက်ရမလဲ မေးခွန်းနဲ့စပ်လျဉ်းပြီး ယူကေနိုင်ငံ၊ အမေရိကန်နိုင်ငံ၊ ဂျပန်နိုင်ငံ စသဖြင့် နိုင်ငံအများစုမှာ ကိုဗစ် – ၁၉ တတိယလှိုင်း ဖြစ်ပွားနေကြောင်း၊ ဖြစ်ပွားမှုတွေကလည်း လျင်မြန်စွာမြင့်တက်လာပြီး သေဆုံးမှုတွေက မြင့်မားကြောင်း တွေ့ရှိထားပါတယ်။

စိုးရိမ်စရာကောင်းတဲ့အချက်က ယူကေနိုင်ငံ အပါအဝင် နိုင်ငံအများအပြားမှာ ကိုဗစ် – ၁၉ အသွင်ပြောင်းပိုးအနေနဲ့ တွေ့ရှိရတာဖြစ်ပြီး ဒီပိုးက ရှေ့မှာ ဒုတိယလှိုင်းကိုဖြစ်စေတဲ့ပိုးထက် ပိုပြီးမြန်ဆန်တယ်။ ၄၀ ရာခိုင်နှုန်းကနေ ၇၀ ရာခိုင်နှုန်းအထိ ပိုမိုမြန်ဆန်စွာ ကူးစက်နိုင်တယ်လို့ တွေ့ရှိရပါတယ်။

ဒါကြောင့် ဒီရောဂါပိုးဝင်ရောက်မှုကို ကာကွယ်တားဆီးနိုင်ဖို့အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၃၁ ရက်တွင် အိုင်ယာလန်နိုင်ငံ မြောက်ပိုင်းကနေ လာရောက်တဲ့ခရီးသည်တွေအနေနဲ့ မြန်မာနိုင်ငံကို ဝင်ရောက်လာမယ်ဆိုရင် ဝင်ရောက်ခွင့်ကို ယာယီကန့်သတ်ခြင်း ဆောင်ရွက်ခဲ့ပါတယ်။ ယခင်မြန်မာနိုင်ငံကို ဝင်ရောက်လာတဲ့ ပြည်ပခရီးသွားတွေကို Facility Quarantine တစ်ပတ်၊ Home Quarantine တစ်ပတ်ထားရာကနေ အခု Facility Quarantine ကို နှစ်ပတ်အဖြစ် ပြောင်းလဲဆောင်ရွက်ခဲ့ပါတယ်။ ယခင်က ဓာတ်ခွဲစမ်းသပ်မှု တစ်ကြိမ်သာ ဆောင်ရွက်ရာကနေ အခု နှစ်ကြိမ် စမ်းသပ်ဖို့ ပြောင်းလဲဆောင်ရွက်သွားဖို့ ညွှန်ကြားထားပြီးဖြစ်ပါတယ်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေနဲ့ ကိုဗစ် – ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းတွေနဲ့ ရောဂါဖြစ်ပွားမှု အခြေအနေ သုံးသပ်ချက်များကို ဗဟိုအဆင့်သာမက တိုင်းဒေသကြီး/ ပြည်နယ်အဆင့်နဲ့ မြို့နယ်အဆင့်အထိ စဉ်ဆက်မပြတ် သုံးသပ်ပြီး ရောဂါတုံ့ပြန်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ အားသာချက်၊ အားနည်းချက်တွေရှိခဲ့ရင်လည်း ပုံမှန်သုံးသပ်ပြီး အားဖြည့်ဆောင်ရွက်လျက်ရှိပါတယ်။

တတိယလှိုင်းအနေနဲ့ ဖြစ်လာခဲ့မယ်ဆိုရင် ကာကွယ်နိုင်ဖို့အတွက် ဓာတ်ခွဲစစ်ဆေးခြင်း လုပ်ငန်းတွေကို ပိုမိုမြှင့်တင်ပြီး ဆောင်ရွက်ဖို့ စီစဉ်ထားရှိသလို ရောဂါဖြစ်ပွားမှု စောင့်ကြည့်ရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့်တင်ပြီး ဆောင်ရွက်ဖို့ စီစဉ်ထားပါတယ်။ ထို့အတူ ပြည်သူတွေအနေနဲ့ မိမိကိုယ်ကို မိမိကာကွယ်ရမယ့် နည်းလမ်းတွေကို နားလည်ပြီး လိုက်နာကျင့်သုံးဖို့အတွက် Mask Campaign ကဲ့သို့ Yellow Campaign ကို ရန်ကုန်တိုင်းဒေသကြီးမှာ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပြီး တစ်နိုင်ငံလုံးအထိ ဖြန့်ကြက်ဆောင်ရွက်နိုင်အောင် စီစဉ်နိုင်ခဲ့သလို ထပ်မံပြီး လမ်းညွှန်ချက်တွေကို နေ့စဉ်ထုတ်ပြန်လျက်ရှိပါတယ်။

အဓိက အရေးကြီးတဲ့အချက်တစ်ခုက မိသားစုအချင်းချင်း တိုက်တွန်းပြောကြားပြီးတော့မှ ကာကွယ်ရမယ့်နည်းလမ်းတွေကို လိုက်နာပြီး တစ်ယောက်နဲ့ တစ်ယောက် အသိရှိစွာ သတိပေးဖို့ကိစ္စရပ်တွေ စီမံချက်အသွင်ဆောင်ရွက်သွားဖို့ စီစဉ်ထားကြောင်း တင်ပြလိုပါတယ်။



ကိုဗစ် – ၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်တွင် ဒေါက်တာသန္တာလွင်၊ ဒေါက်တာတင်မောင်ညွန့်နှင့် ဒေါက်တာထွန်းအောင်ကြည်တို့ ပါဝင်ဖြေကြား ဆွေးနွေးစဉ်။

**ဒေါက်တာထွန်းအောင်ကြည်။** ။ လူတစ်ယောက်က ၁၄ ရက်ကွာရန်တင်း ဝင်ပြီးရင် ရောဂါမရှိတာ စိတ်ချရပါသလားဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ဆေးရုံ ကွာရန်တင်း၊ ရပ်ရွာအခြေပြု ကွာရန်တင်း၊ ဟိုတယ် ကွာရန်တင်း၊ အိမ် ကွာရန်တင်း ဆိုပြီး အမျိုးမျိုးရှိပြီး ကွာရန်တင်းတိုင်းက ၁၄ ရက် ထားတာဖြစ်ပါတယ်။ ကွာရန်တင်း ၁၄ ရက်မှာ ၃ ရက်မြောက်နေ့မှာ RDT နဲ့ စစ်ဆေးပြီး ၁၁ ရက် မြောက်နေ့မှာ RDT နဲ့စစ်ဆေးပါတယ်။

ဒါတွေစစ်ဆေးပြီးတဲ့အခါ Positive ဖြစ်တဲ့အခါ ကွာရန်တင်းမှာ ဆက်လက်မထားရှိဘဲ ဆေးရုံမှာရှိတဲ့ အထူးကြပ်မတ်ကုသဆောင်ကို ပို့ပေးပါတယ်။ Negative ဆိုရင် ကွာရန်တင်းမှာ ၁၄ ရက် ပြည့်အောင်ထားရှိပြီး အိမ်ပြန်လွှတ်ပါတယ်။ အိမ်ကို ပြန်ရောက်တဲ့အခါ အိမ်မှာ ကွာရန်တင်း ၇ ရက် ဆက်နေပါတယ်။ Negative ဖြစ်လို့ အိမ်ပြန်သွားရပြီဆိုရင် သူကနေတစ်ဆင့် တခြားသူကို ထပ်မံ မကူးစက်နိုင်တော့ဘူးလို့ ပြောလို့ရပါတယ်။

ဒီလို ကွာရန်တင်းဝင်ရောက်ခဲ့တဲ့ ၂၁ ရက်ပြည့်မြောက်ချိန်မှာ သူ့အနေနဲ့ ကိုဗစ် – ၁၉ ကာကွယ်ရေး နည်းလမ်းတွေကို မလိုက်နာဘူးဆိုရင် အခြားသူဆီကနေ သူက ပြန်ပြီး ကူးစက်နိုင်ပါတယ်။ စိတ်ချရအောင်ဆိုရင် ကွာရန်တင်းပြီးလို့ အပြင်သွားတဲ့အခါ Mask တပ်ပါ၊ လက်ဆေးပါ၊ ခပ်ခွာခွာနေတာစတဲ့ ကာကွယ်ရေးနည်းလမ်းတွေကို ဆက်လက်လိုက်နာသွားရမှာ ဖြစ်ပါတယ်။

ကိုဗစ် – ၁၉ ကုသရေးစင်တာက ဆင်းလာပြီးတဲ့နောက် တစ်ခါပြန်စစ်လို့ Positive အဖြေထွက်လို့ ကုသရေးစင်တာကို ပြန်သွားရသလားဆိုတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး ပြန်ပြီးစစ်လိုက်လို့ Positive အဖြေထွက်ရုံနဲ့ မသွားရပါဘူး။ တကယ်လို့ Positive ထွက်ပြီး ရောဂါလက္ခဏာပြလာလို့ရှိရင်၊ ရောဂါလက္ခဏာပြင်းထန်လာလို့ရှိရင် ဆေးရုံကို ပြန်လည်ပြသဖို့လိုပါတယ်။ Positive အဖြေထွက်ရုံနဲ့ ဆေးရုံကို သွားစရာမလိုပါဘူး။ ယခင်တုန်းက အထူးကြပ်မတ်ကုသဆောင်တွေ၊ ကုသရေးစင်တာတွေမှာ PCR Negative ဖြစ်မှ ဆင်းပေးတာပါ။ နောက်ဆုံးလေ့လာတွေ့ရှိချက်တွေအရ Positive ဖြစ်ပြီး ၁၀ ရက်မြောက်နေ့မှာ သူများကို ကူးစက်မှု မရှိနိုင်တော့ဘူးဖြစ်တဲ့အတွက် Positive အဖြေ ထွက်သော်လည်း ရောဂါလက္ခဏာ မပြလို့ရှိရင် ဆေးရုံကနေ ပေးဆင်းပြီး အိမ်မှာ ကွာရန်တင်း ဆက်နေခိုင်းပါတယ်။

ကိုဗစ် – ၁၉ Positive ဖြစ်ထားတဲ့သူက သုံးလအတွင်း ပိုးပြန်စစ်ရင် ပေါ့စတစ်ပဲ ပြတယ်ဆိုတာ မှန်ပါသလား မေးခွန်းနှင့်စပ်လျဉ်း၍ Positive ပြတယ်ဆိုတာတော့ မမှန်ပါဘူး။ သုံးလအတွင်း ပြန်စစ်ရင် Positive လည်း ဖြစ်နိုင်သလို Negative လည်း ဖြစ်နိုင်ပါတယ်။ PCR နဲ့ ပြန်စစ်ရင်တော့ Positive ပြနိုင်ခြေက ပိုများပါတယ်။ ဒါပေမယ့် သူများကို မကူးစက်တော့ပါဘူး။ ဗိုင်းရပ်စ်ရဲ့ မျိုးဗီဇ အစိတ်အပိုင်းတွေကို တွေ့ရှိခြင်းဖြစ်ပါတယ်။

## ထက်လျှံ

**ဒေါက်တာတင်မောင်ညွန့်။** ။ မြန်မာ နိုင်ငံကို ကူးစက်မြန် ယူကေဗိုင်းရပ်စ် ဝင်လာခဲ့ရင် သိနိုင်ပါသလား၊ ဘယ်လိုစောင့်ကြည့်နေပါသလဲ မေးခွန်းနဲ့စပ်လျဉ်း၍ မြန်မာနိုင်ငံအနေနဲ့ ဒီဗိုင်းရပ်စ်ပိုး ရောက်လာ/ မလာကို စမ်းသပ်ပြီး လုပ်ဆောင်နေတာ ရှိပါတယ်။ ယူကေနိုင်ငံနဲ့ ကမ္ဘာ့နိုင်ငံအချို့မှာ ကိုဗစ် – ၁၉ စစ်ဆေးတွေ့ရှိတဲ့ ဓာတ်ခွဲနမူနာတွေမှာ ကူးစက်ပျံ့နှံ့မှုပိုမိုများပြားတဲ့၊ မျိုးဗီဇပြောင်းလဲမှုရှိတဲ့ ဗိုင်းရပ်စ်မျိုးကွဲသစ်တစ်မျိုးကို တွေ့ရှိကြောင်း ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်းမှာ ထုတ်ပြန်ကြေညာခဲ့ပါတယ်။

မြန်မာနိုင်ငံအတွင်း လတ်တလောကူးစက်ပျံ့နှံ့နေတဲ့ ဗိုင်းရပ်စ်တွေက ကူးစက်မြန်ဗီဇပြောင်း ဗိုင်းရပ်စ်မျိုးကွဲအသစ်တွေ ဝင်ရောက်ခြင်း ရှိ/ မရှိနဲ့ ပြည်တွင်းတွင် အခြားသော မျိုးဗီဇပြောင်းလဲမှုများ ဖြစ်ပေါ်နေခြင်း ရှိ/ မရှိတို့ကို သိရှိဖို့ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲဌာန(မန္တလေး) က ပေးပို့လာတဲ့ ကိုဗစ် – ၁၉ အတည်ပြုလူနာ ၁၁ ဦး၊ ရန်ကုန်တိုင်းဒေသကြီးနဲ့ ပဲခူးတိုင်းဒေသကြီးတို့မှ ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ ၁၁ ဦး စုစုပေါင်းဓာတ်ခွဲအတည်ပြုလူနာ ၂၂ ဦးကို ဗိုင်းရပ်မျိုးဗီဇတစ်ခုလုံး စစ်ဆေးမှုတွေကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ စတုတ္ထပတ်အတွင်းမှာ ဆေးသုတေသနဦးစီးဌာနရှိ အဆင့်မြင့်မော်လီကျူးသုတေသနဌာနက စစ်ဆေးခဲ့ပါတယ်။

ဓာတ်ခွဲအတည်ပြုလူနာ ၂၂ ဦးလုံးမှာ မျိုးဗီဇနွယ် စစ်ဆေးခြင်းနဲ့ မျိုးဗီဇဆင်တူညီမှု စစ်ဆေးခြင်း၊ ဗီဇပြောင်းလဲမှု ရှိ/မရှိ စစ်ဆေးခြင်းတို့ကို လုပ်ဆောင်ခဲ့ပါတယ်။ မျိုးဗီဇစစ်ဆေး လေ့လာချက်အရ SARS CoV–2 ရောဂါပိုးက ၂၀၂၀ ပြည့်နှစ် ဩဂုတ်လနှောင်းပိုင်းမှာ ရခိုင်ပြည်နယ် စစ်တွေမြို့မှာ စတင်ပျံ့နှံ့ခဲ့တဲ့ ကူးစက်မြန် အမျိုးအစားနဲ့ မျိုးဗီဇနွယ်ဆိုင်ရာ အချက်အလက်တွေ တူညီကြောင်းနဲ့ အခြားသော မျိုးဗီဇပြောင်းလဲမှုအချို့ပါ ယှဉ်တွဲလျက်ရှိတာကို တွေ့ရှိရပါတယ်။

ဒါကြောင့် ယခုတွေ့ရှိရတဲ့ မျိုးဗီဇပြောင်းလဲမှုတွေက ယူကေနိုင်ငံနဲ့ ကမ္ဘာ့နိုင်ငံအချို့မှာတွေ့ရှိ ရတဲ့ ကူးစက်မြန် မျိုးဗီဇပြောင်းလဲမှုရှိတဲ့ ဗိုင်းရပ်စ်မျိုးကွဲသစ် မဟုတ်ကြောင်း တွေ့ရှိရပါတယ်။ အဆိုပါ တွေ့ရှိတဲ့ ရလဒ်ကို နိုင်ငံတကာအသိအမှတ်ပြု US NCBI နဲ့ NIH Data Base တွင် တင်သွင်းပြီး အတည်ပြုစစ်ဆေးမှုခံယူပြီး ဖြစ်ပါတယ်။ ဒါက မြန်မာနိုင်ငံအနေနဲ့ ယူကေနိုင်ငံက အသွင်ပြောင်း ဗိုင်းရပ်စ်ပိုး ရှိ၊ မရှိကို ဆောင်ရွက်ထားတာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံကို ဝင်လာရင် ဘယ်လိုသိနိုင်မလဲ မေးခွန်းနဲ့ပတ်သက်ပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း)က သာဓကတစ်ခုကို တင်ပြလိုပါတယ်။ ရှမ်းပြည်နယ် (မြောက်ပိုင်း)အနေနဲ့ တရုတ်နိုင်ငံနဲ့ ထိစပ်နေပြီး ကုန်းလမ်းကနေဝင်နိုင်တဲ့ ဝင်ပေါက် ၁၂ ခု ရှိပါတယ်။ ဝင်ပေါက်အားလုံးကို ကျွန်တော်တို့ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းတွေကို ကိုဗစ် – ၁၉ စတင်ဖြစ်ပွားချိန် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက်ကနေ စတင်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

တရုတ်နိုင်ငံကနေ အကြောင်းအမျိုးမျိုးကြောင့် ပြန်လာတဲ့သူ မြန်မာနိုင်ငံသားတွေ၊ အကျဉ်းကျပြီး ပြန်လည်ပို့ဆောင်သူအားလုံးကို သက်ဆိုင်ရာ နှစ်နိုင်ငံနယ်စပ်ဂိတ်တွေမှာ ကွာရန်တင်းထားပြီး သူတို့တွေကို အမြဲတမ်းစောင့်ကြည့်နေပါတယ်။ အခုနောက်ဆုံးပြောင်းလဲဆောင်ရွက်မယ့် ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၆ ရက်က ထွက်ရှိလာတဲ့ လမ်းညွှန်ချက်အတိုင်း တရုတ်နိုင်ငံနဲ့ ပြည်ပနိုင်ငံတွေကနေ ကုန်းလမ်းကတစ်ဆင့် ဝင်ရောက်လာသူတွေကို ပြန်လည်ရောက်ရှိတဲ့နေရာတွေမှာ အသွားအလာ ကန့်သတ်ပြီး ကွာရန်တင်းထားရှိပါတယ်။

အသွားအလာ စတင်ကန့်သတ်ထားတဲ့ ၃ ရက်မြောက်နေ့မှာ ပထမအကြိမ် COVID–19 Antigen Rapid Test Kit နဲ့ စစ်ဆေးပါမယ်။ Positive ဆိုရင် သတ်မှတ်ထားတဲ့ ဆေးရုံတွေမှာ ကုသမှုပေးပါတယ်။ ပထမအကြိမ် ဓာတ်ခွဲနမူနာမှာ Negative ဖြစ်တယ်ဆိုရင် အသွားအလာကန့်သတ်ထားတဲ့ ၁၁ ရက်မြောက်နေ့မှာ ဒုတိယအကြိမ် ဓာတ်ခွဲနမူနာကို RTPCR နဲ့ ဓာတ်ခွဲစစ်ဆေးမှာ ဖြစ်ပါတယ်။ ဒုတိယအကြိမ် ဓာတ်ခွဲနမူနာမှာ မတွေ့ရင် အသွားအလာ ကန့်သတ်ထားတဲ့အချိန်ကစပြီး ၁၄ ရက်အတွင်း သတ်မှတ်ထားတဲ့နေရာမှာ Facility Quarantine ထားရှိပြီး နေအိမ်မှာ ၇ ရက် Home Quarantine ထားဖို့ စီစဉ်ထားပါတယ်။

စာမျက်နှာ ၁၉ သို့ ❖

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၄၆၂၆၄၄၁ | ၁၄၅၅၁၆၈၆ | ၄၀၈၆၂၃ |
| ၂။ | အိန္ဒိယ | ၁၀၅၈၂၆၄၇ | ၁၀၂၂၈၇၅၃ | ၁၅၂၅၉၃ |
| ၃။ | ဘရာဇီး | ၈၅၁၂၂၃၈ | ၇၄၅၂၀၄၇ | ၂၁၀၃၂၈ |
| ၄။ | ရုရှား | ၃၆၁၂၈၀၀ | ၃၀၀၂၀၂၆ | ၆၆၆၂၃ |
| ၅။ | ဗြိတိန် | ၃၄၃၃၄၉၄ | ၁၅၄၆၅၇၅ | ၈၉၈၆၀ |
| ၆။ | ပြင်သစ် | ၂၉၁၄၇၂၅ | ၂၁၀၂၀၀ | ၇၀၆၈၆ |
| ၇။ | တူရကီ | ၂၃၈၂၉၆၃ | ၂၂၇၀၇၆၉ | ၂၄၁၆၁ |
| ၈။ | အီတလီ | ၂၃၉၀၁၀၁ | ၁၇၆၀၄၈၉ | ၈၂၅၅၄ |
| ၉။ | စပိန် | ၂၃၃၆၄၅၁ | စိစစ်ဆဲ | ၅၃၇၆၉ |
| ၁၀။ | ဂျာမနီ | ၂၀၅၉၃၁၄ | ၁၇၁၆၂၀၀ | ၄၈၁၀၅ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၉၂၇၃၈၀ | ၇၅၃၉၄၈ | ၂၆၅၉၀ |
| ၂။ | ဖိလစ်ပိုင် | ၅၀၄၀၈၄ | ၄၆၆၂၄၉ | ၉၉၇၈ |
| ၃။ | မလေးရှား | ၁၆၅၃၇၁ | ၁၂၅၂၈၈ | ၆၁၉ |
| ၄။ | မြန်မာ | ၁၃၅၂၄၃ | ၁၁၈၆၅၇ | ၂၉၈၆ |
| ၅။ | စင်ကာပူ | ၅၉၁၅၇ | ၅၈၈၆၈ | ၂၉ |
| ၆။ | ထိုင်း | ၁၂၅၉၄ | ၉၃၅၆ | ၇၀ |
| ၇။ | ဗီယက်နမ် | ၁၅၃၉ | ၁၄၀၂ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၄၄၁ | ၃၈၆ | ၀ |
| ၉။ | ဘရူနိုင်း | ၁၇၄ | ၁၆၉ | ၃ |
| ၁၀။ | လာအို | ၄၁ | ၄၁ | ၀ |




❖ စာမျက်နှာ ၁၈ မှ

**Positive ဖြစ်သူနဲ့ ထိတွေ့ဆက်စပ်ခဲ့ဖူးရင် ဘယ်ကနေ ကူးစက်ပါသလဲ၊ နှာမချေ၊ ချောင်းမဆိုး ခဲ့ရင်ရော မကူးနိုင်ဘူးလား**ဆိုတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး ကိုဗစ်-၁၉ ဖြစ်စေတဲ့ ဗိုင်းရပ်စ်ပိုးက အဓိကအားဖြင့် ရောဂါပိုးရှိသူရဲ့ ချောင်းဆိုး၊ နှာချေ၊ စကားပြောရာကနေ ထွက်လာတဲ့ အမှုန်အမွှားတွေကနေတစ်ဆင့် ကူးစက်တာဖြစ်ပါတယ်။

ကိုရိုနာဗိုင်းရပ်စ်ပိုး ပါဝင်တဲ့ အစက်အမှုန်တွေက အသက်ရှူထုတ်ခြင်းကနေတစ်ဆင့် အနီးပတ်ဝန်းကျင်ငါးပေခန့်၊ စကားကျယ်လောင်စွာပြောကြားတာ၊ သီချင်းဆိုတာတွေဆိုရင် ပိုမိုရောက်ရှိနိုင်တဲ့ အနေအထားဖြစ်ပါတယ်။ ချောင်းဆိုးခြင်းက တစ်စက္ကန့်ကို ၃၃ ပေနှုန်းအရှိန်နဲ့ ခြောက်ပေခွဲခန့်အထိ၊ နှာချေခြင်းက တစ်စက္ကန့်ကို ၁၆၄ ပေနှုန်းအရှိန်နဲ့ ၁၉ ပေခွဲခန့်အထိ ပျံ့နှံ့ရောက်ရှိတယ်ဆိုတာကို စမ်းသပ်တွေ့ရှိပြီးဖြစ်ပါတယ်။

အထူးသဖြင့် အလုံပိတ်အခန်း၊ အဲကွန်းအခန်း၊ လေဝင်လေထွက် မကောင်းတဲ့အခန်းတွေဆိုရင် ရောဂါပိုးက ပိုမိုလွယ်ကူစွာ ကူးစက်ပျံ့နှံ့နိုင်ပါတယ်။ ဒီအမှုန်အမွှားတွေကို အကာအကွယ်မရှိဘူးဆိုရင် နှာခေါင်း၊ ပါးစပ်၊ မျက်လုံးထဲဝင်ပြီး ကူးစက်တာဖြစ်ပါတယ်။ Positive ဖြစ်သူက ချောင်းမဆိုး၊ နှာမချေခဲ့သော်လည်း သူက ထွက်လာတဲ့ အမှုန်အမွှားတွေက အရာဝတ္ထုတွေအပေါ်မှာ တွယ်ကပ်နေမယ်၊ အဲဒီမျက်နှာပြင်ကို ထိကိုင်မိပြီး လက်မဆေးဘဲ နှာခေါင်း၊ ပါးစပ်၊ မျက်လုံးတွေကို ကိုင်မိရာကနေတစ်ဆင့် ကူးစက်နိုင်ပါတယ်။

ဒါကြောင့် Mask တွေနဲ့ မျက်နှာအကာအကွယ် Face Shield တွေကို တပ်ဆင်ထားဖို့ လိုအပ်သလို လက်ကို ဆပ်ပြာနဲ့ စက္ကန့် ၂၀ ကြာအောင် မကြာခဏ ဆေးကြောခြင်း၊ ခပ်ခွာခွာနေခြင်းတွေက ကူးစက်မှုကနေ ကင်းဝေးမှာ ဖြစ်ပါတယ်။

**ရန်ကုန်တိုင်းဒေသကြီးအပြင် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ကိုဗစ်ရောဂါပို များလာမှာလား၊ အခုရော ဘာတွေလုပ်နေပါသလဲ၊ တိုင်းရင်းသားဒေသက လူတွေကရော ဘာတွေပူးပေါင်းဆောင်ရွက်ရမှာလဲ သိပါရစေ** မေးခွန်းနဲ့စပ်လျဉ်းပြီး နိုင်ငံအတွင်း သာမက ကမ္ဘာ့နိုင်ငံအသီးသီးကို လျင်မြန်စွာပျံ့နှံ့ကူးစက်တဲ့အတွက် မြန်မာနိုင်ငံအတွင်း ရန်ကုန်တိုင်းဒေသကြီးမှာဖြစ်ပြီဆိုရင် အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ကူးစက်နိုင်တဲ့ အလားအလာတွေ ရှိပါတယ်။

ဒါပေမယ့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အဖွဲ့တွေနဲ့ စနစ်တကျ ဆောင်ရွက်နေပါ တယ်။ ဒါ့အပြင် ပြည်သူလူထုတွေ လိုက်နာရမယ့် အပိုင်းတွေကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားပြီး ပြည်သူလူထုကလည်း လိုက်နာဆောင်ရွက်တဲ့အတွက် ကူးစက်ရောဂါပြန့်ပွားမှုကို ယခုလိုထိန်းနိုင်တာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ် (မြောက်ပိုင်း)အနေနဲ့ ကူးစက်မှုများတဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တွေဖြစ်တဲ့ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ် အစရှိတဲ့နေရာတွေက ဝင်လာပြီဆိုရင် သက်ဆိုင်ရာဝင်ပေါက်အသီးသီးမှာ မြို့နယ် ကိုဗစ်ကာကွယ်ထိန်းချုပ်ကုသရေးအဖွဲ့တွေက နေ့စဉ် ဘယ်နေရာ၊ ဘယ်ပြည်နယ်ကဆိုပြီး ခွဲခြားစိစစ်ပါတယ်။

ပြီးရင် သက်ဆိုင်ရာ သူတို့နေထိုင်တဲ့ မြို့နယ်တွေမှာ Facility Quarantine သို့မဟုတ် Hotel Quarantine သို့မဟုတ် Home Quarantine နဲ့ သေချာစွာထားရှိပြီး RT PCR သို့မဟုတ် Antigen Test Kit နဲ့ သတ်မှတ်ထားတဲ့ ရက်တွေမှာ စစ်ဆေးပါတယ်။ ဒါ့အပြင် သတ်မှတ်ထားတဲ့ ကွာရန်တင်း ရက်ပြည့်မှသာ သူတို့နေထိုင်ရာနေရာတွေကို ပြန်လည်စေလွှတ်တဲ့ လုပ်ငန်းတွေကို ဆောင်ရွက်ပါတယ်။

အထူးသဖြင့် အခုလေကြောင်းလိုင်းတွေ ပြန်ဖွင့်လာတဲ့အခါ ရှမ်းပြည်နယ် (မြောက်ပိုင်း) အနေနဲ့ လားရှိုးလေဆိပ်ကို ဝင်လာတဲ့ခရီးသည်မှန်သမျှကို မြို့နယ် ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအဖွဲ့တွေက သူတို့နေရပ်ကိုပြန်မပို့ဘဲ ကားတွေနဲ့ သက်ဆိုင်ရာမြို့နယ်အလိုက် သူတို့အတွက် စီစဉ်ပေးထားတဲ့ ကွာရန်တင်းနေရာတွေကိုပို့ပြီး သတ်မှတ်ထားတဲ့ရက်အတွင်းမှာ စစ်ဆေးဆောင်ရွက်နေပါတယ်။ လေကြောင်းနဲ့ လာသူတွေမှာ Antigen Test Kit နဲ့ စစ်ဆေးခဲ့သော်လည်း ရှမ်းပြည်နယ် (မြောက်ပိုင်း)ကို ရောက်တဲ့အခါ RT PCR နဲ့စစ်ဆေးတဲ့အခါမှာ လေးဦးခန့်က Positive ထွက်ပြီး ဆေးရုံတင်ကုသရတဲ့ အနေအထားတွေလည်း ရှိပါတယ်။ ဒါကြောင့် ကုန်းလမ်းနဲ့ လေကြောင်း ဝင်ပေါက်တွေကပါ ကျွန်တော်တို့ရဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအတွင်းကို မရောက်လာအောင် စနစ်တကျကာကွယ်ထိန်းချုပ်နေပါတယ်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) က မြန်မာနိုင်ငံရဲ့ နယ်စပ်ကုန်သွယ်ရေးမှာ အဓိကကျတဲ့ ကုန်သွယ်ရေးလမ်းကြောင်းဖြစ်တဲ့အတွက် ကုန်တင်ကား ယာဉ်မောင်းတွေနဲ့ ယာဉ်နောက်လိုက်တွေမှာ ကိုဗစ်-၁၉ ရောဂါပိုး ပါလာပြီး ပြည်နယ်အတွင်းမှာ ကူးစက်ပြန့်ပွားမှုမဖြစ်စေရေးအတွက် နောင်ချိုမြို့ ဂိတ်အဝင်အထွက်ကစပြီး ကုန်တင်ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တွေကို ကိုဗစ် စစ်ဆေးပြီးမှ ပြည်နယ်အတွင်းကို ဝင်စေတာ၊ မန္တလေးတိုင်းဒေသကြီးဘက်ကို ထွက်ခွင့်ပြုတာတွေကို ဆောင်ရွက်ပါတယ်။ Positive တွေ့ပြီဆိုရင် သတ်မှတ်ထားတဲ့ သက်ဆိုင်ရာဆေးရုံတွေကိုတင်ပြီး ကုသမှုပေးနေပါတယ်။ ဒါက ကျွန်တော်တို့ရဲ့ ပြည်နယ်ကို အခြားကူးစက်မှုများတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ကူးစက်မှု မပြန့်ပွားနိုင်အောင် ဆောင်ရွက်နေတာဖြစ်ပါတယ်။

**တိုင်းရင်းသားဒေသက လူတွေကရော ဘာတွေပူးပေါင်းဆောင်ရွက်ရမလဲ** မေးခွန်းနဲ့စပ်လျဉ်းပြီး နံပါတ်တစ်က တိုင်းရင်းသားဒေသမှာ နေထိုင်သူတွေအနေနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ကာကွယ်ရေးနည်းလမ်းတွေကို အတိအကျ လိုက်နာစေချင်ပါတယ်။ နောက်တစ်ခုက မိမိဒေသက ပြည်နယ်နဲ့ တိုင်းဒေသကြီး ဒါမှမဟုတ် မြို့နယ်တွေက ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်တွေကို စည်းကမ်းတကျ လိုက်နာဆောင်ရွက်တာကလည်း ပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်ပါတယ်။

မိမိတို့အရပ်ဒေသကို ကူးစက်မှုများတဲ့ ဒေသကနေ တစ်ခါတလေ စစ်ဆေးရေးလမ်းကြောင်းတွေကို ရှောင်ကွင်းပြီး ရောက်လာသူတွေကိုလည်း တိုင်းရင်းသားတွေက သက်ဆိုင်ရာကို သတင်းပို့ပြီး ကွာရန်တင်းနေရာတွေမှာ ထားရှိစစ်ဆေးနိုင်အောင် ပူးပေါင်းဆောင်ရွက်စေချင်ပါတယ်။

အဓိက အခုနောက်ပိုင်းမှာ မိသားစုအဖွဲ့လိုက် အချင်းချင်း၊ တိုင်းရင်းသားအချင်းချင်း ကိုဗစ် - ၁၉ ကာကွယ်ကုသရေးနဲ့ပတ်သက်ပြီး သတင်းစကားပြောကြားတာ၊ သတိပေးပြောကြားတာတွေကို လိုက်နာကြမယ်ဆိုရင် ကိုဗစ် - ၁၉ ကူးစက်မှုဘေးက ကင်းဝေးမယ်ဆိုတာကို ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ ။

# ကျောင်းကုန်းမြို့နယ် တာဦးဈေးအတွင်း နှာခေါင်းစည်းတပ်ဆင်ရေး လှုပ်ရှားမှုပြုလုပ်

**ကျောင်းကုန်း ဇန်နဝါရီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် တာဦးဈေးအတွင်း နှာခေါင်းစည်းစနစ်တကျတပ်ဆင်ကြစေရေး ယနေ့နံနက် ၇ နာရီခွဲက ပြည်သူများအား နှာခေါင်းစည်းများ ဖြန့်ဝေပေးခဲ့ကြသည်။

ကျောင်းကုန်းမြို့၌ ယနေ့အချိန်အထိ ကိုဗစ်-၁၉ အတည်ပြုလူနာ စုစုပေါင်း ၇၅ ဦးရှိကြောင်း၊ မြို့နယ်အတွင်း ၅၃ ဦးနှင့် မြို့နယ်ပြင်ပ ၂၂ ဦး ဖြစ်ကြောင်း၊ ဆေးရုံဆင်းခွင့်ရရှိသူ ၇၄ ဦးရှိပြီး သေဆုံးလူနာတစ်ဦးရှိကြောင်း ကျန်းမာရေးဌာနမှ သိရသည်။

နှာခေါင်းစည်းဖြန့်ဝေရာသို့ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်အောင်ဆွေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စွာလင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးအဖွဲ့များက တာဦးဈေးအတွင်းရှိ ဈေးသည်ဈေးဝယ်များနှင့် လမ်းသွားလမ်းလာများအား နှာခေါင်းစည်းများ ဖြန့်ဝေပေးခဲ့ကြသည်။

ဆက်လက်၍ ကျောင်းကုန်းမြို့ထိပ် စစ်ဆေးရေးဂိတ်၌ လမ်းသွားလမ်းလာ ပြည်သူများအား နှာခေါင်းစည်းများ ထပ်မံဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း စနစ်ကျလယ်ယာမြေဆောင်ရွက်နေသည့်လုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ရေတာရှည် ဇန်နဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၁၈ ရက် ညနေ ၄ နာရီက ရေတာရှည်မြို့နယ် ကွင်းကြီးကျေးရွာအုပ်စု တယ်ပင်ကွင်းကျေးရွာအနီး ကွင်းအမှတ် ၆၁၆၊ ၆၁၇၊ ၆၃၀ အတွင်း တောင်သူ ၃၆ ဦးပိုင် မြေဧက ၁၀၀ ၌ စနစ်ကျလယ်ယာမြေဖော်ထုတ်နေသည့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင် ၁၆၄/၃ အရှေ့ဘက် ဆွာဆည်တမံ ရေပေးလက်တံမြောင်းမကြီး အမှတ်(၂) ဘေးရှိ နေရာသို့ ကွင်းဆင်းကြည့်ရှုခဲ့သည်။

စီမံကိန်းရှင်းလင်းဆောင်၌ စနစ်ကျလယ်ယာမြေဖော်ထုတ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ စက်မှုလယ်ယာ ဦးစီးဌာန စနစ်ကျလယ်ယာမြေဖော်ထုတ်ရေးအဖွဲ့ (အထက်မြန်မာပြည်) လယ်ဝေးမြို့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းအောင်က လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းများကို မြေပုံကားချပ်နှင့်တကွ ရှင်းလင်းတင်ပြခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တောင်သူများ မိုးရာသီကာလ စပါးစိုက်ပျိုးချိန်အမီ ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ်သိန်း ၁၂၀၀ ဖြင့် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၇ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ယနေ့အထိ ၆၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**လှည့်လည်ကြည့်ရှု**

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဧကကွက်များတွင် ထွန်စက်များဖြင့် မြေပြုပြင်ခြင်းလုပ်ငန်း၊ ရေသွင်းမြောင်း၊ရေထုတ်မြောင်း၊ ရေပြွန်များဆောင်ရွက်ပြီးစီးမှုနှင့် လုပ်ငန်းများဆောင်ရွက်နေမှုကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**ကိုလွင်(ဆွာ)**



## ကော့သောင်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေး မြို့အဝင်အထွက်ဂိတ်များ၌ စစ်ဆေး



**ကော့သောင်း ဇန်နဝါရီ ၁၉**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်နိုင်ရေးအတွက် မြို့အဝင်အထွက်ဂိတ်များတွင် စစ်ဆေးဆောင်ရွက်လျက်ရှိရာ မြို့အဝင်အထွက်ဂိတ်များ၌ နေ့ညအချိန်မရွေး ဖြတ်သန်းသွားလာလျက်ရှိသော မော်တော်ယာဉ်များမှ ခရီးသွားပြည်သူတို့အား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ နေထိုင်သွားလာရေး၊ မြို့တွင်းသို့ဝင်ရောက်မည့် မော်တော်ယာဉ်များပေါ်ပါ ခရီးသည်နှင့် ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များအား နှာခေါင်းနှင့် အာခေါင်တို့ဖတ်နမူနာများ ရယူစစ်ဆေးခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် မြို့ဝင်ထွက်ဂိတ်တွင် ကျန်းမာရေးစစ်ဆေးခြင်းအပြင် ခရီးသွားရာဇဝင်မှတ်သားခြင်း၊ သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာထောက်ခံချက်ပါရှိမှုရှိ၊ မရှိစစ်ဆေးခြင်း၊ နှာခေါင်းစည်းတပ်ဆင်သွားလာရေး အသိပညာပေးခြင်း၊ ပြည်သူများအနေဖြင့် အတတ်နိုင်ဆုံးခရီးသွားလာခြင်း လျှော့ချရန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတ်မှတ်စည်းကမ်းချက်များကို စနစ်တကျလိုက်နာဆောင်ရွက်ရေး အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## သာကေတမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အဝါရောင်ကမ်ပိန်း ပြုလုပ်

**ရန်ကုန် ဇန်နဝါရီ ၁၉**

ကိုဗစ်-၁၉ရောဂါကာကွယ်ရေးအတွက် ဇန်နဝါရီ ၁၈ ရက် နံနက် ၈ နာရီတွင် သာကေတမြို့နယ် အမှတ်(၇) ဈေး၌ အဝါရောင်ကမ်ပိန်းပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ဈေးရောင်းဈေးဝယ်များ၊ လမ်းသွားလမ်းလာများ၊ အငှားယာဉ်များ၊ ရုံးဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် နှာခေါင်းစည်းတပ်ပါ၊ လက်ဆေးပါ၊ ခပ်ခွာခွာနေပါ၊ တစ်ဦးကိုတစ်ဦး အသိပေးပါ၊ သတိပေးပါစာတန်းများပါရှိသည့် နံရံကပ်စတစ်ကာများ၊ နှာခေါင်းစည်းများကို သာကေတမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးစိုးလင်းထိုက် ဦးဆောင်၍ ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက လိုက်လံပေးဝေပြီး အသိပညာပေးဆောင်ရွက်ကြောင်း သိရသည်။

အလားတူ အဝါရောင်ကမ်ပိန်းလှုပ်ရှားမှုကို သာကေတမြို့နယ် ဇင်္ဂမလမ်းနှင့် အနော်မာလမ်းဆုံ၌လည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုဘုန်း(ပြန်/ဆက်)**

## ကျောက်မဲမြို့၌ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်

**ကျောက်မဲ ဇန်နဝါရီ ၁၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ အဆင့်မြင့်သက်ကြီးရွယ်အိုစောင့်ရှောက်ရေးစင်တာရှိ ဘိုးဘွားများအား ကျောက်မဲခရိုင် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာကျော်မိုးထွန်း ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများနှင့် ဒေါက်တာသိန်းဇော်ခေါင်းဆောင်သည့် အောင်မင်္ဂလာကျန်းမာရေးစောင့်ရှောက်မှု ပရဟိတအသင်းတို့ပူးပေါင်း၍ ယနေ့နံနက်က ကျန်းမာရေးစစ်ဆေးခြင်း၊ ဆေးဝါးကုသပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပူးပေါင်းကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ဝင်များသည် နေ့လယ်ပိုင်း၌ ကျောက်မဲမြို့ အောင်မြေသာယာ ဘုန်းတော်ကြီးကျောင်းတိုက်သို့ သွားရောက်၍ ကျောင်းတိုက်ရှိ သံဃာတော်အပါး ၁၀၀ ကျော်အား ကျန်းမာရေးစစ်ဆေးပြီး ဆေးဝါးကုသပေးခဲ့ကြသည်။ အလားတူပင် အခြားလိုအပ်သည့်နေရာများသို့လည်း ကွင်းဆင်းသွားရောက်၍ ကျန်းမာရေးကူညီစောင့်ရှောက်မှုများကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အောင်မင်္ဂလာ



ကျန်းမာရေးစောင့်ရှောက်မှုပရဟိတအသင်းဥက္ကဋ္ဌ ဦးကျော်ကျော်ဦးက ပြောသည်။

**သီပေါကိုလတ်**

## သဘာဝရေနေသယံဇာတများ ထိခိုက်စေသည့်ငါးမျိုးများ သတိပေးတားမြစ်ချက်ပိုစတာ စိုက်ထူ

**ရေကြည် ဇန်နဝါရီ ၁၉**

ငါးလုပ်ငန်းဦးစီးဌာန၏ လမ်းညွှန်ချက်အရ ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ သဘာဝရေနေသယံဇာတများကို ထိခိုက်စေနိုင်သော ဒေသရင်းမဟုတ်သည့် ငါးမျိုးများဖြစ်သည့် အာဖရိကငါးခူ၊ ပြည်ပငါးရံ့၊ ပြည်ပမျိုးစိတ်အလှမွေးငါး(ပီးကော့)၊ စုပ်ခွက်ငါးများ မွေးမြူခြင်းဆိုင်ရာ သတိပေးတားမြစ်ချက် ဗီနိုင်းပိုစတာကို ယနေ့တွင် ရေကြည်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရှိ ပြည်သူလူထုအများမြင်သာသည့်နေရာတွင် စိုက်ထူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်အဝေးသင်တက္ကသိုလ်မှ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအစီအစဉ်ဖြင့် အွန်လိုင်းသင်တန်းနှစ်ခု ဖွင့်လှစ်မည်

**ရန်ကုန် ဇန်နဝါရီ ၁၉**

ရန်ကုန်အဝေးသင်တက္ကသိုလ် ဓာတုဗေဒဌာနမှ ရန်ကုန်အဝေးသင်တက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအစီအစဉ်ဖြင့် Web-Based Teaching System ကို အသုံးပြုပြီး Good Manufacturing Practice နှင့် Water and Sanitation for Occupational Purpose Online Certificate Course နှစ်ခုကို လာမည့် ဖေဖော်ဝါရီလအတွင်း ဖွင့်လှစ်မည်ဖြစ်၍ တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ကြားဖူးသူ လူငယ်များ အွန်လိုင်းမှတစ်ဆင့် လျှောက်ထားနိုင်ပြီဖြစ်ကြောင်း ရန်ကုန်အဝေးသင်တက္ကသိုလ်မှ သိရသည်။

"ဒီ Course များဟာ သင်တန်းကာလ သုံးလကြာမြင့်မှာဖြစ်ပြီး Fully Online Certificate Course တွေဖြစ်ပါတယ်။ သင်တန်းတွေကို တက္ကသိုလ်ဝင်တန်းအဆင့်အထိ တက်ရောက်ပြီးတဲ့ လူငယ်လူရွယ်များအနေနဲ့ မိမိဒေသ၊ မိမိအလုပ်ခွင်မှာနေပြီး အဆင့်မြင့်ပညာရပ်များကို လေ့လာသင်ယူနိုင်မှာဖြစ်ပါတယ်။ Fully Online Course ဖြစ်တဲ့အတွက် တက္ကသိုလ်ထဲကို လုံးဝလာစရာမလိုဘဲ မြန်မာနိုင်ငံတစ်ဝန်းလုံး မည်သည့်ဒေသကမဆို အွန်လိုင်းပေါ်မှာ သင်ယူနိုင်တဲ့ သင်တန်းအမျိုးအစားဖြစ်ပါတယ်။ စာစဉ် Assignment ဖြေဆိုခြင်းနဲ့ Feedback တွေကို အွန်လိုင်းမှာပဲ ပြုလုပ်ရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် IT နည်းပညာရပ်များကို ပိုမိုကျွမ်းကျင်လာမှာ ဖြစ်ပါတယ်" ဟု ရန်ကုန်အဝေးသင်တက္ကသိုလ် ဓာတုဗေဒဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာသဇင်လွင်က ပြောသည်။

အဆိုပါသင်တန်းတွင် သင်တန်းတစ်ခုလျှင် သင်တန်းသားဦးရေ ၁၂၀ အထိ လက်ခံမည်ဖြစ်ကြောင်း၊ မြန်မာနှင့် အင်္ဂလိပ်ဘာသာ နှစ်ခုစလုံးဖြင့် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍအသီးသီးအား အဆင့်မြင့်နည်းပညာရပ်များအသုံးပြု၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ပညာရပ်နယ်ပယ်အသီးသီးအတွက် ပညာရှင်များစွာ မွေးထုတ်ရန်နှင့် အဝေးသင်တက္ကသိုလ်၏ ရည်မှန်းချက်တွင်ပါဝင်သည့် သင်ယူမှုအခွင့်အလမ်း (Learning Opportunity) များကို တိုးချဲ့ဖန်တီးပေးခြင်းဖြင့် အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရန်ဟူသော ရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်နိုင်ရန်အတွက် ယင်း Certificate Courses များကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။

ရန်ကုန်အဝေးသင်တက္ကသိုလ် ဓာတုဗေဒဌာနမှ Good Manufacturing Practice (GMP) အွန်လိုင်းသင်တန်းနှင့် Water and Sanitation for Occupational Purpose (WSOP) အွန်လိုင်းသင်တန်းနှစ်ခုကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် စတင်ဖွင့်လှစ်သင်ကြားမည်ဖြစ်၍ ယင်းအွန်လိုင်းသင်တန်းများသို့ ဝင်ခွင့်များ လျှောက်ထားနိုင်ကြောင်း၊ အွန်လိုင်းသင်တန်းဝင်ခွင့်အတွက် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို ရန်ကုန်အဝေးသင်တက္ကသိုလ် ဓာတုဗေဒဌာန၏ ဝက်ဘ်ဆိုက်ဖြစ်သည့် https://www.udechem.edu.mm မှတစ်ဆင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၇ ရက်မှစတင်၍ အွန်လိုင်းမှ လျှောက်လွှာများကို တင်သွင်းနိုင်ကြောင်း၊ သင်တန်းများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း ၀၉-၆၉၆ ၆၄၃ ၉၅၁ နှင့် ၀၉-၉၆၇၀ ၉၄၃၂၉ တို့သို့ အသေးစိတ်ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း၊ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများအား e-mail ဖြင့် အကြောင်းကြားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်**



အဂ္ဂမဟာ သီရိသုဓမ္မ မဟာဇောတဓရဘွဲ့ တံဆိပ်
ချီးမြှင့်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

-မွန်သစ်စမ်း မိသားစုကုမ္ပဏီ၏ ဥက္ကဋ္ဌ
-ရန်ကုန်တိုင်းဒေသကြီး သံဃာ့နာယက ဥပဋ္ဌာကအဖွဲ့၏ ဒုဥက္ကဋ္ဌ
-ကြိုင်ပင်ကြီးဆုတောင်းပြည့်ဘုရားနှင့် မူလကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့၏ ဥက္ကဋ္ဌ
-ချမ်းမြေ့ရွှေပြည် ပရိယတ္တိ သာသနာ့နုဂ္ဂဟအသင်းကြီး၏ ဥက္ကဋ္ဌ
-မြန်မာနိုင်ငံမှုယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ရန်ကုန်တိုင်း)၏ ဒုဥက္ကဋ္ဌ
-ရှေ့ဘော်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ကွင်းကောက်ဗိမ္မာ ဝိဇယသိဒ္ဓိကျောက်စိမ်းစေတီတော် တည်ဆောက်ရေးအဖွဲ့၏ ဒုဥက္ကဋ္ဌ
-မေတ္တာပြည့်ဝ သာသနာပြုအဖွဲ့၏ တွဲ/အတွင်းရေးမှူး
-မန္တလေး အနောက်မင်းမကန်တိုက် ပြပ္ပာမင်းကျောင်းစာသင်တိုက်၏ မန္တလေးပေါ်ပေါ်ပေါင်း ဒါယကာ (တော့သူ့ဒါယကာ) ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ
-မင်္ဂလာဒုံမြို့နယ် သုဓမ္မကျွန်းကြီး မဟိုမိန်တိုက်သစ် စာသင်တိုက် အကျိုးတော်ဆောင် အတွင်းရေးမှူး
-ရွှေပြည်သာမြို့နယ် ရန်မြေမာန်မြေ သာမဏေကျော်စာသင်တိုက် အကျိုးတော်ဆောင် နာယကကြီး
-ရွှေပြည်သာမြို့နယ် တောဓာရာမ ဘုန်းတော်ကြီးပညာသင်အလယ်တန်းကျောင်း အကျိုးတော်ဆောင် နာယကကြီး
-ရွှေတိဂုံမြောက်ဘက်မုခ် အာဓာနည်းလမ်းမင်းကွန်း(၂)ကျောင်း အကျိုးတော်ဆောင်ဥက္ကဋ္ဌ
-ရေနံချောင်းမြို့နယ်အသင်း (ရန်ကုန်)၏ ဒုဥက္ကဋ္ဌ
-ဗဟန်းမြို့နယ် သတင်းစာဆရာအသင်း၏ ဥက္ကဋ္ဌ

သုဓမ္မမဟာဇောတဓရ ဦးစိုးသန်းထွန်း(လှမူထူးချွန် တတိယဆင့်) သည်

၂၀၂၁ ခုနှစ်၊ (ရှ၃)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမိန့် ကြော်ငြာစာအမှတ် (၁/၂၀၂၁) ဖြင့် နိုင်ငံတော်မှပေးအပ်ချီးမြှင့်သော သာသနာတော်ဆိုင်ရာ

အဂ္ဂမဟာ သီရိသုဓမ္မ မဟာဇောတဓရဘွဲ့တံဆိပ် ကို ချီးမြှင့်ခြင်းခံရသည့် အတွက်

အသူရေအိုက်လှဲ့ခြာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်တွင်လည်း သက်ရှည်ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် မိသားစုနှင့်အတူ နိုင်ငံတော်အကျိုး အမျိုး ဘာသာ သာသနာတော်အကျိုးတို့ကို ဆတက်ထမ်းပိုး တို့၏ပူဇော်နိုင်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

– ချစ်သူငယ်ချင်းမိတ်ဆွေများ
– ဦးခေသောင်းစိန် (Demo အထည်ချုပ်လုပ်ငန်း)၊ ဦးမောင်မြင့် ၊ ဦးဇော်ဝင်း
– ဦးသန်းဝင်း ၊ ဦးသက်နိုင်ဦး ၊ ဦးအောင်သက်ထွန်းအောင် ၊ ဦးသိန်းထွန်း
– ဦးကျော်စွာဝင်း ၊ ဦးဘူရမင်း ၊ ဦးကျော်စွာလင်း ၊ ဦးနေဝင်းအောင်

# စစ်ကိုင်းဂီတာလုပ်ငန်းများတွင် စက်ပစ္စည်းများသုံးစွဲမှုကြောင့် လုပ်ငန်းပိုမိုတွင်ကျယ်လာ

**စစ်ကိုင်း ဇန်နဝါရီ ၁၉**

စစ်ကိုင်းမြို့အတွင်းရှိ ဂီတာထုတ်လုပ်ရောင်းချနေသည့် လုပ်ငန်းများတွင် စက်ပစ္စည်းများသုံးစွဲ၍ ထုတ်လုပ်လာခြင်းကြောင့် ထုတ်လုပ်မှုပိုင်းတွင် ပိုမိုတွင်ကျယ်စွာထုတ်လုပ်လာရပြီး အရည်အသွေးပိုင်းတွင်လည်း ကောင်းမွန်လာကြောင်း စစ်ကိုင်းမြို့ရှိ ဂီတာလုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။

**နိုင်ငံတကာအဆင့်မီ ထုတ်လုပ်လာနိုင်ခဲ့**

စစ်ကိုင်းမြို့အတွင်းရှိ ဂီတာထုတ်လုပ်ရောင်းချရာတွင် ယခင်က လက်မှုအတတ်ပညာဖြင့်သာ ထုတ်လုပ်ကြသည့်အတွက် ထုတ်လုပ်မှုပိုင်းတွင် တွင်ကျယ်စွာ မထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်နောက်ပိုင်းမှစတင်၍ တစ်ပိုင်တစ်နိုင် စက်ပစ္စည်းသုံးစွဲ၍ ထုတ်လုပ်လာခဲ့ရာမှ ယခုအခါ ခေတ်မီစက်ပစ္စည်းများသုံးစွဲမှုကြောင့် ဂီတာအရည်အသွေးများ တိုးတက်လာပြီး နိုင်ငံတကာအဆင့်မီ ထုတ်လုပ်လာနိုင်ခဲ့ကြောင်း သိရသည်။



"ဟိုတုန်းက ကော်ပတ်ကအစ လက်နဲ့ပဲ လုပ်ရတယ်။ ဂီတာက တစ်ရက်ကို တစ်လုံးပြီးဖို့ သိပ်မလွယ်ဘူး။ အခုကျ ဂီတာအလုံး ၂၀ ပြီးဖို့လည်း လွယ်လာတယ်။ နည်းပညာတွေလည်း ပိုကောင်းလာတယ်။ စက်ပစ္စည်းတွေလည်း ပိုပြီးသုံးရတယ်။ ထုတ်လုပ်အားတွေလည်း ပိုများလာတယ်။ ထုတ်လုပ်အားများသလောက် ဝယ်လိုအားလည်း များလာပါတယ်။ အခုဆို စက်ရောလက်ရော တွဲပြီးလုပ်တဲ့အတွက် အရည်အသွေးရော၊ ထုတ်လုပ်မှုရောပိုကောင်းလာတယ်"ဟု စစ်ကိုင်းဂီတာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်ထွန်းက ပြောသည်။

ဂီတာထုတ်လုပ်မှုအပိုင်းတွင် စက်မှုကဏ္ဍဘက်သို့ မလိုက်နိုင်ပါက နိုင်ငံတကာသို့ ထိုးဖောက်ရန် အင်မတန်ခက်ခဲသွားနိုင်ကြောင်း၊ ယင်းသို့ စက်ပစ္စည်းများသုံးစွဲ၍ ထုတ်လုပ်လာသော်လည်း နိုင်ငံတကာတွင် ဂီတာအား လက်မှုပစ္စည်းဟု ပြောဆိုကြကြောင်း၊ ယင်းအကြောင်းရင်းမှာ ဂီတာသည် စက်ပစ္စည်းမှ အလိုအလျောက်ထွက်ရှိနိုင်ခြင်းမရှိသောကြောင့်ဖြစ်ပြီး စက်ပစ္စည်းများကို အသုံးပြုရသည်မှာ လွယ်ကူမြန်ဆန်ပြီး သပ်ရပ်မှုရှိကြောင်း၊ အစိတ်အပိုင်းများအားလုံးပေါင်းစပ်သည့်အခါတွင် လက်ကိုအသုံးပြုရသောကြောင့် လက်မှုပစ္စည်းဟု ပြောဆိုကြခြင်းဖြစ်ကြောင်း ဟိန်းမင်းဂီတာလုပ်ငန်းပိုင်ရှင် ဦးဇော်နောင်ဟိန်းက ပြောသည်။

စစ်ကိုင်းမြို့အတွင်း ဂီတာထုတ်လုပ်ရောင်းချမှုကို ၁၉၇၀ ပြည့်နှစ်တွင် စတင်လုပ်ကိုင်ခဲ့ကြပြီး သက်တမ်းအားဖြင့် နှစ်ပေါင်း ၅၀ ခန့်ရှိနေပြီဖြစ်ကာ လက်ရှိတွင် စစ်ကိုင်းမြို့တွင် ဂီတာထုတ်လုပ်ရောင်းချနေသည့် လုပ်ငန်း ၂၀ ကျော်ရှိပြီး ထိုအလုပ်ရုံ ၂၀ ကျော်မှ လစဉ် ဂီတာအလုံးရေ ၃၀၀၀ ကျော်ကို ထုတ်လုပ်လျက်ရှိကြောင်း ဂီတာလုပ်ငန်းရှင်များထံက သိရသည်။

**ခိုင်ဇေယျ(စစ်ကိုင်း)**



**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်အမ (မန္တလေး)

**အသက် (၁၀၅) နှစ်**

ပုသိမ်ကြီး မြို့မကျောင်းဆရာတော် ဦးအရိယာဝံသ၏ရဟန်းမယ်တော်ကြီး၊ မန္တလေးမြို့၊ (၂၈) လမ်း၊ သံဖြူတန်းကြီးနေ (ဦးမောင်ကြီး–ဒေါ်ရှင်)တို့၏တတိယမြောက်သမီး၊ [ဦးရွှေ(ရွှေရွှေစတိုး)]၏ ဇနီး၊ ဦးရဲမြင့်–ဒေါ်ခင်မာချစ်၊ ဗိုလ်မှူးကြီးအုန်းမောင်မောင်(ငြိမ်း) (ပါမောက္ခ၊ ဌာနမှူး၊ ခွဲစိတ်ကုသပညာဌာန–ငြိမ်း၊ တပ်မတော် ဆေးတက္ကသိုလ်)၊ (ဒေါ်တင်တင်ဦး–အောင်စာပေ)၊ ဦးဉာဏ်ဝင်း–ဒေါ်ညွှန့်ညွှန့်ဝင်း(TV Star Electronic, TGI)၊ ဒေါ်မာဂရက်၊ ဒေါ်ဌေးဌေးအေး၊ (ဦးသီဟ–Cafe Blue)၊ ဒေါ်ဝင်းဝင်းမြင့်(ခ) ဒေါ်ချိုချို (Cafe Blue)တို့၏ မိခင်ကြီး၊ ကိုမျိုးသက်နိုင်–မနန်းလောင်ဟိန်း(ICE–Electronic Service)၊ ကိုဟန်ထွန်းအောင်(ခ)ကိုဖိုးသကြား–မချောစု(ရာဇာမင်းကုန်မျိုးစုံ)၊ ကိုငြိမ်းသန့်(TV Star Electronic, MDY)၊ မယုယုဉာဏ်ဝင်း(SMEBL, Taunggyi)တို့၏အဘွား၊ မြစ်သုံးယောက်တို့၏ ဘွားဘွားကြီး ဒေါ်အမသည် ၁၉–၁–၂၀၂၂ (အင်္ဂါနေ့) နံနက် ၁၀:၃၅ နာရီတွင် မန္တလေးမြို့၊ (၂၉)လမ်းနှင့် (၆၃) လမ်းထောင့်၊ အောင်တော်မူရပ် Cafe Blue နေအိမ်၌ (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၀–၁–၂၀၂၂ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

# အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ကျင်ဥ (ဟသ်ာတ)

**အသက် (၁၀၂) နှစ်**

ဦးအာယု(ဗဟိုအလုပ်အမှုဆောင်၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း)–ဒေါ်ခင်မြသွင်တို့၏ ချစ်လှစွာသော ကျေးဇူးရှင်မိခင်ကြီးသည် ၁၉–၁–၂၀၂၂ (အင်္ဂါနေ့) နံနက် ၇:၄၆ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကောင်းသန့်မိသားစုပွဲရုံ(ဘုရင့်နောင်)**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ကျင်ဥ (ဟသ်ာတ)

**အသက် (၁၀၂) နှစ်**

ဦးအာယု (ဗဟိုအလုပ်အမှုဆောင်၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း)–ဒေါ်ခင်မြသွင်တို့၏ ချစ်လှစွာသောကျေးဇူးရှင်မိခင်ကြီးသည် ၁၉–၁–၂၀၂၂ (အင်္ဂါနေ့) နံနက် ၇:၄၆ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်အေးကြည်

**အသက် (၉၄) နှစ်**

စတသ(၁၃)မှ ဦးအောင်မြင့်ဆွေ၏မိခင် ဒေါ်အေးကြည် အသက် (၉၄) နှစ်သည် ၁၈–၁–၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**စတသ(၁၃) ရောင်းရင်းများ**

---

တော တောင်
ပျက်ပြုန်း
မြေဆီ
သုဉ်း၏

---

# အထူးကျေးဇူးတင်ရှိခြင်း

၁၁–၁–၂၀၂၂ (တနင်္လာနေ့)တွင် ကွယ်လွန်အနိစ္စရောက်ခဲ့သော ဒေါက်တာစံလွင်(ဗိုလ်မှူးကြီး–ငြိမ်း) အသက် (၈၂)နှစ်အား ရည်စူး၍ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများပေးပို့လှူဒါန်းပါသော လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ သတင်းစာ၊ တယ်လီဖုန်း၊ လူမှုကွန်ရက်စာမျက်နှာများတွင် ဝမ်းနည်းကြောင်း ထည့်သွင်းဖော်ပြပေးခဲ့သည့် လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ နာရေးကိစ္စအဝဝတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော ဆွေမျိုးများ၊ မိတ်ဆွေများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

---

**ရဟန်းအမကြီး ဒေါ်ခင်ခင်(ခ)ဒေါ်စိန်မြိုင်(တောင်ငူ)**

**အသက် (၈၇) နှစ်**

တောင်ငူမြို့နေ (ဦးစံညွှင်း–ဒေါ်ရွှေမေ)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးကြီးတင်–ဒေါ်သန်းမြင့်)တို့၏သမီးချွေးမ၊ (ဦးဝင်းထိန်)၊ (ဦးမောင်စိန်)၊ (ဒေါ်တင်တင်)တို့၏ညီမ၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းရပ်ကွက်၊ အပိုင်(၁)၊ မဥ္ဇူသကလမ်း၊ အမှတ်(၁၁)နေ (ဦးခင်မောင်ကျော်)၊ ဦးခင်အုန်းကျော်–ဒေါ်သန်းသန်းဆွေ၊ ဦးခင်မျိုးကျော်–ဒေါ်မာလာအောင်၊ ဦးဝင်းမြင့်–ဒေါ်ခင်စုစုကျော်၊ ဦးခင်သန်းကျော်–ဒေါ်နန်းနှင်းနှင်းကြည်၊ ဦးသီဟကျော်–ဒေါ်ခင်ငြိမ်းချမ်း၊ ဦးဝင်းထွေး–ဒေါ်ခင်နီလာကျော်၊ ဦးဇော်အောင်ခင်ကျော်(ခ)ဆရာဦးဖိုးဆန်း(မြို့နယ်ဓမ္မစကူးလ်–အမှတ်–၇ ဓမ္မစကူးလ်၊ အမှတ်–၁၇ ဓမ္မစကူးလ်၊ ပေါက်ကုန်းအပိုင်း–၁ ရာအိမ်မှူး၊ စ.ထ.ဟ–ခွဲ/၆)၊ ဦးအောင်ဆန်းဦး(ကကဌေ)–ဒေါ်ခင်ဥမ္မာကျော်(လ/ထ တစက၊ ဆရက ၊ ၁/၁၀၀၀)တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၆ ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွား၊ (ဗိုလ်ကြီးကျော်စိန်–လွတ်လပ်ရေးမော်ကွန်းဝင်)၏ချစ်လှစွာသောဇနီးသည် ၁၈–၁–၂၀၂၂ (တနင်္လာနေ့) နံနက် ၇:၂၆ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၄–၁–၂၀၂၂ (တနင်္ဂနွေနေ့) နံနက်တွင် မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းရပ်ကွက်၊ အပိုင်(၁)၊ မဥ္ဇူသကလမ်း၊ အမှတ်(၁၁) ဒေါ်ခင်ခင်၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း၊ မုဒ်ဦး ဒါယကာကြီး**

## ရဲမှူးတင်လှိုင် (ငြိမ်း)

**လ/၅၇၅၄၉၀၊ သူရ(၉) သတင်းတပ်ဖွဲ့**

**အသက် (၇၃) နှစ်**

နတ်တလင်းမြို့နယ်၊ ကုန်းသာကျေးရွာနေ (ဦးသန်းရွှေ–ဒေါ်ကြည်ဝင်း)တို့၏သား၊ (ဦးမောင်ရှိန်း)–ဒေါ်တင်ရီတို့၏ တူ/သား၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆) ရပ်ကွက်၊ အောင်ဇေယျအိမ်ရာ၊ တိုက်(၂၉)၊ အခန်း(၁၀၁) နေ ဒေါ်ခင်ဆွေသန်း၏ခင်ပွန်း၊ ကိုလူသစ်–မဇင်မာလှိုင်၊ ကိုစက်ဝင်း–မသော်သော်လှိုင်၊ မမေဇင်လှိုင်၊ ကိုကောင်းမြတ်လှိုင်၊ ကိုအောင်မြတ်ပိုင်–မဆွေဆွေမင်းတို့၏ ကျေးဇူးရှင်ဖခင်၊ မချိုကြည်နှစ်သစ်၊ မောင်မြတ်မင်းခန့်၊ မသုဝေလွင်ထက်၊ မသုဆွေဇင်တို့၏ချစ်လှစွာသောဘိုးဘိုးကြီးသည် ၁၇–၁–၂၀၂၂ ရက် ည ၈:၁၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၉–၁–၂၀၂၂(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာမြင့်အောင်

**ပါမောက္ခ၊ ဌာနမှူး (ငြိမ်း)၊ မြန်မာစာဌာန**
**တောင်ငူတက္ကသိုလ်**
**အချိန်ပြည့်အဖွဲ့ဝင်၊ မြန်မာစာအဖွဲ့**

**အသက် (၆၇) နှစ်**

ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန၊ မြန်မာစာအဖွဲ့အချိန်ပြည့်အဖွဲ့ဝင် ဆရာ ဒေါက်တာမြင့်အောင်သည် ၁၈–၁–၂၀၂၂ ရက် ည ၆:၄၅ နာရီတွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာစာအဖွဲ့ဝင်**
**ဆရာကြီး၊ ဆရာမကြီးများ**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်အေးအေးကြူ (ခ) မော်လီ

**B.Sc , M.Sc (Physics)**

**သရုပ်ပြ (ငြိမ်း)၊ ဗိုလ်တထောင်ကောလိပ်**

**အသက် (၆၂) နှစ်**

အထက(၃) မင်္ဂလာတောင်ညွန့်၊ ကျောင်းသူဟောင်း ဒေါ်အေးအေးကြူ(ခ)မော်လီသည် ၁၇–၁–၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၂၃–၁–၂၀၂၂ (စနေနေ့)တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးဖားအောက်တောရ ပါရမီသာသနာ့ရိပ်သာ၌ ရက်လည်ဆွမ်းဆက်ကပ်လှူဒါန်းပါမည်။] ပါရမီဖားအောက်တောရ Pageမှာ ၂၃–၁–၂၀၂၂ ရက် နံနက် ၁၀:၂၀ နာရီတွင် Live ထုတ်လွှင့်ပေးမည်ဖြစ်ပါ၍ မိတ်ဆွေသူငယ်ချင်းများ တရားနာသာဓုခေါ်ဆိုနိုင်ပါသည်။

**ငယ်သူငယ်ချင်းများ**
**Dr. ခင်ခင်ဝေ၊ Dr.ခင်ခင်ဝင်း၊ JOY၊ ခင်ညိုစိန်း၊**
**အေးအေးကြူ၊ မြမြရွှေ၊ နုနုတင်၊ ယုယုဇင်၊ ကြူကြူဇင်၊**
**သူဇာဦး၊ ရီမြင့်အေး၊ လီလီဟန်၊ ခင်ခင်ရွှေ၊ ကြည်ကြည်ထွေး**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

## ရဲအုပ်ဝင်းနိုင် (မိုးညိုမြို့)

**ကျိုင်းတုံခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ ကျိုင်းတုံမြို့**

**ဒုရဲအုပ်လောင်း သင်တန်းအမှတ်စဉ်(၁၄/၉၀)**

**အသက် (၅၈) နှစ်**

ကျိုင်းတုံမြို့မရဲစခန်းဝင်းနေ ဒေါ်ရီရီဌေး၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဗညားနိုင်၊ မောင်ရောနိုင်၊ မောင်သီဟဟံတို့၏ဖခင်ကြီး ရဲအုပ်ဝင်းနိုင်သည် ၁၅–၁–၂၀၂၂ ရက် နံနက် ၅ နာရီတွင် ကျိုင်းတုံပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ယာယီရဲမှူးကြီးယုနိုင်၊ ဒုရဲမှူးကြီးဘဝင်း၊**
**ဒုရဲမှူးကြီးအောင်ဇော်မိုး၊ ဒုရဲမှူးကြီးတင်ထွန်း၊ ဒုရဲမှူးကြီးလှသိန်း၊**
**ဒုရဲမှူးကြီးအောင်သန်း၊ဒုရဲမှူးကြီးဘင်နီဖိုင်း၊**
**ရဲမှူးသိန်းဆွေညွှန့်၊ ရဲမှူးသိန်းလှိုင်၊ ရဲမှူးမျိုးအောင်၊**
**ရဲမှူးစံသူ၊ ရဲမှူးလှမြင့်နှင့် ဒုရဲအုပ်လောင်းသင်တန်း(၁၄/၉၀)မှ**
**သူငယ်ချင်းများနှင့်မိသားစုများ**

---

**ဗိုလ်မှူးစိုးတင့်(နတလ–ငြိမ်း)**

**ကြည်း–၁၁၈၇၉ ၊ OTS အပတ်စဉ်(၄၁)**

**အသက် (၇၆) နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းတောင်ရပ်ကွက်၊ အမှတ် (၂၅)၊ ခြောက်လွှာ(A)၊ ဆီဆုံလမ်းနေ (ဦးစိုးရှိန်–ဒေါ်သောင်း)တို့၏ သားကြီး၊ ပဲခူးမြို့နေ (ဦးစိုးလှိုင်–ဒေါ်မြကြည်)တို့၏သားသမက်၊ (ဒေါ်သန်းသန်းတင့်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးတင်ဝင်း၊ ဦးအောင်တင့်–(ဒေါ်ယုခင်)၊ ဒေါ်ခင်ရှိန်၊ ဦးမောင်ဇော်–ဒေါ်တင်တင်ဝင်းတို့၏ အစ်ကိုကြီး၊ ဦးသန်းစိုးဦး–ဒေါ်ဆွေဆွေလတ်၊ ဦးသန်းစိုးထူး–ဒေါ်လုခေါင်၊ ဦးသန်းစိုးမြတ်–ဒေါ်သီတာအောင်၊ ဦးဇေယျာစိုး–ဒေါ်အားနန်တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မြေးကိုးယောက်တို့၏အဘိုးသည် ၁၉–၁–၂၀၂၂ (အင်္ဂါနေ့) နံနက် ၁:၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (သဂြိုဟ်မည့်ရက်ကို ထပ်မံကြေငြာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးကိုကိုလေး

**B.Sc (Botany)**

**အသက် (၆၄) နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ အင်းဝလမ်း၊ အမှတ်(၃၀)၊ 4(A) နေ (ဦးသိန်းမောင်–ဒေါ်ကျင်မြိုင်)တို့၏သား၊ ဦးခင်မောင်မိုး (လက်ထောက်အထွေထွေမန်နေဂျာ–ငြိမ်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးဘဏ်)–ဒေါ်ချိုချို(စာရင်းစစ်–ငြိမ်း)၊ ဦးသန်းအေး–ဒေါ်ညိုညို(MPPE–ငြိမ်း)၊ ဒေါ်ဝင်းဝင်းတို့၏မောင်၊ ကိုဉာဏ်သစ်ထင်–မခိုင်ဇင်မွန်၊ မအိမွန်ခိုင်၊ မောင်ဇာနည်လှိုင်–မတင်မိုးဦးတို့၏ ဦးလေး၊ မယွန်းမိုးဖြူ၊ မအမရာထင်တို့၏ ဘိုးလေးသည် ၁၇–၁–၂၀၂၂ ရက် ည ၉:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈–၁–၂၀၂၂ ရက်တွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃–၁–၂၀၂၂ ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

# အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ကျင်ဥ (ဟသ်ာတ)

**အသက် (၁၀၂) နှစ်**

Ayeyar Hinthar Holdings Co.,Ltd ၏ဒုတိယဥက္ကဋ္ဌ ဦးအာယု–ဒေါ်ခင်မြသွင်တို့၏မိခင်ကြီး ဒေါ်ကျင်ဥသည် ၁၉–၁–၂၀၂၂ (အင်္ဂါနေ့) နံနက် ၇:၄၆ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးကြေကွဲဝမ်းနည်းရပါသည်။

**ဥက္ကဋ္ဌနှင့် BODအဖွဲ့ဝင်များ**
**Ayeyar Hinthar Holdings Co.,Ltd**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ကျင်ဥ (ဟသ်ာတ)

**အသက် (၁၀၂) နှစ်**

Ayeyarwaddy Development Public Co.,Ltd ၏ ဒုတိယဥက္ကဋ္ဌ ဦးနေနေလွှမ်းမိုး–ဒေါ်သင်းသင်းမြတ်တို့၏ အဘွားဖြစ်သူ ဒေါ်ကျင်ဥသည် ၁၉–၁–၂၀၂၂ (အင်္ဂါနေ့) နံနက် ၇:၄၆ နာရီတွင်ကွယ်လွန်သွားကြောင်းကြားသိရပါ သဖြင့် မိသားစုနှင့်ထပ်တူ အထူးကြေကွဲဝမ်းနည်းရပါသည်။

**ဥက္ကဋ္ဌနှင့် BODအဖွဲ့ဝင်များ**
**Ayeyarwaddy Development Public Co.,Ltd**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ကျင်ဥ (ဟသ်ာတ)

**အသက် (၁၀၂) နှစ်**

Ayeyarwaddy Farmers Development Bank (A Bank)၏ ဒုတိယဥက္ကဋ္ဌ ဦးအာယု–ဒေါ်ခင်မြသွင်တို့၏ မိခင်ကြီး ဒေါ်ကျင်ဥသည် ၁၉–၁–၂၀၂၂ (အင်္ဂါနေ့) နံနက် ၇:၄၆ နာရီတွင်ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးကြေကွဲဝမ်းနည်းရပါသည်။

**ဥက္ကဋ္ဌနှင့် BODအဖွဲ့ဝင်များ**
**Ayeyarwaddy Farmers Development Bank(A Bank)**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာမြင့်အောင်
**မြန်မာစာအဖွဲ့ အချိန်ပြည့်အဖွဲ့ဝင်**
**အသက် (၆၇) နှစ်**

ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန၊ မြန်မာစာအဖွဲ့ အချိန်ပြည့်အဖွဲ့ဝင် ဆရာကြီး ဒေါက်တာမြင့်အောင်သည် ၁၈-၁-၂၀၂၁ (တနင်္လာနေ့) ည ၆:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာဇော်မြင့်၊ အမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန ဝန်ထမ်းမိသားစု**

## ဦးစအိုင်ပီ
**ခတ်ပုံကျွမ်းကျင်-၂၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ငြိမ်း)**
**ဝါးခယ်မမြို့နယ် ရာသက်ပန်အသင်းဝင်**
**အသက် (၆၈) နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ သာဂရမြို့၊ ကန်သာယာရပ်ကွက်နေ ဒေါ်မေရီမြ၏ ချစ်လှစွာသောခင်ပွန်း၊ [ဦးကျော်ရှိန်(အုပ်ဂျာ၊ လယ်စိုက်ရှင်း၊ ဝါးခယ်မမြို့)]၏ ညီ၊ ဦးခင်မောင်ဖြူ(ဖြူးချောင်းရေအားလျှပ်စစ်)-ဒေါ်ချောအိအိနိုင်(တောင်ငူဗဟိုစာရင်းအင်း)တို့၏ မွေးသဖခင်၊ မောင်အံ့ထူးခန့်၊ မောင်အုပ်စိုးခန့်တို့၏အဘိုး ဝါးခယ်မမြို့နယ် ရာသက်ပန်အသင်းဝင် ဦးစအိုင်ပီသည် ၁၆-၁-၂၀၂၁ (စနေနေ့)တွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် မြို့နယ်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁-၂၀၂၁ (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ရဲ-၄၆၀၁ ဒုတိယရဲမှူးစိုးနိုင် (၅၅)နှစ်
**အမှတ်(၃) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ (ရွှေမြယာ)**
**ဒုရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၃၀/၉၇)**

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ သာဂရမြို့၊ ငါးခုံမချောင်းရပ်ကွက်နေ (ဦးကျော်မြ-ဒေါ်မြစိန်)တို့၏ဒုတိယမြောက်သား၊ (ဦးညီပု-ဒေါ်ဖွားသီ)တို့၏သားသမက်၊ ဒေါ်နွဲ့၏မောင်၊ ဒေါ်ဝင်းဝင်းခိုင်၊ ဦးဇော်နိုင်ဦး-ဒေါ်ဆွေဆွေ၊ ဦးမင်းမင်းနိုင်-ဒေါ်သက်မာဦးတို့၏အစ်ကို၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မရမ်းကုန်းရဲစခန်းဝင်း၊ လိုင်း(၁)၊ အခန်း(၄)နေ ဒေါ်ခင်မမ၏ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်သူရ-မသွယ်ဇင်ထွန်း၊ မောင်ဇေယျာမိုး၊ မောင်ငြိမ်းချမ်းသူ-မဆုလှဲ့ဝင်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်မင်းခန့်ကျော်၊ မောင်လရောင်ထွန်းတို့၏ကျေးဇူးရှင်အဘိုးသည် ၁၈-၁-၂၀၂၁ ရက် မွန်းလွဲ ၁၂:၀၅ နာရီတွင် (၉၆)ပါးရောဂါဖြင့် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၂၁ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်ခန်းမ(၁-က)သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးအောင်မိုး
**B.A (History)**
**BOSUN (C.D.C-19006)**
**SR Shipping**
**အသက် (၅၅) နှစ်**

ရန်ကုန်မြို့၊ တာမွေကြီး (က+ဂ)ရပ်ကွက်၊ အမှတ်(၇၉)၊ (၁၅၅) လမ်းနေ ဦးထွန်းခိုင်-ဒေါ်ကျင်မြတို့၏ သားကြီး၊ ဦးသန်းအောင် (လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ ကျောက်မျက်)-ဒေါ်နွဲ့ရီတို့၏ သားသမက်၊ ဒေါ်ရီရီအောင်(ပူစူး)၏ခင်ပွန်း၊ မခိုင်ဆုသာ(မြို့ပြ အင်/ယာ၊ စတုတ္ထနှစ်)၊ မောင်အောင်ခန့်ပိုင်(TTC, 2019-2020 Grade-11 Passed-ကောင်းထက်ကျော်)တို့၏ ဖခင်၊ ဒေါ်ခိုင်ခိုင်အောင်၊ ဒေါ်မိုးမိုးအောင်၊ ဦးအောင်ဇာမိုး၊ ဦးသန်းကျော်စိုး-ဒေါ်မိမိအောင်၊ ဦးအောင်ဝေဖြိုး-ဒေါ်သူဇာတို့၏ခဲအို ဦးအောင်မိုးသည် ၁၇-၁-၂၀၂၁(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၂၁ (တနင်္လာနေ့)တွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေအပေါင်းတို့အား အသိပေးကြေညာအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအောင်နိုင်
**အသက် (၅၄) နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းစက်မြေရပ်ကွက်၊ ထီးတန်း(၅)လမ်း၊ အမှတ်(၂၂)နေ (ဦးတင်ငွေ)-ဒေါ်လှဝင်းတို့၏သား၊ ဦးကျော်မြင့်၊ ဦးဝဏ္ဏသာရ၊ ဦးကျော်ဝင်း၊ ဦးစိုးတင့်-ဒေါ်ခင်တင့်ဆွေတို့၏ညီ၊ ဦးသိန်းဇော်၏အစ်ကို၊ မောင်အောင်ကျော်မြင့်၊ မမိုးသူဟန်တို့၏ဦးလေးသည် ၁၆-၁-၂၀၂၁ (စနေနေ့) ညနေ ၄:၂၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၂၁ (တနင်္လာနေ့) မွန်းလွဲပိုင်းတွင် လှိုင်သာယာမြို့နယ်၊ ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးကျော်နိုင်သူ (ခ) လာဇရု (တေးရေး/တေးဆို)
**အသက် (၅၁) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ နတ်စင်ကုန်းစံပြကျေးရွာနေ(ဦးဝင်းကြည်)-ဒေါ်လှချစ်တို့၏ သားကြီး၊ ဒေါ်စန္ဒာ၏ ချစ်လှစွာသောခင်ပွန်း၊ ဖူးပန်းချီသင်း၏ ဖခင်၊ ဦးခင်မောင်ဝင်း-ဒေါ်ခင်မိုးမိုး၊ ဦးတေဇာဝင်းတို့၏အစ်ကို ဦးကျော်နိုင်သူ(ခ)လာဇရုသည် ၁၉-၁-၂၀၂၁ ရက် နံနက် ၄:၅၀ နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၂၁ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (အမှတ်-၁၁၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဟင်္သာတအသင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ကျင်ဥ (ဟင်္သာတ)
**အသက် (၁၀၂) နှစ်**

ဟင်္သာတမြို့နေ (ဦးတာဝါး-ဒေါ်သီလ)တို့၏ သမီး၊ ဟင်္သာတအသင်း၏ သံဃဒါနထာဝရအလှူရှင် ရန်ကုန်မြို့နေ ဦးအာယု-ဒေါ်ခင်မြသွင်တို့၏ကျေးဇူးရှင်မိခင်ကြီး ဒေါ်ကျင်ဥသည် ၁၉-၁-၂၀၂၁ ရက် နံနက် ၇:၄၅ နာရီတွင် ဟင်္သာတမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၂၁ ရက်တွင် တရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ၊ အသင်းသားများအား အကြောင်းကြားသိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**
## ဒေါ်အေးကြည် (အင်းကောက်ရွာ)
**အသက် (၉၄) နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်(၁)လမ်းနေ (ဦးတင်ရွှေ)၏ ဇနီး၊ ဒုဗိုလ်မှူးကြီးအောင်မြင့်ဆွေ(ငြိမ်း)-ဒေါ်ခင်စိုးဝေ၊ ဒေါ်မိမိဆွေ(ငြိမ်း)၊ ဒေါ်အေမိဆွေ၊ (ဦးနေမျိုးဆွေ)၊ ဗိုလ်ကြီးလှမိုးဆွေ(ငြိမ်း)-ဒေါ်တင်မြတ်မော်၊ ဦးကြည်ထူး-ဒေါ်သီဂီ(ယင်းမာပုံနှိပ်တိုက်)၊ [ဦးလှိုင်မိုး (ဒုညွှန်ချုပ်-MRTV)]-ဒေါ်ခင်သီတာဆွေ၊ ဦးသန်းစိန်-ဒေါ်နီလာဆွေ၊ (ဦးသူရလွင်)-ဒေါ်ကလျာအောင်၊ ဒေါ်အဉ္စာမိုးတို့၏မိခင်၊ မြေး ၁၅ ယောက်၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၈-၁-၂၀၂၁ ရက် နံနက် ၆:၄၀ နာရီတွင် ကွယ်လွန်သွားပြီဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်တင်ရီ
**အသက် (၇၈) နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ သရဖီလမ်း၊ အမှတ်(၁၈)နေ (ဦးညွန့်တင်)၏ဇနီး၊ ဦးသန်းဆွေ(ဂျပန်)၊ ဦးပြည့်ဖြိုးပိုင်-ဒေါ်ဝင်းမင်းအေး၊ ဦးစိန်ဝင်း-ဒေါ်သီတာနိုင်(အမေရိကန်)တို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၁၈-၁-၂၀၂၁ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁-၂၀၂၁ (အင်္ဂါနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးဝင်းလှိုင်
**အသက် (၇၅) နှစ်**

ရန်ကုန်မြို့နေ (ဦးမောင်သောင်း-ဒေါ်ခင်ကြည်)၊ (ဦးအုန်းလှိုင်-ဒေါ်အုန်းကြည်)တို့၏ သားကြီး၊(ဦးဘကြည်-ဒေါ်ခင်မြ)တို့၏ သားသမက်၊ တောင်ဒဂုံမြို့သစ်မြို့နယ်၊ (၆၅)ရပ်ကွက်၊ Tosta အိမ်ရာ၊ တိုက်အမှတ်(B-4)၊ အခန်း(001)နေ ဒေါ်သန်းသန်း(ခ) ဒေါ်မြင့်မြင့်ကြည်၏ချစ်လှစွာသောခင်ပွန်း၊ (ဦးလှသန်း)-ဒေါ်တင်တင်မြင့်၊ (ဦးသိန်းထွန်း)-ဒေါ်စန်းစန်းရီ၊ ဦးမြကြည်-ဒေါ်တင်တင်ရွှေ(မကွေး)၊ ဦးအေးကြည်-ဒေါ်စန်းစန်းချို၊ ဗိုလ်မှူးချုပ်ညွန့်တင်(ငြိမ်း)-ဒေါ်တင်တင်ကြည်(ဥက္ကဋ္ဌ၊ ခင်နန္ဒာဗုဒ္ဓဂါယာဘုရားဖူးအဖွဲ့)၊ ဒေါ်မြင့်မြင့်ကြည်၊ ဦးစိုးသိန်း-ဒေါ်ခင်နုရီ၊ (ဦးတင်ထွေး)-ဒေါ်ကြူကြူဆွေတို့၏ ချစ်လှစွာသောအစ်ကိုကြီး၊ တူ/တူမ ၁၇ ယောက်တို့၏ ချစ်လှစွာသောဘကြီး ဦးဝင်းလှိုင်သည် ၁၈-၁-၂၀၂၁ (တနင်္လာနေ့) ညနေ ၄:၂၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၂၁ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမောင်နှမတစ်စု

## ဦးငွေးလင်း
**ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)၊ အကျဉ်းဦးစီးဌာန**
**အသက် (၆၇) နှစ်**

ရန်ကုန်မြို့နေ (ဦးသောင်းဆွေ-ဒေါ်ရီ)တို့၏သား၊ (ဦးစိန်-ဒေါ်တင်လှ)တို့၏သားသမက်၊ ဒေါ်ခင်ငွေးမြင့်(အလပြ-ငြိမ်း)၏ချစ်လှစွာသော ခင်ပွန်း၊ ဦးပြည့်ဖြိုးလင်း-ဒေါ်လင်းလင်းထိုက်၊ ဦးစည်သူလင်း-ဒေါက်တာကေသွယ်ခိုင်(ဒုညွှန်မှူး၊DRI)၊ ဦးချစ်ဇော်လင်း(လ/ထညွှန်မှူး၊ MOEA)တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မမေသော်တာလင်း၏အဘိုးသည် ၁၉-၁-၂၀၂၁ (အင်္ဂါနေ့) မွန်းလွဲ ၂:၃၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဒေါ်ခင်ညွန့်ယဉ်
**အသက်(၈၄)နှစ်**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့မှူး ရဲမှူးချုပ် တင်အောင်ဝင်းနှင့်ဇနီး ဒေါ်ကြည်ကြည်မြင့်တို့၏ ချစ်လှစွာသော မိခင်ဒေါ်ခင်ညွန့်ယဉ်သည် ၁၇-၁-၂၀၂၁ ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်မေဆန်းမြင့်(ခ)မာမာကြီး
**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၂၁)၊ ပထမထပ်၊ မင်္ဂလာလမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေ (ဦးအုန်းမြင့်-ဒေါ်အေးတင်)တို့၏သမီးကြီး၊ (ဦးဝင်းဖေ-ဒေါ်ခင်ခင်ဝင်း)တို့၏သမီးချွေးမ၊ ဦးအောင်ခင်ဝင်း(Sonny)၏ ချစ်လှစွာသောဇနီး၊ ဦးအောင်ခိုင်ဝင်း-ဒေါ်ဝင်းမင်းဦး၊ ဦးစိုးမိုးအောင်-ဒေါ်ကေသွယ်ဖြူ၊ ဦးသူရအောင်-ဒေါ်ဆွေတူးမားတို့၏ ချစ်လှစွာသောကျေးဇူးရှင်မွေးသမိခင်ကြီး၊ မောင်သော်ညီ၊ မောင်အောင်ခန့်မင်း၊ မောင်မြတ်ဖုန်းထက်၊ မောင်လရောင်လင်း၊ မောင်ဂင်္ဂါတို့၏ ချစ်လှစွာသောဘွားဘွားကြီး ဒေါ်မေဆန်းမြင့်(ခ)မာမာကြီးသည် ၁၉-၁-၂၀၂၁(အင်္ဂါနေ့)ညနေ ၆:၅၄ နာရီတွင် ဘဝတစ်ပါးသို့ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၂၁(ဗုဒ္ဓဟူးနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ကျင်ဥ (ဟင်္သာတ)
**အသက် (၁၀၂) နှစ်**

ဟင်္သာတမြို့၊ ဘုရားကြီးရပ်ကွက်၊ ဦးဝိစာရလမ်းနေ (ဦးဘွန်ချိန်)၏ဇနီး၊ ဦးသိန်းထွန်းချိန်-ဒေါ်စန်းစန်းငွေး၊ ဦးငွေးလွင်-ဒေါ်ကြင်နွဲ့၊ ဦးအာယု-ဒေါ်ခင်မြသွင်၊ ဦးအောင်ခိုင်-ဒေါ်သင်းသင်းကြူတို့၏မိခင်၊ ဦးဖြိုးမောက်-ဒေါ်ဝေမာထွန်း၊ ဦးနေနေလွှမ်းမိုး-ဒေါ်သင်းသင်းမြတ်၊ ဦးအောင်ဇင်ထွန်း-ဒေါ်သွယ်သွယ်ဦး၊ ကိုလွင်ထူးကိုတို့၏အဘွား၊ မနှင်းဦးဝေ၊ မောင်မင်းနေသာတို့၏ဘွားဘွားကြီးသည် ၁၉-၁-၂၀၂၁ (အင်္ဂါနေ့) နံနက် ၇:၄၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၂၁ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ဟင်္သာတမြို့၊ ကြက်သွန်ရိုးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်မာမာ
## မိုးကုတ်ယောဂီ
## အဖွဲ့ချုပ်/အဆောင်(၁)
## အသက် (၇၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ မဂ္ဂင်လမ်း၊ အမှတ်(၃၄)နေ ဦးအောင်မြင့်၏ဇနီး၊ ဒေါ်ရည်ရည်မွန်-(ဦးတင်ထွန်းညို)၊ ဒေါ်ဝင့်ဝင့်သီ-ဦးကျော်စိုးလင်း၊ ဦးတည်ကြည်-ဒေါ်သီတာထွန်းတို့၏မိခင်၊ မအိကြည်ဖြူ၊ မဝင့်ဝတီလင်းတို့၏ အဘွားသည် ၁၈-၁-၂၀၂၁ ရက် မွန်းလွဲ ၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

မိသားစုဝင်များ

## အာနိသ

**တောင်တွင်းကြီးမြို့နယ်အသင်း (ရန်ကုန်)**
## ဒေါ်တင်တင်
**(သက်ကြီးကန်တော့ခံ)**
**အသက် (၉၁) နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉) ရပ်ကွက်၊ ဇာနည်(၁၃)လမ်း၊ တိုက်(၆၂၄)၊ လေးလွှာနေ ဒေါ်တင်တင် အသက် (၉၁) နှစ်သည် ၇-၁-၂၀၂၁ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ အမှုဆောင်အဖွဲ့

**ဘုရား၊ စေတီ ဒါယကာကြီး**
## ဦးမောင်လှ (ခ) ပေါက်စ
**အသက် (၆၇) နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၄) ရပ်ကွက်၊ (၁၉) လမ်း၊ အမှတ်(၁၂၆)၊ ပထမထပ်နေ (ဦးအင်ယက်ရှင်-ဒေါ်ကျင်ဝိုင်း)တို့၏သား၊ ဗိုလ်တထောင်မြို့နယ်၊ (၄၂)လမ်းနေ (ဦးကင်ဝိုင်း)၊ ဒေါ်လှရီ (ခ) တန်ရှူဘီတို့၏ညီ၊ ဒေါ်ဝင်းဝင်းမော်(ခ) လေလေ၏ချစ်လှစွာသောခင်ပွန်း၊ ဦးခင်မောင်လတ်(ခ) ဦးတိုး-ဒေါ်လှကြည် (ခ) ဒေါ်ချူမေ၊ ဒေါ်မြင့်ကြည်တို့၏အစ်ကို၊ တူနှစ်ယောက်တို့၏ ဦးလေးသည် ၁၈-၁-၂၀၂၁ (တနင်္လာနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၂၁ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရင်ခွဲတိုက်(ရေခဲတိုက်)မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးမြင့်ဆွေ ၂၀၂၁ ခုနှစ် (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၁၉

၂၀၂၁ ခုနှစ်၊ (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၂၁ ခုနှစ်၊ (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်စိုးတင့်နိုင်၊ ဦးမောင်မောင်ဝင်းနှင့် ဦးဝင်းမော်ထွန်း၊ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးမင်းနောင်နှင့် ဦးအောင်မြင်ထွန်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်စိုးဦး၊ စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖



ဒုတိယသမ္မတ ဦးမြင့်ဆွေ ၂၀၂၁ ခုနှစ်၊ (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## အင်္ဂပူမြို့နယ် နန်ကသူရေလှောင်တမံမှ နွေစပါး ၅၇၄၅ ဧကအား စိုက်ပျိုးရေပေးဝေလျက်ရှိ

အင်္ဂပူ ဇန်နဝါရီ ၁၉

**ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်အတွင်းရှိ နန်ကသူရေလှောင်တမံမှ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၄ အုပ်စုမှ နွေစပါး ၅၇၄၅ ဧကအား စိုက်ပျိုးရေ လုံလောက်စွာ ပေးဝေလျက်ရှိကြောင်း သိရသည်။**



ယခုနှစ်တွင် နန်ကသူရေလှောင်တမံ ရေလှောင်ပမာဏ ဧကပေ ၄၀၀၀၀ သိုလှောင်ထားရှိပြီး အင်္ဂပူမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၄ အုပ်စုတို့မှ နွေစပါး ၅၇၄၅ ဧကအား စိုက်ပျိုးရေကို တူးမြောင်းမကြီး အပါအဝင်လက်ဝဲမြောင်းခွဲ၊ လက်ယာမြောင်းခွဲနှင့် လက်တံမြောင်းတို့ဖြင့် လုံလောက်စွာ ပေးဝေလျက်ရှိသည်။ တူးမြောင်းမကြီး အပါအဝင် လက်ဝဲမြောင်းခွဲ၊ လက်ယာမြောင်းခွဲနှင့် လက်တံမြောင်းတို့အား ရေစီးရေလာကောင်းမွန်ရေးတို့ကို ဆောင်ရွက်ထားရှိပြီး နွေစပါးစိုက်တောင်သူများအား ဇန်နဝါရီ ၁ ရက်မှစ၍ စိုက်ပျိုးရေများ ပေးဝေလျက်ရှိသည်။

ရေအသုံးချသူများအဖွဲ့ ၂၂ ဖွဲ့ကို နွေစပါးစိုက်တောင်သူ ၁၉၄၂ ဦးဖြင့် ဖွဲ့စည်းထားရှိကြောင်း အင်္ဂပူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိဦးသိန်းလင်းကျော်ထံမှ သိရသည်။

မန်းကျော်(ပြန်/ဆက်)


ကြေးမုံ ယနေ့ ဖတ်စရာ

ဘိုင်ဒင် အစိုးရသစ် ရင်ဆိုင်ရမယ့် စိန်ခေါ်မှုများနှင့် ကမ္ဘာ့နိုင်ငံရေး အခင်းအကျင်း

စာမျက်နှာ » ၁၁

ဇန်နဝါရီ ၁၉ ရက် ည ၈ နာရီ ထုတ်ပြန်ချက် အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၄၄၈ ဦး တွေ့ရှိ

စာမျက်နှာ » ၁၅


## မြန်မာနေရှင်နယ်လိဂ်က ကျင်းပမည့် ပြိုင်ပွဲငါးခုကို ဧပြီလမှ အောက်တိုဘာလအတွင်း ပြုလုပ်ရန် စီစဉ်ထား



၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီအသင်း ယှဉ်ပြိုင်စဉ်။

**ရန်ကုန် ဇန်နဝါရီ ၁၉**

မြန်မာနေရှင်နယ်လိဂ်သည် ၂၀၂၁ ဘောလုံးရာသီတွင် ပြိုင်ပွဲငါးခုကျင်းပရန် စီစဉ်ထားပြီး ဧပြီလမှ အောက်တိုဘာလအတွင်း ပြုလုပ်သွားမည်ဖြစ်သည်။

**ယူ-၁၉ လိဂ်ပြိုင်ပွဲကို ကျင်းပမည်မဟုတ်**

မြန်မာနေရှင်နယ်လိဂ်သည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပုံမှန်ကျင်းပနေသည့်ပြိုင်ပွဲများအနက် ၂၀၂၁ ရာသီတွင် MNL အမှတ်ပေးပြိုင်ပွဲ၊ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ၊ MNL ယူ-၂၁ လိဂ်ပြိုင်ပွဲ၊ အမျိုးသမီးလိဂ်ပြိုင်ပွဲနှင့် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက်ပြိုင်ပွဲတို့ ကျင်းပမည်ဖြစ်ပြီး လူငယ်လိဂ်ပြိုင်ပွဲနှစ်ခုအနက် ယူ-၁၉ လိဂ်ပြိုင်ပွဲကို ကျင်းပမည်မဟုတ်ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်သည် MNL အမှတ်ပေးပြိုင်ပွဲကို ဧပြီလမှ စက်တင်ဘာလ၊ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲကို မေလမှ ဩဂုတ်လ၊ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက်ပြိုင်ပွဲကို ဇွန်လမှ စက်တင်ဘာလ၊ အမျိုးသမီးလိဂ်ပြိုင်ပွဲကို ဧပြီလမှ ဇူလိုင်လ၊ MNL ယူ-၂၁ လူငယ်လိဂ်ပြိုင်ပွဲကို မေလမှ နိုဝင်ဘာလအထိကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်သည် ယင်းပြိုင်ပွဲငါးခုကို ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျင်းပမည့်ကာလများသာ ထုတ်ပြန်ထားပြီး ကျင်းပမည့်ရက်များကို ထပ်မံထုတ်ပြန်မည်ဖြစ်သည်။

လာမည့်ရာသီ MNL အမှတ်ပေးပြိုင်ပွဲတွင် အသင်းပေါင်း ၁၀ သင်း၊ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲတွင် ရှစ်သင်း၊ အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ယူ-၂၁ လိဂ်ပြိုင်ပွဲတွင်မူ MNL နှင့် MNL-2 ကလပ်အသင်းများအားလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍

**ရောင်းမည်**

သဃ်န်းကျွန်း၊ SNOW GARDEN ထောင့်ကွက်၊ 3255 Sq' 2RC,4 MB,YIS, ILBC ကျောင်းအနီး။ ဖုန်း–၀၉–၇၉၇၉၃၂၆၅၄

အလှဆုံး၊ အလန်းဆုံး သဇင်ပန်း လိုချင်လျှင် ပါရမီသဇင်ခြံ ဖုန်း–၀၉–၆၆၄၀၀၂၂၄၂၊ ၀၉–၄၄၄၄၆၆၇၉၇ သို့ ဆက်ပါ။

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## အမှတ်(၂)သတ္တုတွင်းလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါသတ္တုများအား ဒေသအလိုက်၊ Lot အလိုက် အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချသွားမည်ဖြစ်သဖြင့် ဈေးနှုန်းအဆိုပြုလွှာများ ပေးသွင်းနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်–

| စဉ် | သတ္တုအမျိုးအစား | အလေးချိန်(မက်ထရစ်တန်) | (F.O.B) | တင်ဒါပိတ်မည့် နေ့ရက်/အချိန် |
|---|---|---|---|---|
| ၁ | ခဲမဖြူသတ္တုစင်(ERT) | ၅၀.၀၄၉ | သန်လျင် | ၁၈–၂–၂၀၂၁ (၁၂:၀၀)နာရီ |
| ၂ | ခဲမဖြူသတ္တုစင်(PRT) | ၅၀.၀၀၉ | | |
| ၃ | ခဲမဖြူသတ္တုသန့်စင် | ၅၀.၂၄၉ | ထားဝယ် | |
| ၄ | ခဲမဖြူသတ္တုသန့်စင် | ၅၆.၁၁၂ | မြိတ် | |
| ၅ | ခဲမဖြူအဖြိုက်နက်ရှီးလိုက်ရောရာ သတ္တု(≥ ၅၅%) | ၈၂.၄၆၇ | လှိုင်ကော် | |
| ၆ | ခဲမဖြူအဖြိုက်နက်ရှီးလိုက်ရောရာ သတ္တု(≥ ၅၅%) | ၇၂.၆၄၉ | လှိုင်ကော် | |
| ၇ | ခဲမဖြူအဖြိုက်နက်ရှီးလိုက်ရောရာ (အဆင့်နိမ့်)(ဖမ်းဆီး) | ၂.၈၈၉ | လှိုင်ကော် | |

၂။ အသေးစိတ်သိရှိလိုပါက အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၉)၊ နေပြည်တော်၊ ဖုန်း–၀၆၇–၃၄၀၉၃၉၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**အမှတ်(၂) သတ္တုတွင်းလုပ်ငန်း**

## ဂိုးလ်ဒင်း ဂျိုင်းရင့် ဒရက်ဂွန် ကုမ္ပဏီလီမိတက်
## Golden Giant Dragon Company Limited
## မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ–၃၄၈ အရ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းကြောင်းကြေညာခြင်း

၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၁၀)ရက်နေ့၊ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော အထွေထွေအစည်းအဝေးတွင် ချမှတ်သည့် အထူးဆုံးဖြတ်ချက်အရ Golden Giant Dragon Co.,Ltd ကို အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် (၂၀–၁–၂၀၂၁)ရက်မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ကြပါသည်။ ယင်းကဲ့သို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် လက်မှတ်ရပြည်သူ့စာရင်းကိုင် ဒေါ်မြနု[B.Com(Q),CPA)]အား၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဦးဝင်းကျော် (B.Com,D.A)အား လက်ထောက်စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၂)ရက်နေ့ နောက်ဆုံးထား၍ ဖော်ပြပါစာရင်းရှင်းလင်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာတင်ပြပြီး၊ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးဝင်းကျော်** | **ဒေါ်မြနု** |
| **(B.Com,D.A)** | **[B.Com(Q),CPA]** |
| **လက်ထောက်စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ** | **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ** |

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

[illegible]

**ဦးသန့်ဇင်** (LL-B)
Ph-09 253995848 , 09-798420119

**ဒေါ်ဟန်နွေနိုင်** (LL-B)
Ph-09-4200 73685

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ ထန်းတပင်မြို့နယ်၊ [illegible]

လွှဲအပ်ညွှန်ကြားချက်အရ –
**ဒေါ်ယဉ်ယဉ်ကြည် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၉ ရပ်ကွက်၊ [illegible]

လွှဲအပ်ညွှန်ကြားချက်အရ –
**ဒေါ်စောနိုင်မြင့်(LL.B)၊ တရားလွှတ်တော်ရှေ့နေ**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

[illegible]

**ဦးသန့်ဇင်** (LL-B)
Ph-09 253995848 , 09-798420119

**ဒေါ်ဟန်နွေနိုင်** (LL-B)
Ph-09-4200 73685




အာဟာရဓာတ်ဖြည့်ပေးရန်

သွေးတွင်းသကြားဓာတ်နှင့် သွေးပေါင်ချိန်ကို ထိန်းညှိပေးရန်

ဒန့်သလွန်ရွက်ဆေး **FAME**

ရန်ကုန်မြို့တွင်း အိမ်အရောက် ပို့ပေးနေပါပြီ။

09-75 272 1908, 09 75 273 1908
09-95 426 1908, 09 95 427 1908

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် – TMR 014051 (0421)

**သီဟလင်း**

အိမ်မြှောင်း/အိမ်ရှေ့လှုပ်ငန်း (10',14',16',18',22')တား များဖြင့်လုပ်သားအပြီးအစီး မြို့တွင်း/နယ်အား ဝန်ဆောင်မှုပေးသည်။

01-7570307
09-5112729
09-73009734
09-73242979

**မီးဘေးရှောင်**
**မလောင်ခင်တား**

[illegible]

| စဉ် | ပျောက်ဆုံးသူ အမည် | ပျောက်ဆုံးသူ မှတ်ပုံတင် | ပျောက်ဆုံးသည့် မြို့နယ် | ရပ်ကွက် | မြေကွက် | မြေအမည်ပေါက် | လိပ်စာ | ပျောက်ဆုံးသည့် အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

[illegible]

